www.burmeseclassic.com

ဝိုး း ဗိုး း ၀၁ ၆ ပ

## ပုညခင်

# သတို့သမီးရဲ့ ဒဏ္ဍာရီ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၅၀၁၂၇၁၀၈၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၅၀၁၁၉၄၀၉၀၈ |
| အဖုံးဒီဇိုင်း | - ကိုဆန်း |
| ထုတ်ဝေသူ | - ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁) အမှတ် ၁၃၊ ၁၁၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - ဦးမြင့်သန်း (မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းပလင် | - အောင်မင်းလွင် |
| စာအုပ်ချုပ် | - ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ။ ပထမအကြိမ်။ |
| အုပ်ရေ | - ၅၀၀ |
| တန်ဖိုး | - ၁၅၀ ကျပ် |




(၇၅) အုပ်မြောက်စိန်ရတုအမှတ်တရ

## ပုညခင်၏ ရေးသားထုတ်ဝေပြီးသော စာအုပ်များ


၁။ ရင်ခုန်ရဲတိုက် (ဗီဒီယို)
၂။ ပန်းအဆိပ်
၃။ မာနပြတိုက်
၄။ ချစ်သူများရဲ့ည (ဗီဒီယို)
၅။ ဆန့်ကျင်ဘက် မြားနှစ်စင်း၏ ချစ်ခြင်းဆုံမှတ် (ဗီဒီယို)
၆။ သမုဒ္ဒရာနှင့်တူသော အချစ်များအကြောင်း (ဗီဒီယို)
၇။ ညို့ချက်ပြင်းသော ချစ်ခြင်း၏ခြေရင်း၌ (ဗီဒီယို)
၈။ ကောင်းကင်အနမ်း (ဗီဒီယို)
၉။ အဆိပ်ခကောင်းကင်
၁၀။ နှင်းဆီဖြူပုံပြင် (ဗီဒီယို)
၁၁။ ပုံပြင်ထဲက အချစ်အကြောင်း (ဗီဒီယို)
၁၂။ ချစ်ခြင်းရဲ့ လှည့်ကွက် (ဗီဒီယို)
၁၃။ အစိမ်းချုပ် (ဒီဗီဒီ)
၁၄။ လှိုဏ်ဂူရင်ခုန်သံ (ရုပ်ရှင်)
၁၅။ အချစ်ကိုပေးခဲ့သည်
၁၆။ ပင်လယ်ကဗျာ


BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com




၁၇။ တံတိုင်းကြီးခြား

၁၈။ ကာရန်အလွဲ (ရုပ်ရှင်)

၁၉။ အချစ်ရဲ့တန်ခိုးများ

၂၀။ မာယာအပြင်းစား

၂၁။ လုတ့်တေး (ဗီဒီယို)

၂၂။ တိမ်တစ်စနှင့် နွယ်တစ်မျှင် (ဗီဒီယို)

၂၃။ လျှပ်ရောင်အလင်း ချစ်ခြင်းမီးအိမ်

၂၄။ ပျားရည်မြစ်ထဲမှာ

၂၅။ အနီရောင်မိုးတိမ် (ဗီဒီယို)

၂၆။ ချစ်ခြင်းကို ဖွင့်ဆိုကြသူများ

၂၇။ ချစ်သူရှိတဲ့ မိန်းမ (ဗီဒီယို)

၂၈။ ချစ်ခြင်းတရား၏ အလိုတော်အတိုင်း

၂၉။ အချစ်သစ်ရှာဖွေခြင်း (ဗီဒီယို)

၃၀။ အချစ်နှင့် ကကြိုး (ဗီဒီယို)

၃၁။ လှိုင်းဂွက်တိတ်ဆိတ်သော ...

၃၂။ ကြယ်တစ်ပွင့်နဲ့ စံပယ်ဖြူ

၃၃။ ဒေဝင်ရဲ့သစ်သီး (ဗီဒီယို)

၃၄။ နင်းဒဏ္ဍာရီ

၃၅။ အိပ်မက်ကို ထုဆစ်သူများ (ဗီဒီယို)

၃၆။ ဗီးနပ်(စ်)ကြယ်နှင့် လုလင်ပျို (ဗီဒီယို)

၃၇။ အမည်ခံချစ်သူ





၃၈။ ချစ်သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင်

၃၉။ ငြိတွယ် (ဗီဒီယို)

၄၀။ သစ္စာကြိုး

၄၁။ အချစ်ကိုစိတ်ထဲမှတ် လက်ဆယ်ချောင်းထောင် (ဗီဒီယို)

၄၂။ အချစ်သက်သက်အချစ်

၄၃။ ကဗျာမမီ (ဗီဒီယို)

၄၄။ နစ်ပင်လိမ် (ဗီဒီယို)

၄၅။ ကွဲအက်သွားသော မှန်ချပ်များ

**အချစ်စစ်မရသူများ (ဝတ္ထုတိုစုစည်းမှု)**

၄၆။ ပုံပြောသူများ

၄၇။ ညခင်းရဲ့လမင်း (ဗီဒီယို)

၄၈။ အချစ်ကပေးတဲ့ တစ်စုံတစ်ရာ

၄၉။ အချစ်သည် ထိုကဲ့သို့လည်း...

၅၀။ မိန်းမတစ်ယောက်ရဲ့ အတ္ထုပ္ပတ္တိ

၅၁။ မင်္ဂလာစစ်စစ်

၅၂။ ကျွန်တော်နှင့် အချစ်၊ အနစ်၊ အသစ်

၅၃။ နစ်ကိုယ်တူ (ဗီဒီယို)

၅၄။ စွန့်စားကြသူများ

၅၅။ တစ်နေ့မှာ အချစ်ကိုတွေ့ရင်

၅၆။ ကျွန်မရဲ့ပခုံးပေါ်မှာ လိပ်ပြာလေးတွေနားဖူးတယ် (ဗီဒီယို)

၅၇။ မြားနတ်မောင်ရဲ့ ပဥ္စလက်


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




၅၈။ အချစ်ချို အချစ်ခါး

၅၉။ မေတ္တာဖြင့် ဝယ်ယူသည်

၆၀။ မောင့်ကို ပြောမပြချင်ဘူး

၆၁။ ဖွဲ့နှောင်ခြင်းအကြောင်း

၆၂။ ပန်းသုံးပွင့်၏ ချစ်အိပ်မက် (ဒီဗီဒီ)

၆၃။ ချစ်သူ၏တခြားအခြမ်း (ဗီဒီယို)

၆၄။ အချစ်ကိုစောင့်ဆိုင်းခြင်း (ဗီဒီယို)

၆၅။ ချစ်ကြိုးရှုပ် (ဗီဒီယို)

၆၆။ ပျော်ရွှင်ခြင်းလက်ဆောင် (ဗီဒီယို)

၆၇။ အက်ဆစ်နင်းဆီ (ဗီဒီယို)

၆၈။ ကျွန်မတို့အားလုံး အချစ်ကိုယုံကြသည် (ဗီဒီယို)

**သေစေနိုင်သော အနမ်း (ဝတ္ထုတိုစုစည်းမှု)**

၆၉။ အဆိပ်ဖြင့်ထုံမွှန်းသော နှုတ်ခမ်း ပန်းကဲ့သို့နူးညံ့သောကဗျာ

၇၀။ အချစ်ဖြင့် နိုးထလာသော ပထမနံနက်ခင်း

၇၁။ ပိုပြီးချစ်မယ့် မနက်ဖြန် (ဒီဗီဒီ)

၇၂။ အချစ် (သို့မဟုတ်) ဝက်ပါ (ဗီဒီယို)

၇၃။ နှလုံးသားရဲ့ တောင့်ပံခတ်သံ

၇၄။ နတ်ဖက်တဲ့ စုံတွဲများ (ဒီဗီဒီ)

*(၇၅) အုပ်မြောက် စိန်ရတု အမှတ်တရ*

သတို့သမီးရဲ့ ဒဏ္ဍာရီ (ဗီဒီယို)


BURMESE CLASSIC .com



## ချစ်စွာသော စာဖတ်ပရိသတ်များသို့ ...

ဤဝတ္ထုမှာ ကျွန်မ၏ (၇၅) အုပ်မြောက် စိန်ရတု အမှတ်တရ ဝတ္ထုဖြစ်ပါသည်။ ဤစာအုပ်မတိုင်မီက အုပ်(၅၀)ပြည့် ရွှေရတုအမှတ်တရ အဖြစ် "မိန်းမတစ်ယောက်ရဲ့ အတ္ထုပ္ပတ္တိ"၊ အုပ် (၆၀)ပြည့် အမှတ်တရအဖြစ် "မောင့်ကို ပြောမပြချင်ဘူး"၊ အုပ် (၇၀) ပြည့် အမှတ်တရအဖြစ် "အချစ်ဖြင့်နိုးထလာသော ပထမ နံနက်ခင်း" တို့ကို ရေးသားထုတ်ဝေခဲ့ပြီးပါပြီ။

အမှတ်တရအထူးထုတ်အဖြစ် ရေးသားမည်ဟု ကြံရွယ်ခဲ့တိုင်း ပို၍ ကောင်းချင်၊ ထူးချင်သော စိတ်၊ မကောင်းမှာ မထူးမှာကို စိုးရိမ်သော စိတ်ဖြင့် ကျွန်မ အမြဲတမ်း စိတ်ပင်ပန်းခဲ့ရပြီး ထိုအမှတ်တရ အထူးထုတ်များ ထွက်လာတိုင်းလည်း ကျွန်မ ပရိသတ်

www.burmeseclassic.com

www.burmeseclassic.com



အတွက် ပို၍ကောင်းမွန်သော စာတစ်အုပ်မှ ဖြစ်ပါ့ မလားဟု ကြောင့်ကြခဲ့ရဖူးပါသည်။

ထို့ကြောင့် ဤဝတ္ထုရေးသားချိန်တွင် 'အထူးထုတ် အတွက်' ဟု မရည်ရွယ်ဘဲ ရေးသားခဲ့ပါသည်။ ရေးပြီးသည့် အခါတွင်လည်း အထူးထုတ်ဟု အမည်တပ်ဖို့ရာ မဝံ့ရဲခဲ့ပါ။ ဤဝတ္ထု အထူးထုတ်ဖြစ်ခြင်း မဖြစ်ခြင်းကို ကျွန်မ၏ ပရိသတ် များကသာ ဆုံးဖြတ်ပေးစေလိုပါသည်။ ကျွန်မအနေဖြင့် ကျွန်မ၏ ပရိသတ်အတွက် ကျွန်မ ရေးသားခဲ့သော ဝတ္ထုများ စိန်ရတုတိုင်ခဲ့ပြီ ဖြစ်ကြောင်း သိကြားစေလို သဖြင့်သာ ဤအမှာစာနှင့်အတူ အသိပေး ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

ချစ်မေတ္တာဖြင့် ...

ပုညခင်



(၇၅) အုပ်မြောက် စိန်ရတု အမှတ်တရ

# ပုညခင်

# သတို့သမီးရဲ့ဥယျာဉ်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တချို့က မေးတယ် ...

မြားနတ်မောင်ဆိုတာ

ကလေးလား ...

လူကြီးလား ...

နတ်ဘုရားလား ... တဲ့။

ရုပ်ပုံတွေထဲမှာတော့

မြားနတ်မောင်ဆိုတာ

အရွက်လုံ့ရုံလေးဖုံးထားတဲ့ ကလေးလေးပဲ တဲ့။

တချို့က ပြောတယ် ...

သူများအချစ်ရေးတွေကို ဖန်တီးပေးနေတဲ့

မြားနတ်မောင်ရဲ့ အချစ်ရေးကရော ဘယ်လိုလဲ တဲ့ ...။

မြားနတ်မောင် ဘယ်သူနဲ့ ရည်းစားဖြစ်ပြီး ...

ဘယ်ဝါနဲ့အိမ်ထောင်ကျတယ်လို့ မကြားမိပါဘူးတဲ့။

သူများတွေကိုတော့ ဖူးစာဆုံစေပြီး

သူ့ကျတော့ အထီးကျန် တစ်ကိုယ်တည်းပဲလားတဲ့။

စိုး မိုး ဇာ ခေပ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ...

ကျူးပစ် (cupid) လို့ခေါ်တဲ့ မြားနတ်မောင်ဟာ

အချစ်နတ်ဘုရားမ ဗီးနပ်(စ်) (venus) ရဲ့သားပါ။

ကျူးပစ်အရွယ်ရောက်လာတော့

ဆိုက်ခီ (psyche) ဆိုတဲ့ နတ်သမီးလေးနဲ့

ချစ်ကြိုက်မိသတဲ့။

ဒါပေမယ့် ...

သူတို့နှစ်ယောက်ကို ကျူးပစ် အမေ ဗီးနပ်(စ်) က သဘောမတူပါဘူး။ ဆိုက်ခီရဲ့အစ်မတွေကလည်း အမျိုးမျိုး ဖျက်လိုဖျက်ဆီး လုပ်ကြပါတယ်။

ကျူးပစ်ရဲ့ အချစ်ရေးက မပြောင့်ဖြူးခဲ့ပါဘူး။ အခက်အခဲ အမျိုးမျိုးကို ရင်ဆိုင်ခဲ့ရတယ်။ ဒါပေမယ့် နောက်ဆုံးတော့ အခက်အခဲတွေကို ကျော်လွှားနိုင်ပြီး သူ့ချစ်သူ ဆိုက်ခီနဲ့အတူ ပျော်ရွှင်စွာ ပေါင်းဖက်နိုင်ခဲ့ပါတယ်။

သူများတကာရဲ့ အချစ်ရေးကို ဖြောင့်ဖြူးစေတဲ့ ကျွန်တော့်ရဲ့ အချစ်ရေးကလည်း ကျူးပစ်လိုပဲ မဖြောင့်ဖြူးခဲ့ပါဘူး။ ဒါပေမဲ့ ကျူးပစ်လိုပဲ တစ်နေ့မှာ အခက်အခဲတွေကို ကျော်လွှားပြီး ကျွန်တော်ချစ်တဲ့သူနဲ့ ပေါင်းရလိမ့်မယ်လို့ မျှော်လင့်ခဲ့မိပါတယ်။

ဒါပေမယ့် ...

နိုး မိုး ဇာ ၉၀

BURMESE CLASSIC .com





၂၀၀၂ ခုနှစ် ...

www.burmeseclassic.com

www.burmeseclassic.com



♠ ♠ ♠

အခန်းထဲတွင် အလင်းရောင်တို့ အားနည်းချို့တဲ့နေပြီး မှေးရန့်များဖြင့်သာ ထုံအီ၍နေလေသည်။ ထိုအနံ့များက ရှုံးရှပြင်းထန်လာတာမို့ တဖြည်းဖြည်း မူးအီမွှန်းကြပ်လာသည်။ ထိုအနံ့တွေမရချင်လို့ အသက်ရှုအောင့်ထားတော့လည်း မွှန်း ...။ အသက်ရှုမိတော့လည်း မွှန်း ...။ ရှုလည်းမွှန်း၊ မရှုလည်းမွှန်း ဘယ်လိုနေနေ မွှန်း၍ မွှန်း၍ သာရသော အဖြစ်ဟာ ဘယ်လို အဖြစ်မျိုးနည်း ...။

အဖြစ်ကတော့ သိင်္ဂါရတို့ သူငယ်ချင်းတစ်စုသည် စပ်မိစပ်ရာ လက်တည့်စမ်းချင် သိချင် စူးစမ်းချင်သော အချင့်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဆိုးတစ်ခုရဲ့ တွန်းအားပေးမှုကြောင့် အကြားအမြင်ခန်း တစ်ခု အတွင်းသို့ ရောက်ရှိနေကြခြင်းပင်တည်း။

သိင်္ဂါရ၊ ဇော်ဇော်နှင့် တင်မင်းသော်တို့ သုံးယောက်သားသည် ခပ်မှောင်မှောင် လှောင်ပိတ်ပိတ် အခန်းရဲ့အလယ်မှာ ခန့်ခန့်ကြီး ထိုင်နေသော အကြားအမြင် ဆရာမရဲ့ မျက်နှာကို သဲသဲကွဲကွဲ မြင်ရလို မြင်ရငြား မျက်လုံးတွေ ပြူးသည်ထက် ပြူးကာ စူးစိုက်ပြူးပြဲကြည့်လျက်ရှိ၏။ ကြည့်တုန်းရှိသေး အမွှေးတိုင်ငွေ့တွေက ဆရာမရဲ့ မျက်နှာတစ်ဝိုက်ဆီသို့ အုံ့ဖွဲ့သွားတာမို့ မြင်ကွင်းက ဝါးသည်ထက် ဝါးသွား၏။

ဒီကြားထဲ ထိုအငွေ့များက သိင်္ဂါရတို့ဘက်သို့ ဝေ့လာပြန်လာမို့ မျက်စိတွေတောင် စပ်လာရသဖြင့် ကိုယ့်မျက်လုံး ကိုယ် ပွတ်ကာ ပွတ်ကာ ဆရာမကြီးကို ပြူးစိုက်ကြည့်ရလေသည်။

ဘယ်လိုကြည့်ကြည့် သဲတော့ မသဲကွဲသေး ...။ ဖြူသလား ...? မည်းသလားတောင် မသိ ...။ သိပ်ပုံဆိုးပန်းဆိုး ထဲကတော့ ဟုတ်ပုံမရ ...။ သို့သော် ဒါလည်း ဝိုးတဝါး အလင်းရောင်ထဲမို့ ထင်ယောင်မှားတာဖြစ်နိုင်သည်။ လင်းလင်းချင်းချင်း ထဲမှာဆို အရုပ်ဆိုးချင်လည်း ဆိုးနေနိုင်သည်။

ဇော်ဇော်က တင်မင်းသော်ကို အသာ လက်ကုပ်ရင်း တီးတိုးကပ်မေးသည်မှာ ...





"ဟော့ကောင် ... အကြားအမြင်ဆရာမ ဆိုတာ ဘာမှ သိပ်မထူးဆန်းပါလားကွ ... လှရှိုးရှိုး ပုံစံကြီး"

"သိပ်မရှိုးပါဘူးကွာ၊ အမွှေးတိုင်ငွေ့တွေကြားမှာ ဖယောင်းတိုင် မီးရောင်နဲ့ မြင်နေရတဲ့ ပုံစံက နည်းနည်းတော့ ဂမ္ဘီရ ဆန်ပါတယ်ကွ"

"ဟိုအလုံးကြီးလည်း မပါဘူး"

"ဟမ် ... ဘယ်အလုံးကြီးလဲ"

"ဖန်လုံးကြီးလေကွာ၊ အတိတ်တို့ အနာဂတ်တို့ကို ကြည့်လို့ရတဲ့ အလုံးကြီးလေ၊ နိုင်ငံခြားကားတွေထဲမှာဆို ပါနေကျ ..."

"ဒီမှာတော့ ဘယ်ရှိပါ့မလဲကွ ..."

"ဆရာမက ချောလားမသိဘူး၊ မျက်နှာကို သေသေချာချာ မမြင်ရဘူး"

"အေးကွ ... သူထိုင်နေတဲ့ နေရာက မှောင်ရိပ်နည်းနည်း ကျနေတယ်"

"အရုပ်ဆိုးလို့ မှောင်ရိပ်ခိုနေတာများလား၊ ဘီလူးမကြီးလို အရုပ်ဆိုးနေရင် ကြောက်စရာကြီးနော်၊ ငါမကြည့်ရဲဘူး"

"ဘီလူး ... မင်းမြင်ဖူးလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ကာတွန်းပုံတွေထဲမှာ မြင်ဖူးတယ်လေ"

"မင်းအဘ ... လျှောက်မပြောနဲ့၊ တိတ်တိတ်နေ ..."

ဖော်ဖော်နှင့် တင်မင်းသော်တို့ တီးတိုးတီးတိုး သဖန်းပိုး လုပ်နေကြချိန်တွင် သိင်္ဂါရသည် ငြီးစီစီ မူးနောက်နောက်ကြီး ဖြစ်နေတာမို့ စကားတောင် မှာဟာမပြောနိုင်တော့ချေ။ မှိုင်းညို့သည့် အငွေ့အသက်သည် စိတ်အာရုံကို ရိုက်ခတ်ကာ အာရုံတွေ နောက်လာ၏။ ကြောက်ရွံ့ချောက်ချားသလိုလည်း ဖြစ်လာရ၏။ ဘာမှန်းမသိသည့် တစ်ခုခုက ကိုယ့်ကို အန္တရာယ်ပေးတော့မလိုလို၊ ညှို့ငင်ဖျားယောင်းခံရတော့မလို ခံစားချက်မျိုးဖြင့် စိတ်တွေ ကယောက်ကယက် ဖြစ်လာရလေသည်။

ကိုယ့်ရှေ့မှာ ငှက်ပျောပွဲ အုန်းပွဲတွေ၊ ရောင်စုံဖယောင်းတိုင်ကြီးတွေ၊ တငွေ့ငွေ့လောင်ကျွမ်းနေသည့် အမွှေးတိုင်တွေ ...။ ပြီးတော့ ... အားလုံးရဲ့ အလယ်မှာ ငုတ်တုတ်ကြီး မလှုပ်မယှက် ထိုင်နေတာက အကြားအမြင် ဆရာမ ဝဝကြီး ...။ တရားမှတ်နေတာလား ... အာရုံခံနေတာလားတော့ မသိ ...။ သူတို့ရောက်ကတည်းက တုတ်တုတ်ကို မလှုပ်သေး။ နာရီဝက်လောက်ပဲ ရှိနေပြီ။

ခုမှ ၉ တန်းပဲရှိသေးသည့် သိင်္ဂါရတို့သည် ဘယ်





လောက်ပဲ စူးစမ်းချင်ပါတယ်ဆိုဆို ကြာတော့ အာရုံချောက်ချားချင်သလိုလို ဖြစ်လာရတော့သည်။

သိင်္ဂါရသည် တင်မင်းသော်ကို လက်ကုတ်လိုက်ရင်း ...

"ဟေ့ကောင်တွေ ... ပြန်ကြမယ်ကွာ"

"နေပါဦးကွ ... မင်းကလည်း ..."

"မနေဘူးကွာ၊ အာရုံနောက်တယ်"

"ခဏလေးပါကွာ၊ စောင့်လိုက်ပါ၊ ရောက်တုန်းရောက်ခိုက် စာမေးပွဲ အောင်မအောင်လောက်တော့ မေးသွားကြရအောင်ပါ"

"ဟုတ်သားပဲ သိင်္ဂါရရာ ...၊ စုကလျာတို့အုပ်စု သေသေချာချာ ညွှန်းလိုက်တာကွ၊ မနှစ်က သူတို့ စာမေးပွဲကိစ္စလာမေးတာ အရမ်းမှန်တယ်တဲ့ ..."

"စာမေးပွဲအောင်အောင် ဖယောင်းတိုင်တွေ ဘာတွေ ထွန်းပေးတာတဲ့ကွ၊ အဲ့ဒါကြောင့် စုကလျာလို စာညံ့တဲ့သူတောင် အောင်သွားတာ"

"မေးခွန်းရော ကြည့်မပေးဘူးလား"

"ဟာ ... အဲ့ဒါတော့ ဘယ်လိုလုပ်ကြည့်လို့ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အကြားအမြင်ရတယ်ဆို မေးခွန်းလေးတောင် ကြည့်မပေးနိုင်ဘူးလား၊ အတိတ်တို့ အနာဂတ်တို့တောင် ကြည့်ပေးနိုင်သေးတာပဲ"

"ဆရာမက မျက်စိမှုန်နေလို့ နေမှာပေါ့ကွာ"

"ဘာဆိုင်လဲ ..."

"မျက်စိမှုန်တော့ မေးခွန်းစာရွက်ထဲက စာလုံးလေးတွေကို ဘယ်လှမ်းမြင်မလဲ"

"မျက်မှန်တပ်ကြည့်ပါ့ ..."

"တိုးတိုးကွ၊ ကြားသွားဦးမယ်၊ ဟော ... လှုပ်လာပြီ ... လှုပ်လာပြီ"

"လှုပ်လှုပ်ကွာ၊ ငါပြန်နှင့်တော့မယ်၊ မင်းတို့ခေါ်လို့သာ လိုက်လာရတာ၊ အစကတည်းက သိပ်စိတ်ဝင်စားတာ မဟုတ်ဘူး"

"ခွမပြောစမ်းပါနဲ့ သိင်္ဂါရရာ၊ မင်း ကိုယ့်ကံကြမ္မာကိုယ် မသိချင်ဘူးလား"

"ငါက ကံတွေ ဘာတွေ မယုံလို့ ထီတောင်ထိုးတဲ့ကောင် မဟုတ်ဘူး"

သိင်္ဂါရသည် သူငယ်ချင်းနှစ်ယောက်ကို တိုးတိုး





ကျိတ်ကျိတ် ကပ်ပြောခဲ့ပြီး လွယ်အိတ်ကလေးပြန်လွယ်ကာ ထိုင်ရာမှ ထလေသည်။ သူ အခန်းတံခါးဝဆီသို့ မျက်နှာမူမိချိန်တွင် သူ့နောက်ကျောဆီမှ ညှိုးအက်ကွဲသော အသံတစ်သံကို ကြားလိုက်ရလေသည်။

"သား ... မင်းအတွက် စိတ်မကောင်းပါဘူးကွယ်"

သိင်္ဂါရသည် ရုတ်တရက် ကျောထဲက စိမ့်ကာ ကြက်သီးထ၍ သွားသည်။

"လောကကြီးမှာ သူများတကာတွေကိုတော့ ကိုယ့်ကြောင့် ကံကောင်းစေပြီး ကိုယ်တိုင်ကျတော့ ကံမကောင်းရှာတဲ့ သူလောက် သနားစရာကောင်းတာ မရှိပဲကလား၊ ကိုင်း သွားတော့ ... သွားတော့ ..."

သိင်္ဂါရသည် နောက်သို့ ကယောင်ချောက်ချား လှည့်ကြည့်မိတော့ အမွေးတိုင်ငွေ့တွေရဲ့နောက်မှာ ခေါင်းတညိတ်ညိတ်လုပ်နေသော အကြားအမြင်ဆရာမကြီးကို တွေ့ရလေသည်။

သူ ... စိတ်တွေ မငြိမ်မသက်ဖြစ်လာရတာမို့ ထိုအခန်းတွင်းမှ အမြန်ဆုံးထွက်ခွာလာခဲ့သည်။

သူ ... အခန်းတံခါးဝသို့ ရောက်ရှိချိန်တွင် အခန်းရဲ့ ခန်းဆီးအဖြစ် ကာရံထားသော ခန်းဆီးစကို တစ်စုံတစ်ရာက ဘိုးတိုက်လိုက်သဖြင့် ခန်းဆီးစက လှုပ်ခတ်လူးလွန့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူကအတွက် ...။ မိန်းကလေး နှစ်ယောက်က ရှေ့ဆင့်နောက်ဆင့် အဝင် ...။ အလယ်မှာ ခန်းဆီးစက ရှပ်ယှက် ခတ် လှုးလွန့်လှုပ်သွားတာမို့ နောက်မှဝင်သွားသည့် မိန်းကလေးရဲ့ ဆံပင်စ တချို့ကိုသာ မြင်လိုက်ရလေသည်။

❦ ❦ ❦





♠ ♠ ♠

ယွန်းရတီသည် ငှက်ပျောပွဲ၊ အုန်းပွဲများ၊ ဆင်းတု တော်များဖြင့် ပြည့်နှက်နေသော အခန်းတွင်းသို့ ဝေ့ဝဲကြည့်လိုက် ပြီး မသိမသာ ပခုံးလေးတစ်ချက်တွန့်ကာ အတူလာသည့် အစ်မ ခမ်းကွဲရဲ့ ဘေးမှာ ဝင်ထိုင်လိုက်လေသည်။

ဒီလိုနေရာမျိုးကို ယွန်း မရောက်ဖူးတာမို့ အထူး အဆန်းတော့ ဖြစ်ရလေသည်။ ၉ တန်းကျောင်းသူလေး ယွန်းဟာ ဒီလို အကြားအမြင် ဗေဒင်ခန်းမျိုးကို ကိုယ့်သဘောနဲ့ကိုယ်ဆို ရောက်လာစရာ မကြောင်းမရှိပေ။

ယွန်းသည် ဗေဒင်တွေ ယတြာတွေကို စိတ်ဝင်စား သူ မဟုတ်ခဲ့ ...။ ရှေ့ဘာဖြစ်မယ်ဆိုတာလည်း မသိချင် ...။



www.burmeseclassic.com

www.burmeseclassic.com



ပညာသင်သည့်အရွယ်မှာ ပညာ အေးအေးဆေးဆေး သင်၊ အချိန်တန်တော့ ဖေဖေနဲ့ မေမေတို့လို အိမ်ထောင်ပြုကာ မိသားစုဘဝလေးနှင့် ပျော်ပျော်ရွှင်ရွှင် နေထိုင်သွားရရုံသာဟု မျှော်လင့်ထားခဲ့သည်။ ယွန်းရတီရဲ့ ဘဝသည် အချိန်တန် ကျောင်းသွား၊ စာကျက်၊ မေမေ ချူးကျွေးသည့် ထမင်းကိုစား၊ လိုတာရှိရင် ဖေဖေနဲ့ မေမေ့ကို တစ်လှည့်စီ ပူဆာလျက် အရှုပ်အထွေးဟူ၍ ဘာတစ်ခုမှ မရှိဘဲ ဘဝကို ရိုးရိုးရှင်းရှင်း ဖြတ်သန်းနေရုံသာ ဖြစ်သည်။

ယွန်းဟာ ဗေဒင် လက္ခဏာ ယတြာတွေကို ဘယ်လောက် မယုံသလဲဆို ကျောင်းမှာ သူငယ်ချင်းတွေ စုကာ လက်ဖဝါးနှစ်ဖက်ကို ဘေးတိုက်ထိကပ်၍ လက်ဖဝါးပေါ်ရှိ (နှလုံးလမ်းကြောင်းဟု သူငယ်ချင်းတွေ ပြောသော) အကွေးကြောင်းလေး နှစ်ဖက်ကို ထိစပ်ကြည့်ပြီး ခပ်ကွေးကွေးပုံပေါ်ရင် ယောကျ်ားချောချောရမယ်၊ သိပ်မကွေးရင် မချောတဲ့ ယောကျ်ားနဲ့ရမယ်ဟု အပျော်လျှောက်ကြည့်ကြရင်တောင် ဝင်မပါ ...။ ကိုယ့်လက်စွပ် ကိုယ်ချွတ်ပြီး ကြိုးနဲ့ချည်ကာ ရေခွက်ထဲ တန်းလန်းချ၍ လက်စွပ်ဗေဒင် မေးကြည့်လျှင်လည်း ယွန်းက မယုံကြည်ဘဲ ...

"ဟဲ့ ... ဟဲ့ ... နင့်လက်ကို ငြိမ်ငြိမ်ထားလေ၊ နင့်လက်လှုပ်လို့ လက်စွပ်က ယမ်းနေတာမဟုတ်လား"

ဟု ဝင်ပြော လှောင်ပြောင်မိမြဲ ဖြစ်သည်။





ဗေဒင် ယတြာတွေကို ယုံသူ ယွန်းမေမေက ယွန်း စာမေးပွဲဖြေပြီဆို ဗေဒင်သွားမေးကာ ဝါးညွန့်၊ သပြေညွန့် စသဖြင့် အညွန့်ကလေးတွေ ယူလာပြီး ယွန်းလွယ်အိတ်ထဲ ထည့်ပေးလိုက်လည်း ယွန်းက အမှိုက်ရှုပ်သည်ဟုယူဆကာ လမ်းမှာတင် လွှင့်ပစ်ခဲ့မြဲ။

မိန်းကလေး အများစုကတော့ ယွန်းလို မဟုတ်၊ ဗေဒင် ယတြာ အကြားအမြင် စတာတွေကို ယုံကြည်ကြကုန်၏။ ယွန်းရဲ့ အစ်မဝမ်းကွဲ မနီလာလည်း ခုတစ်ခေါက် ယွန်း ရန်ကုန်ရောက်ခိုက်မှာ အရင်ကနဲ့မတူဘဲ ညှိုးမှိုင်ငိုင်တွေ အသည်းကွဲနေခဲ့တာကို ယွန်းက ရိပ်မိနေခဲ့၏။

မမနီလာနှင့် ယွန်းက ခြောက်နှစ်လောက် အသက်ကွာပေမယ့် အကြီးနဲ့အငယ်လို အရှိန်အဟန့်ကြီး ဖြစ်မနေ။ မမနီလာက ခေတ်ဆန်သွက်လက်သူမို့ ယွန်းကို သူငယ်ချင်းပေါင်းပေါင်းသည်။ ရန်ကုန်သူ ယွန်း မေမေက မန္တလေးသား ဖေဖေနှင့် အိမ်ထောင်ကျပြီး ယွန်းကို မန္တလေးမှာပင် မွေးခဲ့တာမို့ ယွန်းရတီက မန္တလေးသူ ...။ မေမေ့ အစ်မတစ်ယောက်ကတော့ ရန်ကုန်မှာပဲ အိမ်ထောင်ကျတာမို့ မမနီလာက ရန်ကုန်သူ ...။ မေမေတို့က ညီအစ်မတွေ အများကြီးမို့ ရန်ကုန်မှာ အိမ်ထောင်မကျသေးသည့် အပျိုကြီးတွေလည်း ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ယွန်းက ကျောင်းပိတ်ရက်တိုင်း ရန်ကုန်ရောက်လာကာ မမနီလာနှင့် အတူသွားလာလည်ပတ်မြဲမို့ ရန်ကုန်ကိုတော့ မစိမ်းပေ ...။

ယွန်းနဲ့ စိမ်းနေတာကတော့ ခု ယွန်းရောက်နေရတဲ့ အကြားအမြင် ခန်းကြီးပေတည်း။

မမနီလာသည် သူ့ချစ်သူနှင့် ပေါင်းခွင့်ရနိုင် မရနိုင်ကို အကြားအမြင်ဆရာမထံ မေးမြန်းရန် စိတ်စောဍနေခဲ့၏။

ယွန်းတို့ ညီအစ်မသည် အလင်းရောင်အားနည်းလှသော မှိုင်းညို့သည့် အငွေ့အသက်တွေ လွှမ်းခြုံနေသည့် အခန်းရဲ့ ထောင့်နားလေးတွင် ခပ်ကုပ်ကုပ်လေးထိုင်ရင်း ကိုယ့်ရှေ့က လူနှစ်ယောက် မေးနေတာကို စောင့်ဆိုင်းနေကြရ၏။

ထိုနှစ်ယောက်ဟာ ယွန်းအရွယ် ကျောင်းသားလေးတွေပင်။ နောက်ကျောကနေ မြင်ရတာမို့ မျက်နှာကိုတော့ မမြင်ရ။ သူတို့ကလည်း ယွန်းတို့ နှစ်ယောက်ကို အာရုံမစိုက်အား၊ ရှေ့မှာသာ ဇောကပ်နေခဲ့၏။

ယွန်းသည် အာရုံတွေနောက်လာကာ အသံတိုးကလေးဖြင့် ...

"မမ ..."

"အင်ဟင် ..."





"ကြာဦးမှာလား မသိဘူး"

"မကြာတော့ပါဘူး၊ သူတို့မေးတာ ပြီးခါနီးပါပြီ"

"မမကရော အကြာကြီး မေးနေဦးမှာလား"

"မကြာပါဘူး ယွန်းရယ်"

"မြန်မြန်မေးနော် ... မမ"

"အေးပါ ..."

"ယွန်းက ပြန်ချင်နေပြီ"

"အေးပါဟယ်၊ ခဏသည်းခံစောင့်ပါ၊ ပြီးရင် ညည်းလေး ကြိုက်တာ လိုက်ကျွေးပါ့မယ်"

"လိုချင်တာရော ဝယ်ပေးမှာလား"

"အေး ... အေး ... ဝယ်ပေးမယ်"

"မမ ..."

"ဟေ ..."

"ရည်းစားကိစ္စ မေးမှာမဟုတ်လား"

"အေးပါဆိုဟယ်၊ ကလေးက ကလေးလိုနေ၊ လျှောက်လျှောက်မမေးနဲ့ ..."

"မမ ရည်းစားနဲ့ ညားမညား မေးမှာလား"

"အေးပါဆို ..."

"ဒီဆရာမကြီးက မမကိုတောင် ခုမှမြင်ဖူးရမယ့်ဟာ၊ မမ



www.burmeseclassic.com

www.burmeseclassic.com



ရည်းစားကိုလည်း သူဘယ်သိမလဲ၊ မမတို့ ညားမညား သူ ဘယ်လိုသိနိုင်မှာလဲ”

“သူက အကြားအမြင် ရနေတယ်လေဟယ်၊ သိပ်မှန်တာတဲ့၊ မေးဖူးတဲ့လူတိုင်း အဲ့လိုပဲပြောတယ်”

“ယွန်းတော့ မထင်ပါဘူး”

“ဟဲ့ ... တိုးတိုး၊ ကြားသွားဦးမယ်၊ နင့်အဖော်ခေါ်လာမိတာ မှားတာပဲ၊ ဟော ... ဟော ... ဟိုမှာ ပြီးပြီထင်တယ်၊ ငါ သွားမေးလိုက်ဦးမယ်၊ နင် ဒီမှာပဲ ထိုင်စောင့်နေ”

“ယွန်းလည်း လိုက်မယ်”

“ကဲ ... လာဟယ် လာ၊ စပ်ကိုစပ်စုတယ်”

ရှေ့က ကောင်လေးနှစ်ယောက် ထွက်သွားချိန်တွင် ယွန်းသည် မမနီလာနှင့်အတူ အကြားအမြင်ဆရာမရှေ့သို့ တိုးရွှေ့လာခဲ့လေသည်။

ယွန်းသည် ဒီအခန်းရဲ့ အပြင်အဆင် အငွေ့အသက်ကို မကြိုက်၊ အခန်းရဲ့ အနေအထား၊ အလင်းအမှောင်၊ အပူအအေးကိုက လူ့စိတ်ကို ညှို့ခေါ်ဆွဲဆောင်လို့ရအောင် လုပ်ထားသည်ဟု ထင်နေသည်။ လူရှိန်စရာ ပုံစံမျိုးနှင့် ထိုင်နေသော ဆရာမကိုတော့ ယွန်းက ခပ်တည်တည် ခပ်ရဲရဲပင် စိုက်ကြည့်နေလိုက်လေသည်။





မမနီလာနှင့် အကြားအမြင်ဆရာမက အပြန်အလှန် မေးလိုက် ပြောလိုက်။ ဆရာမရဲ့ အသံက တမင်လုပ်ယူထားသလို မျိုး ဩရှရှလိုလို၊ အက်ကွဲသံလိုလို ဖြစ်နေသည်။

မမနီလာက ယွန်းကို ‘ကလေး’ ဟု ယူဆထားပေမယ့် ယွန်းအသက်ဟာလည်း ၁၅ နှစ်တော့ရှိခဲ့ပြီမို့ သမီးရည်းစားကိစ္စတွေကို ကိုယ်တိုင်မကြုံဖူးပေမယ့် အထိုက်အလျောက်တော့ သဘောပေါက်ပါသည်။ မမနီလာက သူ့ချစ်သူက သူ့ကို တကယ်ချစ်မချစ် အကြားအမြင်ဆရာမကိုမေးတော့ ယွန်းက ပါးစပ်ကို လက်ဖဝါးဖြင့် အုပ်ကာ အသံမထွက်အောင် ကျိတ်ရယ်ရ၏။ ဆရာမကြီးကလည်း တကယ်ချစ်တာပါဟု အာမခံရဲလေသည်။ နောက်ဆုံး မလွဲမသွေ ညားကိုညားမှာပဲဟု ပြောတော့မှ မမနီလာရဲ့ မျက်နှာလည်း ချို့ရွှင်ကြည်လင်လာတော့သည်။

အားလုံးပြီးတော့ မမနီလာနှင့် ယွန်းက အတူထဖို့ ပြင်ဆဲမှာ အကြားအမြင်ဆရာမရဲ့ အသံက တစ်လုံးချင်း ပီသစွာ ထွက်ပေါ်လာပါသည်။

“ဩော် ... သမီးလေးက သိုက်ကလာတာကိုး”

“ရှင် ... သမီးကလား ...”

မမနီလာက သူ့ရင်ဘတ်သူ လက်နှင့်ပုတ်ကာ မျက်လုံးပြူးလေးဖြင့် မေးတော့ ဆရာမက အသာခေါင်းခါယမ်းလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"သမီးအေးက ကလေးမကို ပြောတာကွယ့်၊ ဒီကလေးမက အိမ်ထောင်ပြုလို့မရဘူး၊ အိမ်ထောင်ပြုဖို့ ကြံစည်လိုက်တာနဲ့ အခက်အခဲဒုက္ခတွေ ကြုံတွေ့ရမှာပဲ၊ အပူမရှာဘဲ အေးအေးချမ်းချမ်း နေထိုင်သွားပါလို့ မှာချင်တယ်ကွယ်"

ယွန်းရတီသည် ရုတ်တရက် အငိုက်မိသွားသလို ခဏမိန်းမောငြိမ်သက်သွားမိပြီးမှ အသိပြန်ဝင်လာကာ စလွယ်သိုင်း လွယ်ထားသည့် သိုးမွေးအိတ်ရှည်ရှည်လေးရဲ့ ကြိုးကို ခပ်တင်းတင်းဆုပ်၍ အခန်းတွင်းမှ ခပ်သွက်သွက်ထွက်ခဲ့လေသည်။

"ဟာဟ ... ရယ်စရာကြီး"

ယွန်းက ခေါင်းမော့ ရယ်မောမိတော့ မမ နီလာက အလန့်တကြား ပုံစံမျိုးဖြင့် ...

"ဟဲ့ ... ဒါမျိုးတွေက ရှိတတ်တယ်၊ ငါ ခဏခဏကြားဖူးတယ်၊ ငါတောင် နင့်အတွက် စိုးရိမ်လာပြီဟယ်၊ ဘယ်လိုလုပ်ရင် ကောင်း မလဲမသိဘူး၊ ဆရာမဆီ နောက်ထပ် တစ်ခေါက် ထပ်သွားပြီး မေးမြန်း ..."

"အံမလေး ... တော်ပါပြီ၊ မသွားပါရစေနဲ့ မမရယ်၊ အမွှေးတိုင်နံ့တွေနဲ့ အာရုံတွေ နောက်လွန်းလို့ပါ၊ သူဘာပြောပြော ယွန်းစိတ်ထဲ အစွဲမထားပါဘူး၊ ယွန်းကတော့ အချိန်တန် အိမ်ထောင်ပြုမှာပဲ၊ အပျိုကြီးတော့ မလုပ်ချင်ပေါင်"





ယွန်းက ရယ်ရယ်မောမောပြောရင်း ဘေးဘက်မှာ စလွယ်သိုင်းလွယ်ထားသည့် သိုးမွေးအိတ်လေးကို ရှေ့ဘက်သို့ ဆွဲယူလိုက်ရာ ယွန်းအိတ်မှာ ပစ္စည်းလေးတစ်ခု တန်းလန်း ငြိတွယ်ပါလာတာကို တွေ့လိုက်ရလေသည်။

"ဟင် ... ဘယ်ကငြိပါလာပါလိမ့် ..."

ယွန်း အိတ်က သိုးမွေးကြိုးလေးတွေ ယှက်၍ ထိုးထားသော ပေါ့ပေါ့ပါးပါးအိတ်ကလေးမို့ တခြားသူရဲ့အိတ်နဲ့ မတော်တဆ ငြိမိပြီး သော့ချိတ်ကလေးတစ်ခု ငြိပါလာခဲ့ပုံရသည်။

ယွန်းက သော့ချိပ်ကလေးကို အသာအယာ ဖြုတ်ယူကြည့်လိုက်မိသည်။ မြားနတ်မောင် မြားပစ်နေသောပုံ အရုပ်ကလေးတစ်ခု တွဲလောင်းကျနေသော သော့ချိတ်ကလေးမှာ သော့သေးသေးလေး တစ်ချောင်းလည်း တွဲလျက်ပါနေသည်။ သော့လေးက ယွန်းတို့အရွယ် သုံးလေ့ရှိသော သော့ခတ် ဒိုင်ယာရီတွေမှာ ပါလေ့ရှိသည့် သော့မျိုးလေး ...။ ယွန်းက အဲဒီလို ဒိုင်ယာရီမျိုး မသုံးပေမယ့် သူငယ်ချင်းတွေ သုံးကြတာတော့ မြင်ဖူးနေခဲ့သည်။

ဘယ်တုန်းက ဘယ်နားမှာ ငြိပါလာခဲ့သလဲဆိုတာ ယွန်း မမှတ်မိတော့။ ပိုင်ရှင်ပြန်တွေ့မယ်လည်း မထင်သော ထိုသော့ချိတ်လေးကို ယွန်းက သေသေချာချာ လှည့်ပတ်ကြည့်ရင်း သဘောကျသွားမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ချစ်စရာလေးပါလားဟယ် ..."

တင်ပါးလုံးလုံးလေးနဲ့ မြားနတ်မောင် ပုံစံလေးက သေးပေမယ့် အသက်ဝင် ရုပ်လုံးကြွနေတာမို့ ယွန်းစိတ်ထဲမှာ ကျေနပ်နှစ်သက်လျက် ထိုအရုပ်ကလေးကို တယုတယပင် လွယ်အိတ်ထဲ ထည့်ထားလိုက်လေသည်။





၂၀၀၇ ခုနှစ် ...

www.burmeseclassic.com

www.burmeseclassic.com



♠ ♠ ♠

"ဟော့ကောင် lucky man ..."

"ဟာ ...၊ အဲ့လိုမျိုးကြီး မခေါ်စမ်းပါနဲ့ကွာ ..."

သိင်္ဂါက စိတ်ညစ်ညူးစွာ တားမြစ်လိုက်သော်လည်း ဇော်ဇော်က ပြုံးစိစိရုပ်နှင့် အနားကပ်လာကာ ...

"မင်းနဲ့ ခင်ချင်လို့တဲ့ကွ ... ကောင်မလေးတစ်ယောက် ငါ့ အကူအညီလာတောင်းလို့ ခေါ်လာခဲ့ရတယ်၊ ဟိုမှာတွေ့လား ကဲန်တင်းမှာ ထိုင်စောင့်နေတာ၊ အင်္ကျီအဝါလေးနဲ့"

"တော်စမ်းပါကွာ ... အဲ့ဒါတွေ စိတ်ကုန်တာ ...၊ မိန်းမတွေနဲ့ ပတ်ကို မပတ်သက်ချင်တော့ဘူး"

"မင်းက မပတ်သက်ချင်ပေမယ့် သူတို့က ပတ်သက်ချင်



www.burmeseclassic.com

www.burmeseclassic.com



တယ်လေကွာ၊ လာပါကွ … မင်း နေ့လယ်စာ မစားရသေးဘူး မဟုတ်လား၊ သူနဲ့ အတူတူသွားစားလိုက်ပါလား၊ နှစ်ဦးနှစ်ဖက် အဆင်ပြေတယ်၊ သူလည်း ကံကောင်း မင်းလည်း ဗိုက်ဝ …”

“ကျွတ် … လာပြန်ပြီကွာ၊ အဲ့ဒါက အစွဲတွေပါ၊ သွားပြောလိုက်ကွာ၊ ခုချိန်ကစပြီး ငါနဲ့အတူတွဲရင် တွဲတဲ့သူတွေ ချစ်ကံခေကုန်တော့မှာလို့”

“ဘယ်ယုံမလဲကွာ၊ ရှေ့မှာ နမူနာလေးတွေ ကံကောင်းထားတာ ရှိတယ်မဟုတ်လား”

“ကျွတ် …”

သိင်္ဂါရသည် ကျွတ်ခနဲ စုတ်သပ်ရင်း ကိုယ့်ခေါင်းကိုယ် ပြန်ကုတ်ဖွလိုက်မိလေသည်။

သိင်္ဂါရ ဆိုတာ မိန်းကလေးတွေကို ကံကောင်းမှုတွေ ပေးစွမ်းတတ်သည်ဟူသော သတင်းစကားကို ဘယ်သူကများ ဖွရှုပ်လုပ်ခဲ့ပါသနည်း။

ခုတော့ ထိုသတင်းက ပြန့်ကားသွားကာ အချစ်ရေးကံမကောင်းသူ မိန်းကလေးအတော်များများက တစ်ဆင့်စကားဖြင့် သိကြားလျက် သိင်္ဂါရနှင့် တွေ့ဆုံခင်မင်ခွင့်ရဖို့ တဖွဲဖွဲ ရောက်ရှိလာကြတော့သည်။





ဇာတ်လမ်းက အောက်ပါအတိုင်း အစပြုခဲ့၏။

တစ်နေ့သ၌ ကျွန်တော် မောင်သိင်္ဂါရသည် မြို့ထဲအစ်ဝိုက်တွင် စာအုပ်တချို့ ရှာဝယ်ပြီး တောင်ကြည့် မြောက်ကြည့် လမ်းသလားနေဆဲမှာ ပျာယီးပျာယာ လမ်းကူးလာသော အစ်မကြီး တစ်ယောက်ကို လှမ်းမြင်လိုက်ရလေသည်။

ထိုအစ်မကြီးကား အပျိုကြီးဖြစ်၏။ ဝမျိုးဝနွယ် အပျိုကြီးမဟုတ်တာမို့ သူမ၏ ခန္ဓာကိုယ်က ပူတင်းဖောင်းကားကြီးထွားမနေ။ ပိန်မျိုးပိန်နွယ်မို့ အရေပြားလေးတွေ ပိန်ရှုံ့သို့လျော့နေရုံမှတစ်ပါး အလှမပျက်သေးချေ။

ထိုအစ်မကြီး မမယဉ်မေတင်မှာ သိင်္ဂါရရဲ့ ဆယ်တန်းတုန်းက သူငယ်ချင်း ဝေဖြိုး၏ အစ်မအကြီးဆုံးမို့ သိင်္ဂါရနှင့် အလွန်ခင်မင်လေသည်။ မမယဉ်က မုန့်မျိုးစုံလုပ်တတ်တာမို့ သူငယ်ချင်းတွေ စုပြီး စာကျက်တိုင်း ဝေဖြိုးတို့အိမ်မှာသာ စုဖြစ်ကြသည်။ မမယဉ် လုပ်ကျွေးသော နန်းကြီးသုပ်၊ တို့ဟူးသုပ်၊ ငါးထမင်းနယ်၊ ရွှေရင်အေး၊ ကျောက်ကျောတို့ရဲ့ အရသာကို သိင်္ဂါရက ခုထိမမေ့။ ဝေဖြိုးက ဆယ်တန်းမှာ ကျကျန်နေခဲ့၍သာ နောက်ပိုင်း ကာလတွေမှာ သိပ်မတွေ့ဖြစ်ကြတော့ဘဲ မမယဉ်နဲ့လည်း မဆုံဖြစ်တာကြာခဲ့ပြီ။ စကားပြောလည်း ကောင်း၊ စေတနာလည်း ကောင်း၊ သူငယ်ချင်းပေါင်းလည်း ပေါင်းတတ်သော



www.burmeseclassic.com

www.burmeseclassic.com



မမယဉ်ကိုတော့ သိင်္ဂါရက အလွန်ခင်မင်ခဲ့တာမို့ တွေ့တွေ့ချင်း ဝမ်းသာသွားကာ မမယဉ်ကို လက်လှမ်းပြလိုက်ရင်း အပြေးကလေး လျှောက်သွားမိကာ ...

"မမယဉ် ..."

"ဟယ် ... သိင်္ဂါရပါလား၊ အံမလေး ဝမ်းသာလိုက်တာဟယ်၊ နင်နဲ့တွေ့တာ ဘုရားမတာပဲ"

"ဘာဖြစ်လို့လဲ၊ မမယဉ်ကြည့်ရတာလည်း ပျာယီးပျာယာနဲ့ ..."

"ပျာယီးပျာယာ မဖြစ်ဘဲနေမလားဟယ်၊ ပိုက်ဆံအိတ်ခါးပိုက်နှိုက်ခံလိုက်ရတာကို"

"ဟာ ... ဟုတ်လား၊ ပိုက်ဆံ ဘယ်လောက်ပါသွားလဲ ..."

"ပိုက်ဆံကတော့ ငါးထောင်လောက်ပါပဲ၊ ဒါပေမယ့် ပိုက်ဆံအိတ်က တစ်သောင်းလောက်တန်တယ်"

"အရေးကြီး စာရွက်စာတမ်းတို့၊ မှတ်ပုံတင်လို့ ပါသွားသေးလား"

"မပါဘူး ..."

"ဒါဆို တော်သေးတာပေါ့၊ ကျွန်တော့်မှာ ပိုက်ဆံ ပိုပိုသာသာ ပါပါတယ်၊ မမယဉ် လိုချင်ယူသွားလေ"

"အေး ... အတော်ပဲဟယ်၊ ကျေးဇူးတင်ပါတယ်၊ နင်လည်း





ထွားလာတယ်နော်၊ အရင်လို ကလေးရုပ်မဟုတ်တော့ဘူး၊ လူကြီးရုပ် ပေါက်လာတယ်၊ နင်နဲ့ မတွေ့ရတာတောင် သုံးလေးနှစ်ရှိတော့မယ်၊ ကျောင်းက ဘယ်နှစ်ရောက်ပြီလဲ"

"နောက်ဆုံးနှစ် ရောက်ပြီ မမယဉ်"

"ကျောင်းတောင် ပြီးတော့မှာပဲ၊ အိမ်ကကောင်ကတော့ဟယ် ဒီဆယ်တန်းမှာပဲ တစ်နေတော့တာ၊ ခုတော့ ကားပွဲစားဆိုလား ဝင်လုပ်နေတာ၊ အလုပ်လည်း သိပ်မဖြစ်လှပါဘူး"

"သူနဲ့ တစ်ခါတလေတော့ တွေ့ဖြစ်ပါတယ်"

"ကြည့်စမ်း ... ဒါတောင် နင်က အိမ်လိုက်လာလည်ဖော်မရဘူး၊ အေးလေ ... ငါတို့ကလည်း မြောက်ဒဂုံဘက်ပြောင်းသွားတော့ နည်းနည်းဝေးသွားတာကိုး၊ တော်ရုံဘယ်ရောက်ဖြစ်တော့မလဲ"

"အခု ... မမယဉ်က ဘယ်သွားမှာလဲ"

"ဗိုလ်တထောင်ဘုရား သွားမလို့၊ ဒီဆူးလေမှာဆင်းပြီး ကားပြောင်းစီးရမှာလေ၊ ပိုက်ဆံအိတ် ခါးပိုက်နှိုက်ခံရတော့ ငါ့မှာ ပဝါဆက်ဖို့တောင် ပိုက်ဆံမရှိတော့လို့ ဒုက္ခရောက်နေတာ ..."

"ပဝါ ... ဘာပဝါလဲဟင်၊ ဘယ်ကိုဆက်ရမှာလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"အစ်မတော် မြနန်းနွယ်ဆီ ပဝါသွားဆက်မလို့ပါဟယ်"

"သြော် ... မမယဉ်မှာ အငြိမ့်တွေ ဘာတွေ ကတဲ့ အစ်မ ရှိသေးတာလား၊ ဝမ်းကွဲ အစ်မလား"

"ဟဲ့ ... ပေါက်ကရမပြောနဲ့၊ ဗိုလ်တထောင်ဘုရားမှာ အစ်မတော် မြနန်းနွယ်ရုပ်တု နင်မမြင်ဖူးဘူးလား"

"သြော် ... ရုပ်တုလား"

"ရုပ်တု ဆိုပေမယ့် သူ့အစွမ်းနဲ့သူ ရှိတယ်၊ မိန်းကလေးတွေဆို အဲ့ဒီမှာပဲ သွားသွားဆုတောင်းနေကြရတာ ..."

"နားမလည်လို့ ပြောမိတာပါ မမယဉ်ရယ်၊ သြော် ... ဒါနဲ့ မမယဉ် လူကြီးကော နေကောင်းရဲ့လား၊ ဘယ်တော့ စားရမှာလဲ၊ ဟဲဟဲ ... ကျွန်တော် စာပေးစာယူ လုပ်ပေးဖူးတာ မမေ့နဲ့နော်"

သိင်္ဂါရက ကျီစယ်ပြုံးနှင့် မေးမိတော့ မမယဉ် မျက်နှာက ညှိုးကျသွားကာ သက်ပြင်းရှည်ကြီးချရင်း ...

"အေး ... အဲ့ဒါပေါ့ဟယ်၊ အဲ့ဒီကိစ္စကြောင့် သွားရမှာ ..."

ဟု တုန့်ဆိုင်းဆိုင်း ဆိုလေသည်။ သူက မမယဉ် စကားကို နားမလည်နိုင်ဘဲ ...

"ဘာကိစ္စဖြစ်လို့လဲ"





"သူနဲ့ငါ အဆက်အသွယ်ပြတ်နေတာ ကြာပြီ၊ တစ်နှစ်လောက်တောင် ရှိတော့မယ်၊ သူက မလေးရှား သွားအလုပ်လုပ်နေတာ၊ သွားစကတော့ အဆက်အသွယ်ရပါသေးတယ်၊ နောက်တော့ လုံးဝ ဖုန်းလည်းမလာ၊ စာထည့်လည်း မပြန်တော့ဘူး၊ သူ့သူငယ်ချင်းတွေ ပြောတော့လည်း ဒီပဲ ပြန်ရောက်နေသလိုလို၊ သူ့အိမ်သွားစုံစမ်းတော့လည်း အိမ်ပြောင်းသွားပြီတဲ့၊ ငါ့ကိုထားခဲ့ပြီး အသစ်ရှာတွေ့သွားပြီလား မပြောတတ်ပါဘူး၊ အဲ့ဒါနဲ့ ငါလည်း ငါ့အချစ်ရေးလေး ကံကောင်းလာမလားလို့ အစ်မတော် မြနန်းနွယ်ဆီ သွားမလို့ပါဟယ်"

သိင်္ဂါရသည် မမယဉ်စကားတွေကို နားထောင်ရင်း မမယဉ်ကို သနားသည့်ကြားက ရယ်ချင်လာရပါသည်။

မမယဉ်ရဲ့ ချစ်သူ ကိုဝဏ္ဏကို သိင်္ဂါရက အစ်ကိုလို ခင်မင်ခဲ့ရဖူးပါသည်။ မမယဉ်ကို သဘောကျသော ကိုဝဏ္ဏက မမယဉ်နဲ့ နီးစပ်ဖို့အတွက် မမယဉ်တို့အိမ်ကို ဝင်ထွက်နေသော သိင်္ဂါရကို ချော့မော့ချဉ်းကပ်ကာ လက်ဆောင်လူကြုံပေးခိုင်း၊ စာလူကြုံပေးခိုင်းတာတွေကိုလည်း မမယဉ်အိမ်က မသိအောင် အကျိုးဆောင် အောင်သွယ်ပေးခဲ့ဖူးပါသည်။

အိမ်တွင်းပုန်း မမယဉ်ဟာ ကိုဝဏ္ဏအပေါ် အရူး



www.burmeseclassic.com

www.burmeseclassic.com



အမှုး ချစ်ခဲ့တာကိုလည်း သိသည်မို့ သူတို့ချင်း အဆင်ပြေ ပေါင်း ဖက်ရပါစေဟု ဆုတောင်းပေးခဲ့ဖူးပါသည်။

ခုလို အဆင်မပြေဖြစ်မှန်း သိရတော့ တကယ်ပဲ စိတ်မကောင်း၊ တစ်ယောက်တည်း ဗိုလ်တထောင်ထိ သွားရမှာကို လည်း စိတ်မချဖြစ်မိကာ ...

"မမယဉ် ထမင်းစားပြီးပြီလား"

"မစားရသေးဘူး"

"ဒါဆို ... လာ၊ ဟိုနားက ချစ်တီးထမင်းဆိုင်မှာ ကျွန်တော် နဲ့ အတူသွားစားမယ်"

"မစားတော့ပါဘူးဟယ်၊ ဗိုလ်တထောင်ဘုရား သွားဦး မှာ ..."

"စားပြီးမှသွားလည်း ရတာပဲ၊ လာပါ မမယဉ်ရာ၊ ထမင်း အရင်စား၊ ပြီးရင် မြို့ထဲက စတိုးဆိုင်တွေဘက် လျှောက် ကြည့်လိုက်ဦး၊ ကျွန်တော် အဖော်လိုက်ပေးမယ်၊ မမယဉ် ကြည့်ရတာ မလန်းဘူး၊ ရည်းစားပူမိနေမှန်း သိသာတယ်၊ မြို့ထဲရောက်တုန်း စိတ်ကို relax လုပ်ပစ်လိုက်စမ်းပါ၊ ဘာမှစိတ်မပူနဲ့၊ ကိုဝဏ္ဏအကြောင်း ကျွန်တော်သိပါတယ်၊ ကိုဝဏ္ဏက မမအပေါ် ကလိန်ကကျစ် လှည့်စားမယ့်လူ မဟုတ်ပါဘူး၊ သူ မမယဉ်အပေါ် ချစ်ရှာပါတယ်"





"ဟုတ်ပါ့မလားဟယ်"

"ဟုတ်လောက်ပါတယ် မမယဉ်ရယ်၊ လာ ... ထမင်းဖြောင့် ဖြောင့်စား၊ ဘုရားသွားဖို့လည်း မပူနဲ့၊ ကျွန်တော်ကိုယ်တိုင် တက္ကဆီငှားပြီး ဘုရားထိ လိုက်ပို့ပေးမယ်၊ တို့ မမယဉ်ကြီး ချစ်တဲ့သူနဲ့ အိမ်ထောင်ကျရေး တို့အရေးပဲ"

"ဒီကောင်လေးဟာ ..."

သိင်္ဂါရသည် မမယဉ်လက်ကို ဆွဲခေါ်လာခဲ့သည်။ ချစ်တီးဆိုင်မှာ အတူစားပြီးတော့ မြို့ထဲတစ်ပတ် လျှောက်ကြည့် စဉ်မှာ မမယဉ်ရဲ့ မျက်နှာပေါ်က ညှိုးရိပ်ကလေး နည်းနည်းလျော့ သွားတာ မြင်ရသည်။

J' donuts ဆိုင်ရှေ့ရောက်တော့ သူက ဟိုဒီ ငေးမော ရင်း လမ်းလျှောက်နေသည့် မမယဉ်ကို လှမ်းခေါ်ရင်း ...

"မမယဉ် အအေး သောက်ဦးမလား"

"မသောက်တော့ပါဘူး"

"လာပါ ... သောက်လိုက်ပါ၊ ရာသီဥတုပူတော့ ခဏခဏ ရေငတ်မှာ၊ J' donuts ရှေ့ရောက်တုန်း ဝင်သောက်လိုက် ကြရအောင်"

သိင်္ဂါရက ဆိုင်ထဲသို့ ဦးဆောင်ဝင်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲမှာက လူအပြည့်၊ နေရာလွတ်တောင် မရှိတော့။ ထောင့်နားကျကျ စားပွဲတစ်လုံးမှာတော့ လူတစ်ယောက်က ဝင်ဝဘက်ကို ကျောခိုင်းထိုင်ရင်း ဂျာနယ်ဖတ်နေသည်။ သူ့ရှေ့မှာတော့ ပြောဇ်တလင်းခါအောင် သောက်ထားသော ဖန်ခွက်လွတ်တစ်ခုကို တွေ့ရသည်။

သိင်္ဂါရက ကောင်တာမှ အအေးဖန်ခွက်နှင့် မုန့်တွေ သွားယူလာပြီး ...

"လာ ... မမယဉ် ဟိုလူထိုင်နေတဲ့ စားပွဲမှာပဲ ဝင်ထိုင်လိုက်ရအောင်"

"စားပွဲလွတ် မရှိတော့ဘူးလား၊ ရှာပါဦး ...၊ ကိုယ်မသိတဲ့ လူကြီးနဲ့ အတူတူမထိုင်ချင်ပါဘူး သိင်္ဂါရရယ်"

"စားပွဲလွတ်က မရှိတော့ဘူးလေ၊ လာပါ မမယဉ်ရဲ့၊ ဟိုလူလည်း စားသောက်ပြီးနေပါပြီ၊ ခဏနေ ထ,သွားမယ့်ပုံပါ"

သူ ဦးဆောင်ရာသို့ မမယဉ်က လိုက်ပါလာသည်။ စားပွဲရှေ့ရောက်တော့ သိင်္ဂါရက စားစရာတွေကို စားပွဲပေါ် ချလိုက်ရင်း ...

"ထိုင်မယ်နော် ..."





ဟု ခွင့်တောင်းလိုက်သည်။ ထိုအချိန်တွင် ဂျာနယ်ဖတ်နေသော သူက သိင်္ဂါရနှင့် မမယဉ်တို့ဘက်သို့ ချာခနဲ လှည့်ကြည့်လိုက်လေသည်။

"ဟာ ... ကိုဝဏ္ဏ"

"ဟယ် ... ကို ..."

"ဟင် ... ယဉ်ပါလား"

ဤကား ကိုဝဏ္ဏတည်း။

မမယဉ် နှစ်လချီ၍ ရှာဖွေနေခဲ့သော ကိုဝဏ္ဏတည်း။

ပြန်တွေ့ဖို့ အကြောင်းဖန်လာတော့လည်း လွယ်လွယ်ကလေးပင်တည်း။

မမယဉ်ရဲ့ ဖြူဖျော့ဖျော့ မျက်နှာလေးသည် ရုတ်တရက် သွေးရောင်လွှမ်းသွား၏။ ကိုဝဏ္ဏရဲ့ မျက်လုံးများသည် ချစ်ရည်ရွှန်း၍လာ၏။ ရုပ်ရှင်ထဲမှာဆို ပြေးဖက်သင့်သည့် အကွက်မျိုး။ J' donuts ထဲမှာမို့ ပြေးမဖက်ပေမယ့် ကိုဝဏ္ဏက မမယဉ်နား ပြေးကပ်လာ၏။

"ယဉ် ..."

"ရှင် နေနိုင်တယ်နော် ... ဒီမှာရှိနေရက်သားနဲ့ ..."

"စိတ်မဆိုးပါနဲ့ ယဉ်ရယ်၊ ကိုယ့်အဖြစ်ကို ကိုယ် ရှက်လွန်းလို့ ယဉ်နဲ့ လာမတွေ့ရဲသေးတာပါ၊ ကိုယ်က ယဉ့်ကို



www.burmeseclassic.com

www.burmeseclassic.com



တင့်တောင့်တင့်တယ် ယူနိုင်ဖို့ ပိုက်ဆံရှာမယ်ဆိုပြီး ထွက်သွားခဲ့တာ မဟုတ်လား၊ ဟိုရောက်တော့ အလုပ်က အရမ်းပင်ပန်း ဆင်းရဲလွန်းတာနဲ့ ကိုယ် ဒဏ်မခံနိုင်ဘဲ ပြန်လာခဲ့မိတာ၊ ပိုက်ဆံလည်း ဘယ်လောက်မှ မပါလာခဲ့ဘူးလေ၊ ဒီလို အခြေအနေမျိုးနဲ့ ယဉ်ကိုမတွေ့ချင်သေးလို့ အဆက်အသွယ် မလုပ်ဘဲနေတာပါ၊ ကိုယ် အခု အလုပ်တစ်ခု လုပ်ဖို့တော့ ကြိုးစားနေပါတယ်၊ အဆင်ပြေရင်တော့ ယဉ်ကိုလာတွေ့ပြီး အကျိုးအကြောင်း ပြောပြတောင်းပန် မလို့ပါပဲ"

မမယဉ်က ဘာမှဆက်မပြောတော့ပေမယ့် မျက်လုံးတွေကတော့ ခွင့်လွှတ်ကြောင်း ပြောပြနေသည်။ အချစ်စာတုံ့တွေ ထုတ်လွှတ်နေသည်။ မျက်ရည်ကြည်ကလေးတွေ ဝဲစို့လျက် တလက်လက် တောက်ပလာကြကုန်၏။ ထိုအခါ သိင်္ဂါရဘက်က အလိုက်သိဖို့ လိုအပ်လာရလေသည်။

"ကိုဝဏ္ဏ မမယဉ် ... ကျွန်တော် သွားလိုက်ပါဦးမယ် ခင်ဗျ"

"အေးဟယ် ... ကျေးဇူးပဲ သိင်္ဂါရရယ်၊ နင့်ကြောင့် နင်ခေါ်လို့ သူနဲ့ပြန်ဆုံရတာ၊ သိလား ... ကို၊ သိင်္ဂါရနဲ့ ယဉ်က မြို့ထဲမှာ အမှတ်တမဲ့ဆုံမိပြီး သူခေါ်လို့သာ ယဉ် ဒီဆိုင်ထဲ





က ဒီနေရာကိုမှ တန်းတန်းမတ်မတ် လာမိလျက်သား ဖြစ်သွားတာ"

"ကျေးဇူးပဲနော် ... ညီလေး၊ နောက်မှ အေးအေးဆေးဆေး တွေ့ကြသေးတာပေါ့"

"ဟုတ်ကဲ့ ... အစ်ကို"

သိင်္ဂါရက အအေးဆိုင်ထဲမှ ပေါ့ပါ့ပါးပါး ပြန်ထွက်လာသည်။ မမယဉ်တို့ နှစ်ယောက်ကတော့ ပြုံးပျော်ကျန်ခဲ့မှာ သေချာသည်။ ကိုယ့်ကြောင့် သူတစ်ပါး ပျော်ရွှင်တာ မြင်ရတော့လည်း စိတ်ချမ်းသာရလေသည်။

အဖြစ်အပျက်ကတော့ ဤမျှသာပင် ... ။

ဘာမှလည်း ဆန်းကြယ်တဲ့ ကိစ္စမဟုတ်။

နောက် နှစ်လလောက်ကြာတော့ မမယဉ်က သိင်္ဂါရကို ကျောင်းမှာလာရှာကာ မင်္ဂလာဆောင်ဖိတ်စာ ပေးရင်း ရွှန်းရွှန်းဝေအောင် ပြောသည်မှာ ...

"သိင်္ဂါရရယ် ... နင်က တကယ့် lucky လေးပဲ သိလား၊ နင်နဲ့တွေ့လို့သာ ငါ့အချစ်ရေးက အရမ်းအဆင်ပြေသွားတာ၊ ကိုဝဏ္ဏလည်း ငါနဲ့ပြန်တွေ့ပြီး မကြာခင် ဒီမှာပဲ အလုပ်ကိစ္စလေးတစ်ခု အဆင်ပြေသွားတယ်လေ၊ အဲဒီ အလုပ်က အကျိုးအမြတ်လေးလည်း တော်တော်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ မင်္ဂလာဆောင်ဖို့ အားချင်း စီစဉ်ဖြစ်တာ၊ အရမ်း ကျေးဇူးတင်တယ်ဟယ် ... တကယ်"

"အာ ... ဒီလောက်ကြီးလည်း မဟုတ်ပါဘူး မမယဉ်ရာ၊ တိုက်ဆိုင်မှုသက်သက်ပါ"

"ဒါ ... 'ကံ' ဟဲ့၊ တိုက်ဆိုင်မှုမဟုတ်ဘူး၊ ငါ့ကို ကံကောင်းစေတဲ့ သူက 'နင်' ပဲ"

မမယဉ်က ကျေးဇူးတွေ တနင့်တပိုး တင်နေတာမို့ သိင်္ဂါရမှာ မနေတတ် မထိုင်တတ် ရှက်စနိုးဖြစ်နေခဲ့ရသည်။

"နင်က လပ်ကီးလေးပဲ သိလား ... လပ်ကီးလေး"

"ဟာ ... တိုးတိုးပြောပါ မမယဉ်ရာ"

မမယဉ့်အသံက ကျယ်တာမို့ ဘေးက ဖြတ်သွားဖြတ်လာ ကျောင်းသူ ကျောင်းသားတွေပင် လှည့်ကြည့်သွားကြ၏။ သူ့မှာ ရှက်ရှက်နှင့် မမယဉ်ကို တားမြစ်ရ၏။ ထိုအခိုက်မှာ ဆယ်တန်းတုန်းကတည်းက မမယဉ်နှင့် ခင်မင်ခဲ့ကြသော ဇော်ဇော်တို့ တင်မင်းသော်တို့ အုပ်စုက အနားရောက်လာတာမို့ မမယဉ်က ဝမ်းသာအားရ နှုတ်ဆက်ပြန်သည်။

"ဇော်ဇော်တို့ပါလား ..."

"ဟာ ... မမယဉ်ကြီးပါလား၊ ဒီကို ဘာလာလုပ်တာလဲ"





"နင်တို့ သူငယ်ချင်း လပ်ကီးမန်းလေးကို ကျေးဇူးတင်ကြောင်း ပြောရင်း ဖိတ်စာလာပို့တာလေ"

"မင်္ဂလာဆောင် ဖိတ်စာလား၊ စားရတော့မှာလား၊ ဒီကောင် ဘာတွေကူညီထားလို့လဲ ..."

"သူ့ကြောင့် မမယဉ် ချစ်သူနဲ့ ပြန်အဆင်ပြေသွားတယ်လေ၊ သူက တကယ့် လပ်ကီးလေး"

"တော်ပါ မမယဉ်ရယ်၊ တော်ကြာ ကျွန်တော် အလကားသက်သက် နာမည်ကြီးနေပါဦးမယ်၊ ပြန်တော့နော် ... ပြန်တော့"

သူက မမယဉ်ကို အတင်းတွန်းလွှတ်သော်လည်း ယဉ်က ပြန်တော်မမူသေးဘဲ ...

"ဩော် ... လပ်ကီးမို့လို့ လပ်ကီးပြောတာပေါ့ဟယ် ..."

"ဟုတ်ကဲ့ပါ ... ဟုတ်ကဲ့ပါ၊ မင်္ဂလာဆောင်ကျ ဆက်ဆက် လာခဲ့ပါ့မယ်"

"နင်တို့ သူငယ်ချင်းတွေလည်း ငါ့အိမ်ဘက် ခြေဦးမလှည့်တာ ကြာပြီနော်၊ မုန့်လုပ်ကျွေးချင်လို့ လာခဲ့ကြပါဦး"

"လာမှာ ... လာမှာ"

ပျော်ရွှင်တက်ကြွလွန်းနေသော မမယဉ် ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



တော့မှ သိင်္ဂါရမှာ သက်ပြင်းချရသည်။ ဇော်ဇော်တို့နှင့် အတ
ပါလာသော ကောင်မလေးတွေက သိင်္ဂါရကို ပြုံးစိစိကြည့်ရင်း ...

"ငါလည်း အချစ်ရေး ကံမကောင်းဘူးဖြစ်နေလို့ ကူညီ
လား သိင်္ဂါရရယ်"

"တော်စမ်းပါဟာ ..."

သိင်္ဂါရက ထိုဇာတ်လမ်းကို ဤနေရာမှာပဲ အဆုံး
သတ်ပြီဟု ထင်ခဲ့၏။

သို့သော် ... ထိုဇာတ်လမ်းမျိုး ခပ်ဆင်ဆင်
ပေါ်ပေါက်လာသော အခါတွင်ကား ...။





ဟာ ... ဒီကောင် 'ငပွေ' ပဲ"

ငါးရံ့နှစ်ကောင် ဖမ်းနေတာတော့ အသေအချာပဲ။

ဒဂုံစင်တာထဲက ကော်ဖီဆိုင်မှာ တစ်ယောက်တည်း အေးအေးလူလူ ထိုင်ကာ ကော်ဖီတစ်ခွက်ကို ဖိမ်ဆွဲသောက်နေသော သိင်္ဂါရသည် ဆိုင်ထဲသို့ လက်ချင်းတွဲ၍ ဝင်လာသော စုံတွဲကို လှမ်းကြည့်ရင်း မျက်ခုံးပင့်လိုက်မိလေသည်။

'ရာဇ' ဟု အမည်ရသော သိင်္ဂါရတို့ အတန်းထဲက ထိုတစ်ယောက်က သိင်္ဂါရတို့ အုပ်စုထဲက နုနုဖြူနှင့် ကြိုက်နေတယ်ဆိုတာ မနေ့ကအထိ အားလုံးအသိပင်။

ဒီနေ့ကျတော့ နောက်တစ်ယောက်နှင့် တွဲတွေ့နေ



www.burmeseclassic.com

www.burmeseclassic.com



ပြန်သည်။ ခဲတစ်လုံးနှင့် ငှက်နှစ်ကောင်ပစ်မည့် သဘော၊ နှလုံးသား တစ်ခုနှင့် မိန်းကလေးနှစ်ယောက်ကို ချစ်မည့်သဘောလေလော့ ...။

သူတို့စုံတွဲက သိင်္ဂါရရဲ့ ကျောဘက် စားပွဲမှာ ဝင်ထိုင်လိုက်ကြသည်။ သူ့တို့အာရုံနှင့် သူတို့မို့ သိင်္ဂါရကိုလည်း မြင်ပုံမရ။ သိင်္ဂါရတို့ကလည်း မမြင်လေကောင်းလေ စပ်စုဖို့ အခွင့်သာလေမို့ ထိုနှစ်ယောက်ရဲ့ ပိကျို ပိကျို စကားသံတိုးတိုးလေးတွေကို နားစွင့်စပ်စုနေလိုက်လေသည်။

ထိုခဏမှာပဲ နုနုဖြူက နှုတ်ခမ်းကို မောင်းတင်ကာ ကော်ဖီဆိုင်ဘက်သို့ ဆောင့်ဆောင့်နှင့် ဝင်ချလာပါသည်။ နုဖြူက လည်း သူ့ဇောနှင့်သူမို့ သိင်္ဂါရကို မမြင်ဘဲ အမြင်ရှုပ်ချော်ထွက်သွားသည်။

သိင်္ဂါရသည် ယခုအချိန်မှ စ၍ ကော်ဖီတစ်ခွက်နှင့် အတူ ပွဲကြီးပွဲကောင်းကို မြည်းစမ်းခွင့်ရတော့မည် ဖြစ်သည်။ သို့သော် ပွဲက မမျှတသဖြင့် ကြည့်မကောင်းချေ။

"ထင်တဲ့အတိုင်းပါပဲလား ရာဇရဲ့ ... ဟင်"

"ဟင် ... နုဖြူ မင်း ... ဘယ်က ဘယ်လို ..."

"နင့် ခြေလှမ်းတွေကို မသင်္ကာလို့ လိုက်ချောင်းတာလေ ရှင်းလား ..."





"မောင် ... ဒါက ဘယ်လိုဖြစ်တာလဲ၊ သူက ဘယ်သူလဲ"

"နေ ... နေ ... ချစ်၊ မောင် ကြည့်ရှင်းလိုက်မယ်"

အလဲ့ ...။

ကိုယ်တော်ချောက တစ်ဖက်မှာ ဟီးရီးလုပ်လိုက်သေးသည်။

ပွဲက မလှတော့။ တစ်ဖက်သတ်ကြီး ဖြစ်နေပြီ။

"နုဖြူ ... လာ ... ဟိုဘက်မှာ ခဏစကားသွားပြောရအောင်"

"ဘယ်ဘက်လဲ ..."

"ဟိုဘက်နား ..."

"မသွားဘူး၊ ဒီမှာပဲ ပြော ..."

"လာပါကွာ ... ပြဿနာမတက်ချင်စမ်းပါနဲ့"

"ပြဿနာဖန်တီးတာက ရှင်လေ၊ အဲဒီတော့ ရှင် ဖန်တီးတဲ့ ပြဿနာကို သူ့ရှေ့မှာပဲရှင်း၊ ပြော ... ဘာပြောစရာရှိလဲ"

"ကဲ ... မင်း သိပ်ပြောစေချင်လည်း ကိုယ်ပြောလိုက်မယ် နုဖြူ၊ ကိုယ် အခု မင်းကိုမချစ်တော့လို့ သူနဲ့တွဲနေတာ၊ သူ့ကိုချစ်လိုက်တာ ... ရှင်းလား"

"ဟင် ... ရှင် ... ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"လူပုံအလယ်မှာ အရှက်မကွဲချင်ရင် မင်း အေးအေးဆေးဆေး ပြန်လိုက်ရင်ကောင်းမယ်၊ မင်းလို ဒေါသရှေ့ထားပြီး ဝူးဝူးဝါးဝါးလုပ်တတ်တဲ့၊ မယုံသင်္ကာဖြစ်တတ်တဲ့ အကျင့်မျိုးရှိတဲ့ မိန်းကလေးမျိုးကို ငါမှမဟုတ်ဘူး၊ တခြား ဘယ်ယောကျ်ားကမှ မကြိုက်ဘူးကွ"

ပွဲက မလှုပလွှန်းတာမို့ သိင်္ဂါရက မျက်နှာခပ်မော့မော့နှင့် သူတို့ကြားမှာ ဝင်ရပ်လိုက်သည်။

"သိင်္ဂါရ… မင်း ဘာလာရှုပ်တာလဲ"

"လာရှုပ်တာမဟုတ်ဘူး … လာရှင်းတာ၊ ငါက နုဖြူကို အရမ်းကြိုက်နေတာ၊ ပွင့်ပွင့်လင်းလင်း ပေါ့ပေါ့ဒိုင်းဒိုင်း ပုံစံလေးကို အရမ်းသဘောကျလွန်းလို့ ရင်ထဲမှာ နင့်စွဲနေတာပဲ၊ မင်းလို 'မိန်းမလို မိန်းမရကောင်' ကိုသာ ဘယ်မိန်းမမှ မကြိုက်မှာ …"

"ဟား … ဟား … ရယ်စရာကောင်းလိုက်တာ၊ ဟိုမှာ ထိုင်နေတာ ငါ့ကိုချစ်တဲ့ ငါ့ရည်းစားလေကွာ၊ မင်းမသိဘူးလား"

"မင်းလိုကောင်ကို ချစ်နိုင်လည်း ခဏပေါ့ကွာ၊ မကြာဘူး ပစ်သွားမှာ၊ မယုံစောင့်ကြည့်လိုက်၊ လာ… နုဖြူ ကိုယ်တို့ ဒဂုံစင်တာ တစ်ပတ်ပတ်လိုက်ကြရအောင်၊ နုဖြူလိုချင်တာ





တွေ ကိုယ်ဝယ်ပေးမယ်၊ အထုပ်လည်း ဆွဲပေးမယ်၊ ကိုယ့်ရဲ့ နုဖြူလေး ပျော်စေရမယ်ကွာ … နော်"

သိင်္ဂါရက နုဖြူလက်ကိုဆွဲကာ ရာဇရှေ့မှ ထွက်ခွာသည်။ တရင်းတနှီး ပေါင်းသင်းနေသော သူငယ်ချင်းမို့ နုဖြူက်ကို သူ ဆွဲခေါ်ရဲခဲ့တာပင် …။

သိင်္ဂါရနောက်သို့ အလိုက်သင့်ပါလာသော နုဖြူက ဝေးဝေး ထောင့်ချိုးနားရောက်တော့ ငုတ်တုတ်ထိုင်ချကာ ီးခနဲ ငိုချလိုက်လေသည်။

သူက အထိတ်တလန့် ဖြစ်သွားကာ …

"ဟာ … နုဖြူ လူမြင်ကွင်းကြီးထဲမှာ၊ ထပါဟာ … မငိုပါနဲ့၊ မငိုနဲ့ … နင် ဟိုကောင့်ရှေ့မှာ အရှုံးပေးရမှာစိုးလို့ ငါ တမင် ဝင်ပြောတာ နင်နားလည်တယ်မဟုတ်လား"

"နားလည်တယ်၊ ငါသဘောပေါက်တယ် သိင်္ဂါရ၊ ဒီကောင် ဒီကောင် ရက်စက်လွန်းလို့ပါဟာ၊ သူမချစ်တော့ရင် နေပေါ့၊ ဘာဖြစ်လို့ တခြားသူတွေပါ ချစ်မှာမဟုတ်ဘူးလို့ သူများ အနာဂတ်ကို တဆုံးပြောရတာလဲ"

"အေး … ဟုတ်တယ်၊ ဒီကောင်ပြောတာ တော်တော်လွန်တယ်"

"သိင်္ဂါရ … နင် ငါ့ကို အားမနာစတမ်း အမှန်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောစမ်းပါ၊ ငါက တကယ်ပဲ သူပြောသလို စိတ်ပျက်စရာ ကောင်းတဲ့၊ ဘယ်သူမှ မချစ်ချင်တဲ့ မိန်းကလေးမျိုးလား"

နုဖြူက သူ့မျက်နှာသူ လက်ညှိုးထိုးပြရင်း အံကြိတ် မေးတာမို့ သူက ခေါင်းကို တအားယမ်းပြလိုက်ရင်း ...

"နိုး ... နိုး ... လုံးဝမဟုတ်ဘူး၊ နင့်ကိုဆို ငါ့သူငယ်ချင်းတွေကတောင် သဘောကျတာ၊ ဟိုကောင် ရာဇနဲ့ ကြိုက်နေမှန်း သိလို့သာ နင့်နား မကပ်ရဲတာ၊ ခုလို ပြတ်ပြီဆိုတာသာ သိရင် နင့်နား ချက်ချင်းရောက်လာမယ့် လူတွေ အများကြီး"

"ဟုတ်လို့လားဟင်၊ ငါ အားငယ်နေမှန်း သိလို့ နင် အားပေးနှစ်သိမ့်နေတာ မဟုတ်လား"

"မဟုတ်ရပါဘူးဟာ၊ ငါ တကယ်ပြောတာပါ"

"ဒါပေမယ့်ဟယ် ငါ့ကိုက အချစ်ရေးမှာ ကံဆိုးလွန်းပါတယ်၊ ငါ ကံဆိုးလို့ ဒီလိုအဖြစ်မျိုး ကြုံရတာပါ သိင်္ဂါရရယ်၊ နင့်ကိုတော့ ကျေးဇူးတင်ပါတယ်ဟယ်၊ ငါ့သိက္ခာကို ဝင်ဆယ်ပေးလို့ ငါ အရမ်းကျေးဇူးတင်ပါတယ်၊ အဟင့် ဟီး ..."

"ဟာ ... တော်ပါတော့ဟာ၊ အငိုကလည်း ရှဲလိုက်တာ၊ သူများတကာတွေ ကြည့်ကုန်ကြပြီဟ၊ နင်မရှက်ဘူးလား၊





နင့်ချော့နေရတဲ့ ငါတောင် ရှက်လာပြီ၊ ထ ... ထ၊ ကံဆိုတာ ဒီနေ့ ဆိုးပေမယ့် မနက်ဖြန်ကျ ကောင်းချင် ကောင်းသွားတာ၊ စိတ်မညစ်နဲ့၊ ပျော်ပျော်ပဲနေ၊ မျက်ရည်သုတ်၊ မျက်နှာကို အစွမ်းကုန်ပြုံးပြီး အဂုံစင်တာထဲ တစ်ပတ်ပတ်ပြလိုက်စမ်းပါ၊ ဟိုကောင် ထိုင်နေတဲ့ ဆိုင်ရှေ့ကပါ ဖြတ်လျှောက်ပစ်လိုက် ..."

နုဖြူ အငိုရပ်နေ၊ ရစ်နေတာဟာ အမှန်တကယ် စိတ်ပျက်စရာ ကောင်းလာပေမယ့် သူငယ်ချင်းမို့ သည်းခံအားပေးပေးမနေရပါသည်။

တဖြည်းဖြည်းနှင့် နုဖြူလည်း နားဝင်လာကာ သိင်္ဂါရနှင့်အတူ ပျော်ရွှင်တက်ကြွစွာဖြင့် ဒဂုံစင်တာ တစ်ပတ် ပတ်လေသည်။ ဗိုက်ဆာလာတော့ food court ထဲ ဝင်ကာ ဗိုက်ဖြည့်နေကြဆဲ ...

"ဟာ ... ဟေ့ကောင် သိင်္ဂါရ ..."

"ဟာ ... ဟေ့ကောင် မိုးကြီး၊ ချစ်မိုးကြီး"

မတွေ့တာကြာပြီဖြစ်သော သူငယ်ချင်း မိုးသက်ဇော်က သိင်္ဂါရတို့ စားပွဲဆီ တန်းတန်းမတ်မတ် လျှောက်လာနေသည်။ မိုးကြီး မျက်စိကတော့ နုဖြူဆီကိုသာ တန်းတန်းမတ်မတ် ကျရောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်း မိုးကြီး ငါ့ကြည့်ပါဦးလား၊ မတွေ့ရတာ ကြာပြီလေ"

"မင်းကလည်းကွာ ..."

မိုးကြီးက ရှက်ကိုးရှက်ကန်း ဖြစ်သွားတာမို့ သိင်္ဂါရက ရယ်မောလိုက်ရင်း ...

"နုဖြူ ... ဒါ ငါ့သူငယ်ချင်း မိုးသက်ဇော်၊ ငါတို့ကတော့ ချစ်မိုးကြီးပဲ ခေါ်တယ်၊ ငါ ဆယ်တန်းဖြေပြီးစ သင်တန်းတွေ လျှောက်တက်နေတုန်းက သင်တန်းမှာ ခင်ခဲ့တဲ့ သူငယ်ချင်း"

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ်"

"မိုးကြီး ... ဒါက ငါ့သူငယ်ချင်းမလေး နနုဖြူ"

"သူငယ် ... သူငယ်ချင်းလား"

"ဟုတ်တယ်၊ သူငယ်ချင်းအစစ်ပဲ၊ မင်းပိုးချင်ရင် လွတ်လွတ်လပ်လပ် ပိုးခွင့်ရှိတယ်"

"သိင်္ဂါရနော် ..."

"မင်းကလည်းကွာ"

"ဟား ... ဟား၊ နှစ်ယောက်စလုံး ရှက်နေကြတယ်ပေါ့ လေ"

သိင်္ဂါရက ဘာရယ်မဟုတ် နောက်ပြောင်ကျီစယ်ရုံ





သက်သက်ပင်။ အောင်သွယ်တွေ ဘာတွေလုပ်ဖို့အထိတော့ စိတ်ခဝင်စားပါ။

မိုးကြီးကလည်း အတွဲတူ တစ်ဝိုင်းတည်းမှာ လာထိုင်စားပြီး နုဖြူနှင့် စကားကောင်းနေကြသည်။ နှစ်ယောက်စလုံးက ရုပ်ရှင်ကြိုက်ပုံရတာမို့ ရုပ်ရှင်အကြောင်းတွေ စပ်မိစပ်ရာ ပြောနေကြတာပင်။

သိင်္ဂါရက နာရီတစ်ချက်ကြည့်မိရင်း ...

"ဟာ ... မေ့တော့မလို့၊ ငါ မေမေ့ကို ဒီညနေ ဆေးခန်းပို့ပေးစရာရှိတယ်ကွ၊ သွားမှဖြစ်မယ်၊ နုဖြူ နင်ရော ဘယ်ပြန်မှာလဲ"

"ငါက ရွှေတောင်ကြားက အဒေါ်အိမ် ခဏသွားမှာ ..."

"ဒါဆို ငါနဲ့ လမ်းမကြုံဘူး"

"နင့်ဘာသာပြန်လေ၊ ငါလည်း ငါ့အဒေါ်ဆီ ကားငှားသွားလိုက်မှာပေါ့"

"ကျွန်တော်က အင်းလျားလမ်းဘက်သွားမှာ နုဖြူ၊ ကျွန်တော့်ကားနဲ့ လမ်းကြုံလိုက်ခဲ့ပါလား"

"အားနာစရာ ..."

"အားနာမနေနဲ့ နုဖြူ လိုက်သာသွား၊ ငါ့သူငယ်ချင်းက စိတ်ချရတယ်၊ ငါအာမခံတယ်၊ အိုကေနော် ... ငါကိုးပြီ"



www.burmeseclassic.com

www.burmeseclassic.com



သိင်္ဂါရက လွတ်အိတ်ကလေး ကောက်စလွယ်သိုင်းလိုက်ပြီး ဒဂုံစင်တာထဲမှ ခပ်သွက်သွက် ထွက်လာခဲ့ပါသည်။

နုဖြူနဲ့ မိုးကြီးတို့ အတူတွဲပြန်တဲ့အခါ ဘာတွေဖြစ်လာနိုင်ချေရှိတယ်ဆိုတာ သူဆက်မတွေးဖြစ်ခဲ့ပါ။ မေမေ့ကို ဆေးခန်းပြဖို့သာ စိတ်စောနေတာမို့ တောင်တောင်အီအီ မစဉ်းစားဖြစ်ခဲ့ပါ။

ဒီကိစ္စကို သာမန် တစ်ခန်းရပ် ပြဇာတ်လေးဟုသာ ယူဆခဲ့ပါသည်။

သို့သော် ... ထိုတစ်ခန်းရပ်ပြဇာတ်က သူ့နောက်ကွယ်မှာ ကိုရီးယားဇာတ်လမ်းတွဲကြီး ဖြစ်သွားတာကို သူ လုံးဝ မသိလိုက်။

နောက် ခြောက်လလောက်ကြာတော့ နုဖြူက ပြုံးပြုံးကလေး သတင်းပေးလာပါသည်။

"သိင်္ဂါရ... ကျေးဇူးပဲ သိလား"

"ဟမ် ... ဘာကိုလဲ"

"ငါ အခု အချစ်ရေး ကံမဆိုးတော့ဘူး"

"နင့်ဘာသာ ကံမဆိုးတာနဲ့ ငါ့ကျေးဇူးတင်စရာလား"

"တင်ရမှာပေါ့၊ နင့်ကြောင့် အဆင်ပြေသွားတာကိုး၊ နင့်





သူငယ်ချင်း မိုးကြီးက အရမ်း စိတ်ထားကောင်းတာပဲ သိလား၊ အဟင်းဟင်း ..."

သိင်္ဂါရက နုဖြူရဲ့ အဟင်းဟင်း ရယ်သံကြောင့် သဘောပေါက်သလို ဖြစ်လာကာ ...

"ဒါဆို နင် ... နင်က မိုးကြီးနဲ့ ..."

"အဟင်း ... ဟုတ်တယ်၊ သူနဲ့ငါ ချစ်သူဖြစ်သွားတာ"

"ဟာ ... အံ့ရောဟာ၊ မြန်လိုက်တာ၊ ငါတောင် မသိလိုက်ရပါလား"

"ခု သိပြီပဲဟာ"

"အေးပါ ... အေးပါ၊ နင်ကံကောင်းတယ်ဆို ငါဝမ်းသာပါတယ်၊ ဟိုကောင် မိုးကြီးကိုလည်း တစ်ပွဲတော့ ကောင်းကောင်း ကျွေးခိုင်းရဦးမယ်"

"သူလည်း နင့်ကို ကျွေးချင်တယ် ပြောနေပါတယ်၊ ငါတို့ နှစ်ယောက်က ရှေ့လထဲကျ ငါတို့ခြံထဲမှာပဲ စေ့စပ်ပွဲလေး တစ်ပွဲ အကျဉ်းချုံးလုပ်မှာ၊ နင် လာခဲ့ရမှာနော်"

"အေးပါ ... လာပါ့မယ်"

"နင်က တကယ့် လပ်ကီးပဲ သိလား၊ ငါ နင်နဲ့အတူတွဲသွားလို့သာ ငါ့ကို အမှန်တကယ် ချစ်မယ့်သူနဲ့ တွေ့ခွင့်ရလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ ဖူးစာပါလို့ပါဟာ၊ ဖူးစာပါရင် ဘယ်နည်းနဲ့မဆို တွေ့ရမှာပဲဟာ"

"ဘာပဲဖြစ်ဖြစ် နင့်ကျေးဇူးတော့ ရှိပါတယ်၊ နင်က ငါ့အတွက် ကံကောင်းမှုတွေ သယ်လာပေးတဲ့သူ၊ ငါ့ သူငယ်ချင်းလေးက တကယ့် လပ်ကီးမန်းလေး"

သိင်္ဂါရမှာ ထိုဂုဏ်ပုဒ်ကို မလိုချင်လို့လည်း မရ၊ နုဖြူတို့ စေ့စပ်ပွဲကို သွားမိတော့လည်း သူငယ်ချင်းတွေကြားမှာ နုဖြူက သိင်္ဂါရကို လပ်ကီးမန်းဟု ကြော်ငြာသဖြင့် ဘာမှလည်းမဟုတ်ဘဲ သတင်းတွေကြီးသွားသည်။

သိင်္ဂါရကတော့ ဘာမဟုတ်တဲ့ ကိစ္စလေးကို သူတို့ 'ဖွ' နေကြတာပဲဟု ယူဆကာ ရယ်မောနေခဲ့ရသည်။

သို့သော် ... ဖွချင်သူတွေကြားသို့ ဖွစရာကိစ္စလေးတွေ မကြာမကြာ ပေါ်ပေါက်လာသော အခါတွင်ကား ...

❦ ❦ ❦





♠ ♠ ♠

ထိုနေ့က မျှော်စင်ကျွန်းထဲမှာ စတိတ်ရှိုးကြည့်ဖို့ သူငယ်ချင်းတွေနှင့် ချိန်းထားတာမို့ သိင်္ဂါရက ကန်တော်ကြီးထဲသို့ ဝင်လာခဲ့လေသည်။ ချိန်းထားသည့်ဆိုင်ထဲသို့ သူတစ်ယောက်တည်း အရင်စောရောက်နေခဲ့သည်။ ဟိုကောင်တွေက တစ်ယောက်မှ မရောက်လာသေး။ သူတစ်ယောက်တည်း နည်းနည်းပျင်းရိလာတာမို့ ဆိုင်နားတစ်ဝိုက် ဟိုနား ဒီနားလျှောက်ရင်း ရေခဲမုန့်ဆိုင်လေးဆီ လှမ်းကြည့်မိတော့ ရေခဲမုန့်စားချင်စိတ် ပေါ်လာသည်။

သူက ထိုဆိုင်ကလေးဆီ လျှောက်သွားလိုက်ပြီး ...

"ရေခဲမုန့် နှစ်ခု ..."



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောရင်း လက်နှစ်ချောင်းထောင်ပြလိုက်တော့ ရေခဲမုန့်သည်က မျက်လုံးပြူးကြည့်ရင်း …

"တစ်ယောက်တည်း နှစ်ခုလား"

"ဟုတ်တယ် … ဘယ်တစ်ခု ညာတစ်ခု ကိုင်စားသွားမှာ၊ ဟဲဟဲ … ကျွန်တော်က ရေခဲမုန့်ကြိုက်တယ်ဗျ"

သိင်္ဂါရက လှမ်းပေးသည့် ရေခဲမုန့်နှစ်ခုကို ယူပြီး အေးအေးဆေးဆေး ထိုင်စားလို့ရမည့် ရေစပ်က ခုံတန်းလေးဆီ လျှောက်လာခဲ့သည်။

သိင်္ဂါရက ခုံတန်းအလွတ်လေးမှာ ဝင်ထိုင်ပြီး အေးအေးလူလူ စားမည်ပြင်ဆဲမှာ သိင်္ဂါရရဲ့ ဘေးဘက်ဆီက ကအိအိ ငိုရှိုက်သံကို ကြားရလေသည်။ ငိုသံဟာ ပထမတော့ အိခနဲ အိခနဲ နည်းနည်း အချိန်ခြားပြီး ထွက်ပေါ်နေသည်။ နောက်တော့ ထို 'အိ' က စိပ်လာကာ 'အိအိ … အိအိ။' အဲဒီနောက် 'အိ အိ အိ အိ အိ …'။ နောက်ဆုံးတွင်တော့ 'အိ အိ အိ အိ အိ … အီး … ဟီး ရှုတ် … ဖတ် …' ဟူသော သံစုံတွဲကြီးကို ကြားလိုက်ရလေသည်။

သူ အလန့်တကြား လှည့်ကြည့်မိတော့ ကောင်မလေးလား ကောင်မကြီးလား မသိနိုင်သော ဝတုတ်မကြီးကို တွေ့လိုက်ရ၏။ ငိုရှိုက်နေပုံများ ကိုယ်လုံးကြီးတောင် သိမ့်သိမ့်





နေ၏။ နှပ်ချေးလည်း တရွှတ်ရွှတ်ညှစ်ကာ ထိုင်နေသော ခုံတန်း ကပ်ကပ်သုတ်သေး၏။

သိင်္ဂါရက အမြင်မတော်ဖြစ်လာကာ …

"ဟော့ … ဟော့ … ဒီမှာ … ငိုချင် ငိုပါ၊ မတားပါဘူး၊ ဒါပေမယ့် ခုံကိုတော့ နှပ်ချေးကပ်မသုတ်နဲ့လေဗျာ၊ နောက်လူတွေ လာထိုင်ရင် ပေကုန်မှာပေါ့ဗျ"

"ရှင် ဘာသိလို့လဲ … ရှင် ဘာသိလို့လဲ၊ အင့် … ဟီး …"

"ဟာ … ဒုက္ခပဲ၊ ကျွန်တော်က ဘာသိရမှာလဲ၊ ကျွန်တော်နဲ့ ခင်ဗျားလည်း မသိဘူးလေဗျာ၊ ကျွန်တော့် အသိထဲမှာ ခင်ဗျားနဲ့ ပုံစံတူတောင် မရှိပါဘူး"

"အဲ့ဒါပဲ … အဲ့ဒါပဲ၊ ရှင်တို့ ယောကျ်ားလေးတွေဟာ ဝတဲ့ မိန်းကလေးဆို အရေးကိုမလုပ်ဘူး၊ တော်တော် မတရားတဲ့ လူတွေ၊ နှစ်ရှည်လများ ရှိခဲ့ကြတဲ့ သံယောဇဉ်ကိုမှ မထောက် …"

"ဟာ … ကျွန်တော် ဘာလုပ်လို့လဲဗျ"

"ရှင့်ကိုပြောတာ မဟုတ်ပါဘူး၊ ရှင့်ကို မပြောပါဘူး၊ ဒီမှာ စိတ်တိုနေတာနဲ့ ရောသွားတာပါ၊ အမလေး ငိုရတာ မောလိုက်တာ၊ ရေတောင်ငတ်တယ်၊ အင် … ရှင့် ရေခဲမုန့်တွေ ပျော်ကျနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အာ ... ဟုတ်ပါရဲ့၊ ခင်ဗျားကို ပြောနေရတာနဲ့ ရေခဲ
တောင် စားဖို့ မေ့နေတယ်"

သိင်္ဂါရက ညာလက်က ရေခဲမုန့်ကို ကိုက်စား
တော့ ဝတုတ်မလေးက စားချင်သလို မျက်လုံးလေးတွေဖြင့်
သွားကာ ...

"ရှင် တစ်ယောက်တည်း နှစ်ခုတောင်လား"

"အင်းလေ ... တစ်ယောက်တည်း နှစ်ခုစားရင် ဘာ
တတ်လို့လဲ၊ ကိုယ်ကြိုက်လို့ ကိုယ်စားတာပဲ"

"လောဘကြီးလိုက်တာ၊ ကျွန်မကို တစ်ခုကျွေးပါလ
ရေငတ်နေလို့ ..."

"စားပါဗျာ ... စားပါ၊ အငိုတိတ်ပြီး ခုံကို နပ်မသုတ်တာ
ကျေးဇူးကြီးလှပါပြီ၊ ကျေးဇူးဆပ်တယ်ပဲ သဘောထာ
မယ်၊ ရော့ ... ရော့ ... စား၊ နည်းနည်းတော့ အရည်ပျော
ပြုနေပြီ၊ သည်းခံစား ..."

"ရတယ် ... ကျွန်မလည်း ရေခဲမုန့် သိပ်ကြိုက်တာ ..."

ဝတုတ်မလေးက ရေခဲမုန့်ကို ဝမ်းသာအားရ ယူ
လိုက်တာမို့ သိင်္ဂါရက ပြုံးစိစိနှင့် ငေးကြည့်နေလိုက်မိသ
သူမ မျက်နှာလေးက ငယ်ရွယ် ချောမောတာမို့ ဝတုတ်မ





ဟုသာ သတ်မှတ်လိုက်ရပေမယ့် သူမ ခန္ဓာကိုယ်ကတော့ 'ဝတုတ်
မကြီး' ပင်။

"ဒါနဲ့ ကျွန်တော် နည်းနည်းလောက် စပ်စုကြည့်ပါရစေ၊
ခင်ဗျားက ဒီမှာ တစ်ယောက်တည်း ဘာလို့ငိုနေတာလဲ"

"ပြောမှာ ... ပြောမှာ၊ ဒီကလည်း ရင်ဖွင့်ချင်နေတာနဲ့
အတော်ပဲ၊ ဒီရေခဲမုန့်လေး စားကုန်ရင်ပြောမယ်၊ ခဏ
လေးပဲ စောင့်"

ဩော် ... ဘယ်တုန်းကတည်းက ရင်ဖွင့်ချင်နေရှာ
ဘယ် မသိ ...။ 'နားထောင်ပေးလိုက်တာ သူ့ကို ကူညီဖေးမရာ
ရောက်ပါတယ်လေ' ဟု တွေးကာ သူက နားထောင်ဖို့ စောင့်စား
နေလိုက်၏။

ရေခဲမုန့်စားကုန်တော့ ဝတုတ်မလေးက သူ့ဘက်
လှည့်လာကာ ...

"ကျွန်မ ဘယ်လောက် ကံခေတယ်ဆိုတာ ရှင်သိရဲ့လား"

"ခင်ဗျာ ... မသိပါဘူး"

"ကျွန်မ အခုလို ငိုယိုနေတာ ဘာကြောင့်ဖြစ်နိုင်မလဲ၊
ရှင် မှန်းကြည့်ပါလား"

"ဟို ... ခင်ဗျားအမေက မုန့်ဖိုးနည်းနည်းလေးပဲပေးလို့
စားရတာ မဝလင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးရှင့်၊ ဒီအရွယ် ဒီလောက် ငိုယိုစိတ်ဆင်းရဲနေမှတော့ အချစ်ရေးကိစ္စပဲပေါ့၊ ဒါလေးတောင် မသိဘူးလား"

"သြော် ... သြော် ... အချစ်ရေးကိုး၊ အင်း ... အင်း ... ဖြစ်လောက်ပါတယ်၊ အဲ့ဒီအချက်ကို စဉ်းစားပေးဖို့ မေ့သွားတယ်"

သိင်္ဂါရက စိတ်ထဲက ရယ်ချင်စိတ်ကို ကျိတ်မှိတ်ထိန်းရသည်။ သူမကတော့ မျက်လုံးလေးတွေ ရီဝေလာကာ ...

"သူနဲ့ ကျွန်မ ချစ်ခဲ့ကြတာ ဟိုး ... မူလတန်းကတည်းကပါ"

"ဗျာ ... မူလတန်းကတည်းက ... !"

"သြော် ... အဲ့ဒီတုန်းကတော့ သူငယ်ချင်းလို ရိုးရိုးချစ်တာပေါ့၊ နောက် အရွယ်ရောက်လာတော့မှ ချစ်သူတွေလို ချစ်ကြတာပေါ့၊ ရှင်ကလည်း ဒုံးဝေးလိုက်တာ"

"သြော် ... ဟုတ်ကဲ့ပါ ... ဟုတ်ကဲ့ပါ"

"အရင်တုန်းကတော့ သူ့အပြင် ဖူးဖူးမှုတ် သည်းသည်းလှုပ်တာ မရှိတော့ဘူး၊ ခုကျမှ အေးစက်စက် ရှောင်ဖယ်ဖယ် လုပ်လာတယ်လေ၊ ဒါ ဘာသဘောလဲ"

"မသိဘူးလေ ..."





"ရှင်မသိမှန်း သိပါတယ်၊ ကျွန်မ ပြောတာပဲ ငြိမ်ငြိမ်နားထောင်နေပါ၊ အူကြောင်ကြောင်စကားတွေ ကြားဝင်မပြောစမ်းပါနဲ့"

"အမလေးဗျာ ... အကောင်းလည်း နားထောင်ပေးရသေးတယ်၊ လူကို အူကြောင်ကြောင်လေး ဘာလေးနဲ့၊ ဒါဆိုလည်း သွားတော့မယ်"

သိင်္ဂါရက စိတ်တိုလာတာမို့ ထိုင်ရာမှ ထရပ်လိုက်ရာ ...

"သည်းခံပါရှင်၊ ကျွန်မစိတ်တွေ ယောက်ယက်ခတ် ထူပူနေလို့ပါ"

သူမက တောင်းပန်စကားဆိုရင်း သိင်္ဂါရ စလွယ်သိုင်းလွယ်ထားသည့် အိတ်ကို သူ့အားကြီးဖြင့် ဗျတ်ခနဲ ဆောင့်ဆွဲလိုက်တာမို့ သိင်္ဂါရက ထိုင်ခုံပေါ် အရှိန်ဖြင့် ပြန်ထိုင်ကျသွားသည်။

"အောင်မလေး ... သေပါပြီဗျာ၊ ကြမ်းလိုက်တာ ... အ ... ကျွတ် ... ကျွတ်၊ မြီးညှောင့်ရိုးတော့ ကျိုးပါပြီ"

"ဆောရီးပါရှင် ... ဘယ်နာသွားလဲ"

"ဘယ်နာနာဗျာ ... ခင်ဗျားကို ပြောပြစရာလား၊ စိတ်တိုလာပြီ တကယ်၊ ကဲ ... ပြော ... ပြော၊ ပြောစရာရှိတာ



www.burmeseclassic.com

www.burmeseclassic.com



မြန်မြန်ပြော၊ လိုရင်းပဲပြော၊ တော်ကြာ ကျွန်တော့် သူငယ်ချင်းတွေ ရောက်လာတော့မှာ၊ ဒီနေ့အဖို့တော့ ပျားအုံပေါ် တက်ထိုင်လိုက်မိသလိုပဲ၊ မှားပါတယ်"

"အဖြစ်က ဒီလိုရှင် ... ကျွန်မ ချစ်သူက ကျွန်မကို ဝလို့ ပစ်သွားတယ်၊ အဲ့ဒါပဲ ..."

"ဒါများဗျာ စောစောက အဲဒီလိုပြောလိုက်ရင် မြန်မြန်ပြီးမယ့်ဟာ ..."

"ရှင်က ဝင်ဝင်မေးတော့ စကားက ဝေ့သွားတာပေါ့"

"ကဲ ... အခု ရင်ဖွင့်ပြီးပြီ မဟုတ်လား"

"ပြီးပြီ ..."

"ဒါဆို သွားတော့မယ်"

"နေဦးလေ ..."

"ဟာ ... ဟော့ ... နေဆိုနေမယ်၊ လွယ်အိတ်ကို ဆောင့်ဆွဲမချနဲ့၊ လွတ် ... လွတ်"

ဝတုတ်မလေးက လွယ်အိတ်ကိုလှမ်းဆွဲတာမို့ သူ့မှာ ခပ်လန့်လန့်နှင့် မြန်မြန်ပြန်ထိုင်လိုက်ရသည်။

"ရှင် တော်တော် လူမှုရေး နားမလည်တဲ့ သူပဲ"

"ဘာဖြစ်လို့လဲ"

"ရင်ဖွင့်တာကို နားထောင်ပြီးရင် နားထောင်တဲ့သူက နည်း





နည်းပါးပါး နှစ်သိမ့်အားပေးစကား ပြန်ပြောရမယ်လေ"

"ဪ ... ဟုတ်ကဲ့၊ မေ့သွားလို့ပါ"

သိင်္ဂါရက ဝတုတ်မလေးအဖြစ်ကို ရယ်လည်း ရယ် သနားလည်း သနားကာ ...

"ခင်ဗျား သေသေချာချာ ပြန်စဉ်းစားကြည့်လေ၊ မိန်းမ တစ်ယောက်ကို ပိန်မှချစ်မယ်၊ ဝရင်မချစ်ဘူးဆိုတာ ဒါ သဘာဝကျလား၊ ဖြစ်သင့်သလား၊ အဓိပ္ပာယ်ရှိလား၊ အချစ်စစ် ဟုတ်ရဲ့လား၊ ဒီလိုယောကျ်ားမျိုးကို လွမ်းလောက်သလား၊ ဒီလိုလူ့အတွက် ကျတဲ့ မျက်ရည်တွေ၊ နှပ်တွေ ဒီလောက်များစရာလား၊ သွားစမ်းပါ ... ဂတ်အောက်၊ လွှင့်ပစ်လိုက်၊ မေ့ပစ်လိုက်၊ မာန်တင်းထားလိုက်၊ ကေန်းသေရင် ငွေပေါ်လိမ့်မယ်၊ မြားနတ်မောင်က ခင်ဗျားတစ်ယောက်တည်းကို ဘယ်တော့မှ ကွက်ချန်မထားဘူး၊ ဝတဲ့သူမှာလည်း ချစ်တတ်တဲ့ နှလုံးသားရှိတယ်ဆိုတာ အဲ့ဒီကောင် နားလည်တယ်"

"ဘယ်အဲ့ဒီကောင်လဲ ..."

"မြားနတ်မောင်ကို ပြောတာ၊ ဒုံးမဝေးနဲ့၊ မုန်တိုင်းပြီးရင် လေပြေလာလိမ့်မယ်တဲ့၊ ကြားဖူးတယ် မဟုတ်လား၊ အခု ခင်ဗျား ဘဝထဲမှာ မုန်တိုင်းတိုက်သွားတာ၊ မကြာခင်



www.burmeseclassic.com

www.burmeseclassic.com



လေပြေနဲ့တူတဲ့ အချစ်မျိုး ကြုံရလိမ့်မယ်၊ ကျွန်တေ
အတပ်ပြောရဲတယ်၊ အားမလျော့နဲ့၊ အားတင်းထား၊ ဟုတ
ပြီလား၊ အိုကေ ..."

"အိုကေ ... အိုကေ၊ ကျေးဇူးတင်လိုက်တာရှင်၊ ရှင်ပြော
ရှင်းသွားတော့တယ်၊ ရှင့်စကားတွေက အရမ်းအားတက်
ကောင်းတာပဲ၊ ရှင့်ကို ကျေးဇူးတင်တဲ့အနေနဲ့ ကျွေးမွေးပြ
လိုက်ပါရစေရှင်"

"ဟာ ... ရတယ် ရတယ်၊ နေပါစေ"

"လာပါရှင် ... ဟိုနားက စားသောက်ဆိုင်မှာ ကျွေးပါရစေ

သူမက သူမရဲ့ အင်အားကြီးနှင့် သူ့အိတ်ကို ဆွဲခေ
သွားတာမို့ သူ့မှာ ဒယဉ်တိုက်နီးပါး ပါသွားသည်။ စားသောက်
ဆိုင်ရောက်တော့ သူမလည်း ပါးဖြံနားဖြံစား၊ သူ့ကိုလည်း သဒ္ဓ
တရား အပြည့်နှင့် အလျှံပယ် ကျွေးမွေး၏။ ဟိုကောင်တွေက
လည်း ခုထိမလာနိုင်သး။ သူနည်းနည်း စိတ်ညစ်လာ၏။

စားသောက်ပြီး ဆိုင်ထဲက အတူတွဲထွက်လာတော
မှ တင်မင်းသော်တို့ နုဖြူတို့အုပ်စုနှင့် တည့်တည့်တိုးကာ နုဖြူက
သိင်္ဂါရကို လက်ညှိုးထိုးရင်း ...

"ဟယ် ... သိင်္ဂါရ၊ နင် ... နင် အဟိ ..."

"ဘာ အဟိလဲ၊ ဒါ ငါ့မိတ်ဆွေ သွယ်သွယ်စိုးတဲ့"





"သွယ် ... ! သွယ်သွယ်စိုးတဲ့လား"

"နင်တို့ ခဏနေဦး၊ ငါ သူ့ကို ကားလိုက်ငှားပေးလိုက်
ဦးမယ်"

သိင်္ဂါရက ဝတုတ်မလေး သွယ်သွယ်စိုးကို နုဖြူတို့
ရှေ့က အမြန်ခေါ်ထုတ်လာရသည်။ စနောက်တတ်တဲ့ နုဖြူပါးစပ်
ကို ကြောက်ရလို့ပင်။

ဂိတ်ဝရှေ့ရောက်တော့ တက္ကဆီတစ်စီး လှမ်းတား
ပေးပြီး ကျေးဇူးစကားအထပ်ထပ်ဆိုနေသည့် မသွယ်သော 'သွယ်'
ကို ခပ်မြန်မြန် နှုတ်ဆက်ထွက်ခွာလာရသည်။ တင်မင်းသော်
တို့ နုဖြူတို့ကတော့ ပြုံးစိစိရုပ်တွေနှင့် ကြိုစောင့်နေကာ ...

"သိင်္ဂါရ ... နင် ရည်းစားရတာ ငါတို့တောင် မသိလိုက်
ရပါလား"

"တော်စမ်းပါဟာ၊ အဲ့ဒါ နင်တို့ နောက်ကျနေလို့ ငါဒုက္ခ
ရောက်ရတာ၊ သူ့ဘာသာ အသည်းကွဲလို့ လာထိုင်ငိုနေ
တာကို ငါ့မှာ အမြင်မတော်တာနဲ့ ဘုမသိ ဘမသိ အားပေး
ကူညီနှစ်သိမ့်လိုက်ရသေးတယ်"

"အဲ့ဒါနဲ့ ဟိုက ကျေးဇူးတင်တဲ့အနေနဲ့ နင့်ကို ထမင်းကျွေး
သွားရော့ဆိုပါတော့၊ သေချာတယ်၊ သူလည်း မကြာခင်
အချစ်ရေး ကံကောင်းတော့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ … ဘာဆိုင်လဲ"

"နင်က လပ်ကီးမန်းလေ၊ နင် အဲဒီလို ကူညီလိုက်တဲ့သူတွေ ဆို အချစ်ရေး ကံကောင်းသွားကြတာပဲ မဟုတ်လား၊ ငါ့အပါအဝင်ပေါ့"

"တော်စမ်းပါ နုဖြူရာ၊ သူများတွေကြားရင် အဟုတ်မှတ် နေပါ့မယ်"

"အဟုတ်ပဲဟာ …"

"နင်ပဲ'ဖွ' နေတာ …"

သိင်္ဂါရကတော့ ဘယ်သူတွေ ဘယ်လိုပဲ ကောက်ချက်ချချ ကိုယ်ဟာ သူတစ်ပါးကို ကံကောင်းစေတဲ့သူပါဟု ဘယ်တုန်းကမှ ယုံကြည်မထားခဲ့ပါ။

သို့သော် … နောက် သုံးလေးလအကြာမှာတော့ သိင်္ဂါရတို့ သူငယ်ချင်းအုပ်စု စိန်ဂေဟာထဲမှာ ပတ်နေဆဲမှာ သွယ်သွယ်စိုးနှင့် ပြန်ဆုံရလေသည်။

သွယ်သွယ်စိုးကို စ,တင်မြင်လိုက်သော နုဖြူက သိင်္ဂါရကို လက်တို့ကာ …

"ဟဲ့ … ဟဲ့ … ဟိုမှာ နင့်အဆက်ဟောင်းကြီးပါလား …၊ အံမယ် … သူ့မှာ အတွဲလေးနဲ့ဟဲ့၊ ကြည့်စမ်း … ကြည့်စမ်း"

ဟု ပြောတာမို့ သူလှမ်းကြည့်မိတော့ မသွယ်သော





သွယ်' က သူ့ဘေးက ပိန်ရှည်ကောင်လေးရဲ့ လက်မောင်းကို …တ်လျက်သား။

သူမက သူ့ကိုမြင်တာနှင့် ဝမ်းသာအားရ နှုတ်ဆက် …ည်မှာ …

"ဟယ် … cupid (ကျူးပစ်) လေးပါလား၊ ရှင့်ကို တွေ့ချင်နေတာနဲ့ အတော်ပဲ၊ ရှင်က တကယ့် လပ်ကီးပဲ သိလား၊ ရှင်နဲ့တွေ့တဲ့နေ့က ရှင်တားပေးလိုက်တဲ့ တက္ကဆီပေါ်မှာ သူပါလာတာလေ၊ ကျွန်မ ပြန်မယ့်နေရာက သူပြန်မယ့်နေရာနဲ့ လမ်းတကြောတည်းမို့လို့ တက္ကဆီဆရာက ခွင့်တောင်းပြီး လမ်းကြုံတင်သွားတာ၊ လမ်းတစ်ဝက်ရောက်တော့ ကားကပျက်၊ နောက်ကားတစ်စီးကလည်း တော်တော်နဲ့ တားမရ၊ မိုးကချုပ်၊ ဗိုက်ကဆာနဲ့၊ အဲ့ဒါနဲ့ ဆိုင်ရှာပြီး အတူစား၊ သူက ကျွန်မကို ပြန်လိုက်ပို့၊ သူငယ်ချင်းဖြစ်၊ နောက်တော့ … ဟင်း … ဟင်း …"

သူမက ရှက်ပြုံးကလေးဖြင့် သူ့လူလေးကို သူ…မ်းကြည့်လိုက်သေးသည်။ သိင်္ဂါရကလည်း ရယ်ချင်လာကာ …

"အိုကေ … အိုကေ သဘောပေါက်ပြီ၊ ဝမ်းသာပါတယ်ဗျား၊ တကယ်ဝမ်းသာတယ်"

"ဒါ … ရှင်ရေးတဲ့ ဖူးစာပေါ့ရှင် …"



www.burmeseclassic.com

www.burmeseclassic.com



သွယ်သွယ်စိုးက နှုတ်ဆက်ထွက်သွားတော့ သိင်္ဂါရ သူငယ်ချင်းတွေရဲ့ ထောက်ခံချက်က ပိုများလာသည်။

"သိင်္ဂါရ ... မင်း တစ်ခုခုတော့ တစ်ခုခုပဲကွ ..."

"အေးလေ ... တစ်ခါလည်းမဟုတ်၊ နှစ်ခါလည်း မဟုတ်တော့ဘူး၊ ချစ်ကံဆိုးနေတဲ့ မိန်းကလေးတွေ မင်းနဲ့တွေ့ပြီး မင်းကူညီတာ ခံလိုက်ရရင် ကံကောင်းသွားတော့တာပဲ"

"တိုက်ဆိုင်တာပါကွာ၊ အယူမသည်းစမ်းပါနဲ့"

"ဒါ ... သာမန်တိုက်ဆိုင်မှု မဟုတ်တော့ဘူးကွ၊ မင်း မှတ်မိသေးလား၊ ငါတို့ ငယ်ငယ်တုန်းက အကြားအမြင် သွားမေးတာလေ"

"၉ တန်းနှစ်တုန်းက မဟုတ်လား"

"အေး ... အဲဒီတုန်းက မင်းကို အကြားအမြင် ဆရာမ ဟောလိုက်တာ မှတ်မိသေးလား၊ မင်းက သူများတကာတွေကို ကံကောင်းစေမယ်တဲ့ ..."

"ငါကိုယ်တိုင်ကျ ကံမကောင်းဘူးလို့ ဟောသေးတယ် မဟုတ်လား"

"အဲဒါက မေ့ထားလိုက်ပါကွာ"

"ဟာ ... နှစ်ခုဟောတာ တစ်ခုကျ ဘာလို့မေ့ရမှာလဲ"





"ကောင်းတဲ့ဟာပဲ မှတ်ထား၊ မကောင်းတဲ့ဟာဆို မေ့ပစ်၊ ဒါမှ စိတ်ချမ်းသာတာ၊ ဗေဒင်တို့ အကြားအမြင်တို့မေးရင် အဲဒီလို စိတ်မျိုးနဲ့ မေးရတာ"

"အဲဒါတွေက သေချာလည်း မမှန်ပါဘူးကွာ၊ မင်းကို စာမေးပွဲကျမယ် ဟောလိုက်တာ၊ မင်း အောင်လာသားပဲ"

"အေး ... ဒါတော့ ဟုတ်တယ်ကွ"

"အဲဒါတွေ ထားလိုက်စမ်းပါကွာ၊ ဟိုတုန်းက ကလေးသာသာမို့လို့ သွားစူးစမ်းလိုက်မိတာပါ"

သူပြောတော့ တင်မင်းသော်တို့ ငြိမ်သွားသည်။

မငြိမ်တာကတော့ သိင်္ဂါရရဲ့ သတင်းစကားများပင်ဘည်း။

ကျောင်းမှာ နဖြူကလည်း ဖွ၏။ မမယဉ်ကလည်း ကြုံရာမှာ ကြုံသလိုဖွ၏။ သွယ်သွယ်စိုးလည်း လျှောက်တော့ပြောမှာပေါ့ ... ။

ကြာတော့ သိင်္ဂါရဟာ lucky man ဟု လူတွေက ခိုင်းသတ်မှတ်လာကြသည်။

အဲဒီနောက်မှာတော့ သိင်္ဂါရနှင့် ထမင်းအတူစားချင်၊ ခိတ်ဆွေဖြစ်ချင်ကြသော မိန်းကလေးများစွာဟာ ဟိုမှ ... ဒီမှ ... ဘစ်ဆင့်စကားဖြင့် တဖွဲဖွဲရောက်ရှိလာကြကုန်၏။ သိင်္ဂါရနှင့်

www.burmeseclassic.com



တွေ့လျှင် သူတို့အချစ်ရေးတွေ ကံကောင်းလာလိမ့်မည်ဟု ယုံကြည်ကြသည်မှာ ရယ်စရာတည်း။

ယခုလည်း သိင်္ဂါရနှင့်အတူ ထမင်းလက်ဆုံစားချင်သော မိန်းကလေးတစ်ယောက်က ဇော်ဇော့်အဆက်အသွယ်ဖြင့် ရောက်ရှိလာကာ ကဲန်တင်းထဲမှာ သနားစဖွယ် စောင့်စားလို့နေရှာသည်။

သိင်္ဂါရမှာလည်း သွားလည်းအခက်၊ မသွားလည်းအခက်မို့ စိတ်ရှုပ်လာရပါသည်။ ဇော်ဇော်ကတော့ တိုက်တိုက်တွန်းတွန်း ပြောရှာ၏။

"သွားလိုက်ပါကွာ ... ထမင်းလေး အတူစားပေးလိုက်လို့ မင်းမှာ ပုံပါသွားတာမှမဟုတ်တာ၊ မင်းနဲ့ ထမင်းအတူစားပြီးရင် သူကံကောင်းမယ်လို့ ယုံကြည်စိတ်အေးသွားရင်လည်း မင်းကုသိုလ်ရတာပဲပေါ့၊ လူတွေကို စိတ်ချမ်းသာအောင် လုပ်ရင် ကိုယ်လည်းပျော်ရတာပဲကွ၊ သူငယ်ချင်းမိတ်ဆွေအသစ်ရတယ်လို့ သဘောထားပြီး ကောင်းကောင်းမွန်မွန် စကားပြောပေးလိုက်ပေါ့ကွာ၊ ကောင်မလေးက ငါ့သူငယ်ချင်းရဲ့ သူငယ်ချင်းရဲ့ သူငယ်ချင်းလေးပါ"

"တော်တော် အမျိုးစပ်လိုက်ရတာပဲနော်"

"သူ့ခမျာ ကံမကောင်းရှာဘူးကွ၊ သူ့အချစ်ဦးက သူ့ကို





သစ္စာဖောက်သွားတယ်၊ သူ့အချစ်လယ်က အိမ်ထောင်ကျသွားပြီ၊ သူ့အချစ်ဆုံးက ..."

"တော်ပါတော့ကွာ ... နားငြီးတယ်၊ ထမင်းပဲ သွားစားလိုက်တော့မယ်"

"အိုကေ ... သွား ... သွား၊ ကုသိုလ်ရတယ်"

သိင်္ဂါရက ကောင်မလေးဆီလျှောက်သွားပြီး သူငယ်ချင်းလို နှမသားချင်းလို စာစာနာနာ စကားပြောရင်း ထမင်းအတူစားလိုက်ရသည်။

စားလို့မှ မပြီးသေးခင် နောက်ထပ် မိန်းကလေးတွေ ထပ်ရောက်လာကာ ...

"ကိုသိင်္ဂါရ မဟုတ်လား"

"ဩော် ... ဟုတ်ပါတယ် ခင်ဗျ"

"ကျွန်မကို မမယဉ်မေတင် လွှတ်လိုက်လို့ပါ"

"ခင်ဗျာ ..."

"ကိုသိင်္ဂါရနော်"

"ဟုတ် ..."

"ကျွန်မက နုဖြူ သူငယ်ချင်းပါ"

"ဩော် ..."

"ကိုသိင်္ဂါရ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ..."

"ကျွန်မက သွယ်သွယ် အစ်မဝမ်းကွဲပါ"

"ဪ ... ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ထိုင်ပါ ... ထိုင်ကြပါ"

ဤသို့ဖြင့် ...

သိဂံ့ါရသည် ...

ကိုယ်မသိသော မိန်းကလေးများနှင့် ဝိုင်းဖွဲ့ထိုင်ကာ ထမင်းအတူစားရင်း ... စကားစမြည်ပြောရင်း ကိုယ့်အဖြစ်ကိုယ် စိတ်ညစ်၍ နေခဲ့ရလေသတည်း။

♥ ♥ ♥





♠ ♠ ♠

"ဟဲ့ ... ယွန်း ... ခုထိ မလာကြသေးပါလား"

"ရှင် ...၊ အဟင်း ... လာကြတော့မှာပါ ကြီးကြီးရဲ့ ..."

"ချိန်းထားတဲ့ အချိန်ကို မိနစ်နှစ်ဆယ်တောင် စွန်းနေပြီလေ၊ ဒီလို မလေးမစား နောက်ကျစရာလား"

"ဟွန်း ... အစကတည်းက သဘောတူချင်တာ မဟုတ်ဘူးနော်"

"အေးလေ ... မိန်းကလေးရှင်က စောရောက်နေရတယ်လို့ အထာမကျလို့က်တာ"

"ဟုတ်ပါ့အေ ... သူတို့ဘက်က စောရောက်သင့်တယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



တာလောက်တောင် နားမလည်ဘူးလား၊ ဒါမျိုးတွေ
အမျိုးတော်ဖို့အရေး ဝန်လေးလိုက်တာ”

“အဲ့ဒါ ညည်းကြောင့် မိရတီရဲ့ ...”

“ကြီးကြီးတို့၊ ဒေါ်လေးငယ်တို့၊ မေမေတို့၊ ဘွားဘွား
အားလုံး စိတ်ကိုလျှော့ကြပါနော်၊ ခဏလေး သည်းခံစော
ပေးပါနော်၊ သူတို့လည်း အကြောင်းမရှိဘဲ နောက်မကျ
ဘူး၊ တစ်ခုခု ကိစ္စပေါ်လို့နေမှာပါ၊ မလာဘဲတော့ မနေ
ဘူး”

“မလာဘဲနေလို့ကော ရမလားအေ ...”

“အေးလေ ... လူတွေကိုစောင့်ခိုင်းပြီး မလာဘူးဆိုရင်
တွေ့သွားမှာပေါ့၊ မဟုတ်ဘူးလား မငယ် ...”

“ဟုတ်တာပေါ့ မမ၊ ဒါ ... စော်ကားတာပဲ မဟုတ်လာ

“ဟုတ်တာယ်လေ၊ ဒါမျိုးစော်ကားလို့တော့ တို့တွေက
မယ် မထင်နဲ့ ...”

ယွန်းရတီသည် မောင်းတင်ကြိမ်းဝါးနေကြသော
ဆွေမျိုးတစ်အုပ်ရဲ့အလယ်မှာ မျက်နှာလေးငယ်ကာ အဝင်ဝ
လည်ပင်းရှည်၍ မျှော်မောနေရသည်။

သူတို့ ဘာကြောင့် မလာသေးပါလိမ့်။





လုံးဝ မလာဘဲနေကြမှာတော့ မဟုတ်ဟု ယွန်းက
ကြည်သည်။

ဒီနေ့ဟာ ယွန်းတို့ မိသားစုနှင့် ယွန်းချစ်သူရဲ့
သားစုတို့ တွေ့ဆုံကြမည့်နေ့ ဖြစ်သည်။

ယွန်းမှာ အဖရှိတော့တာမဟုတ်။ ယွန်းတို့ မိသားစု
မိန်းမများသာကြီးစိုးသည်။ မေမေရယ်၊ မေမေ့ အမေ ဘွားဘွား
ယ်၊ မေမေ့ အစ်မ ကြီးကြီးရယ်၊ မေမေ့ ညီမ ဒေါ်လေးငယ်
ယ် ...။ အားလုံးဟာ ဇေ့စပ်သေချာ ဇီဇာကြောင် စကားများတွေ
ည်း။

ယွန်း ချစ်သူရပြီဆိုတော့ ဝိုင်းပြီး မေးလိုက်ကြတဲ့
းခွန်းတွေဟာ ဖြေလို့တောင်မနိုင်။

ယွန်းမှာ ယွန်းချစ်သူကို သူတို့လက်ခံအောင် အာ
က်မတတ် ပြောခဲ့ရပြီးနောက်မှာ ယွန်းချစ်သူတို့ မိသားစုနှင့်
တွေ့ဆုံမည်ဟု အမိန့်ချမှတ်လိုက်သည်။

“လူမှာအမျိုး၊ ကြက်မှာအရိုးတဲ့၊ သူ့တစ်ယောက်တည်းကို
တွေ့ရုံနဲ့ မလုံလောက်ဘူးလေ၊ သူ့မိသားစုနဲ့ပါ တွေ့ဆုံ
စကားပြောဆို အကဲခတ်ကြည့်ပြီး လက်ခံသင့် မသင့်
စဉ်းစားရမှာ မဟုတ်လား”

ယွန်းတို့ မိသားစုရဲ့ အကြီးအကဲဖြစ်သူ ဘွားဘွားရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒအရ တွေ့ဆုံဖို့နေရာကို စားသောက်ဆိုင်ကြီး တစ်ခုရဲ့ သီးသ
အခန်းတစ်ခန်းမှာဖင် သတ်မှတ်ချိန်းဆိုလိုက်ကြသည်။

"စေ့စပ်ပွဲတော့ မဟုတ်ဘူးဆိုတာ ကြိုပြောထားဦးနေ
ဒါ မိတ်ဖြစ် ဆွေဖြစ် တွေ့ဆုံကြတဲ့ သဘောပဲ"

မေမေတို့က ဘယ်လိုပဲ ပြောပြော ယွန်းကတော
ဒီအခြေအနေထိ ရောက်လာတာကိုပဲ တိုးတက်သည့် လက္ခဏာဟ
ယူဆသည်။ နှစ်ဖက် မိဘ တွေ့ဆုံရသည့်ပွဲဟာ အလွန်အရေ
ကြီးပါသည်။ သူ့ဘက်က မိသားစုဟာလည်း ယွန်းရဲ့ မိသား
အနေနှင့် လက်မခံနိုင်စရာ ဆိုးဆိုးဝါးဝါး အခြေအနေမျိုးမဟုတ
တာမို့ အားလုံး အဆင်ပြေမည်ဟု ယွန်း ယုံကြည်နေသည်။

ယုံကြည်မှုဖြင့် ယွန်း မျက်နှာလေးဟာ ပြုံးကြည
နေခဲ့သည်။ ဒီနေ့မှာ ယွန်းက ထူးထူးခြားခြား လှပနေခဲ့သေးသည်
အမြဲ ဘောင်းဘီရှည်တွေ၊ စကတ်တွေ၊ ဂါဝန်တွေသာ ဝတ်တတ
သော ယွန်းက ဒီနေ့မှာ ဇာအဖြူ ဝမ်းဆက်လေးဝတ်ကာ လေဒီ
အဖြူလေး စီးထားသည်။ အမြဲ ချထားတတ်သည့် ခါးအထိရှည
သည့် ဆံပင်တွန့်တွန့်လေးတွေကို နှဖူးပြောင်သိမ်းကာ ခပ်မြင့်မြ
လေး မြှောက်စည်းထားသည်။ နားရွက်ဖျားမှာ ပုလဲ နားဆွဲလေ
နှင့် ယွန်းရဲ့ ပြင်ဆင်ပုံက ရှင်းလင်းနေသည်။ ဆံဦးချွန် နဖူးလေ
ရဲ့အောက်မှာ မရိတ်သင် မပြုပြင်သော မျက်ခုံးမွေး နက်နက်တေ





သဘာဝအတိုင်း လှပလျက်၊ မျက်ဆံကြီးကြီး မျက်လုံးတောက်
တောက် ကလေးတွေက ကြည်လင်တောက်ပလျက်။ အရပ်မြင့်မြင့်
သွယ်သွယ်ကျော့ကျော့ သွက်သွက်လက်လက် ယွန်းပုံစံလေးဟာ
အမြဲ အပူအပင်မရှိသော ပုံစံမျိုးလေး ဖြစ်နေတတ်မြဲပင်။

အမှန် တကယ်လည်း ထိုအချိန်ထိ ယွန်းမှာ ပူပင်
ရော ဘာတစ်ခုမှမရှိ ခဲ့ပါ။ အိမ်ကလူကြီးတွေ အမြဲ ဗျစ်တောက်
ဗျစ်တောက် စောင့်ကြည့် ဇီဇာကြောင်ကြပေမယ့် ယွန်းက စိတ်
ညစ်ခဲ့ပါ။ ကြီးကြီးတို့တွေကြားမှာ စ,ကာ နောက်ကာ နေရတာ
ကို ယွန်းပျော်သည်။

ယွန်းသည် မျက်နှာကလေးကို အစွမ်းကုန် ပြုံးထား
ပြင်း လူကြီးတွေရှေ့မှာ မျက်နှာချိုသွေးသည်မှာ ...

"သူက ပုံမှန်အတိုင်းဆို အရမ်းအချိန်လေးစားတဲ့ သူပါ၊
သူတင်မဟုတ်ဘူး၊ သူ့အိမ်ကလူတွေလည်း အချိန်လေးစား
ကြတယ်တဲ့၊ မျိုးနဲ့ရိုးနဲ့ အချိန်လေးစားကြတာပါ ကြီးငယ်
ရယ်၊ သူတို့က တစ်ဖက်သားကို မထီလေးစား လုပ်တတ်
တဲ့ သူမျိုး မဟုတ်ပါဘူး"

"ညည်းပဲ မွှန်းနေ ..."

"တကယ်ပြောတာပါ၊ ပြီးတော့ ... သူက အရမ်း ရည်မွန်
ယဉ်ကျေးတဲ့သူ၊ ပညာတတ်လည်း ဆန်တယ်၊ လူကြီး



www.burmeseclassic.com

www.burmeseclassic.com



လူကောင်း ဆန့်တယ်၊ လူငယ်ပေမယ့် ပေါ့သေးသေး
မဟုတ်ဘူး”

“ဒါပါနဲ့ဆို ညည်း ဒီလိုပြောတာ ဆယ်ခါမကတော့ဘူး”

ကြီးကြီးနှင့် ဒေါ်လေးငယ်က အပျိုကြီးတွေမို့လား
မသိ ပွစိပွစိ ဗျစ်တောက် ဗျစ်တောက်။ မေမေက မျက်နှာညိုညို
ဘွားဘွားကလည်း စိတ်စောနေပုံဖြင့် တံခါးဝဆီ လှမ်းလှမ်းကြည့်
နေသည်။ ယွန်းကတော့ အပြုံးမျက်နှာကလေးဖြင့် ဆက်လက်
အမွှန်းတင်နေသည်။

“ဘွားဘွား သူနဲ့ သေသေချာချာ စကားပြောကြည့်လိုက်
ရင် အရမ်းသဘောကျသွားမှာပါ၊ သူက ယွန်းအပေါ်
အရမ်းလည်း သစ္စာရှိ ...”

“မယွန်းရတီ ရှိပါသလား ခင်ဗျာ ...”

“ရှင် ...၊ ရှိ ... ရှိပါတယ်”

ဝိတ်တာ ကောင်လေးက အခန်းဝမှ လှမ်းမေးတာ
မို့ ယွန်းတို့ တစ်အိမ်သားလုံး တံခါးဝဆီ ချာခနဲ လှည့်ကြည့်လိုက်
ကြသည်။

“အပြင်မှာ အစ်မ ဧည့်သည် တစ်ယောက် ရောက်နေတယ်
ခင်ဗျ”

“ရှင် ... ကျွန်မ ဧည့်သည်!”





“ဟုတ်ကဲ့ ခင်ဗျာ ...၊ အစ်မနဲ့ တွေ့ချင်လို့ အပြင်ခဏ
လေး ထွက်လာခဲ့ပေးပါတဲ့”

“ဟဲ့ ... ဘယ်သူတုန်း”

“ညည်း ဒီမှာရောက်နေမှန်း ဘယ်သူသိလို့လဲ”

“သမီးလည်း မသိဘူး မေမေ၊ ခဏလေးနော် ... သမီး
ခဏလေး ထွက်ကြည့်လိုက်ဦးမယ်”

ယွန်းက ဘယ်သူများပါလိမ့်ဟု တွေးမရနိုင်ဖြစ်ကာ
ပြင်ဘက်ထွက်လာခဲ့တော့ ယွန်းကို စောင့်နေသည့် ယွန်းချစ်သူ
အိမ်က ဒရိုင်ဘာကို တွေ့ရလေသည်။

ယွန်းက ထိုသူ့နားသို့ ခပ်သွက်သွက်လေး လျှောက်
သွားကာ ...

“ရှင် တစ်ယောက်တည်းလား၊ ဘယ်သူမှ မပါဘူးလား၊
သူတို့ ဘာဖြစ်ကြလို့လဲဟင်”

ဟု မေးမိတော့ ဒရိုင်ဘာကြီးက မျက်နှာပူ အားနာ
သော မျက်နှာထားနှင့် ခေါင်းငုံ့နေရင်း ...

“ပြောရမှာတော့ အားနာပါတယ် ခင်ဗျာ၊ ကျွန်တော်လည်း
သူတို့ လာပြောခိုင်းလို့သာ ပြောရတာပါ၊ အစ်ကိုလေးက
ဒီညနေမှာပဲ မိန်းမ ခိုးပြေးသွားလို့ ... အိမ်က မိဘတွေ
လည်း ရှာဟယ် ဖွေဟယ် ယောက်ယက်ခတ်နေကြတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မယွန်းရတီကိုလည်း ပြောရမှာ မျက်နှာပူ အားနာနေကြလို့ ကျွန်တော့်ကို လွှတ်လိုက်တာပါ၊ အစ်ကိုလေး အမေက မယွန်းရတီနဲ့ အေးအေးဆေးဆေး လာတွေ့ဦးမယ်လို့ မှာလိုက်ပါတယ်"

ယွန်းသည် ရုတ်တရက် နားမလည်နိုင်သေးဘဲ ...

"နေပါဦး ... ပြန်ပြောပါဦး၊ အစ်ကိုလေးက ဘာလုပ်သွားတယ်"

"ဟို ... မိန်း ... မိန်းမ ခိုးသွားတာပါ"

"မိန်းမ ခိုးတယ် ! နေစမ်းပါဦး ... သူက ဘယ်ကမိန်းမကို ခိုးတာလဲ၊ ကျွန်မက ဒီမှာလေ ..."

"ဟို ... တခြား ... တခြား မိန်းမတစ်ယောက်ကို ခိုးသွားတာပါ"

ဘုရားရေ ... ဘယ်လိုဖြစ်ရတာပါလိမ့်။ ယွန်းလည်း မသိလိုက်ရပါလား ...။ ယွန်းသည် ရုတ်တရက် မယုံနိုင်ဘဲ အူကြောင်ကြောင်လေး ဖြစ်နေပြီးမှ မေမေတို့ စောင့်နေသည့် အခန်းဆီ စမ်းတဝါးဝါးပုံစံမျိုးဖြင့် တစ်လှမ်းချင်း လျှောက်ဝင်လာသည်။

ယွန်းကိုမြင်တော့ မေမေတို့ဆီက မေးခွန်းတွေက စက်သေနတ်ပစ်သလို အတွဲလိုက် ပြေးဝင်လာသည်။





"ဟဲ့ ... ဘယ်သူတုန်း"

"ဘာကိစ္စတဲ့လဲ ..."

"ယွန်းယွန်း ... သမီး ပုံစံက ဘာဖြစ်နေတာလဲ"

"ဟဲ့ ... ဟဲ့ ... မထင်ကောင်း ထင်ကောင်း ညည်း သူငယ်ချင်းတွေထဲက တစ်ယောက်ယောက်များ တစ်ခုခုဖြစ်လို့လား"

"ဟင့်အင်း ... မဟုတ်ဘူး"

ယွန်းသည် ခပ်ဖြည်းဖြည်း ခေါင်းယမ်းပြလိုက်မိ၏။

"ဒါဆို ဘယ်သူလဲ၊ ဘာကိစ္စလဲ ပြောလေ၊ ဒီမှာ လူကြီးတွေ မေးရတာ အာပေါက်တော့မယ်"

"သူ ... သူတို့အိမ်က ဒရိုင်ဘာက လာပြောတယ် မေမေ၊ သူ ... မိန်းမခိုးသွားလို့တဲ့ ..."

"သူ ! ဘယ်သူတုန်းအေ၊ ရှင်းအောင်ပြော"

"သမီးချစ်သူလေ မေမေ၊ သမီးတို့ စောင့်နေတဲ့ သမီးချစ်သူ ..."

ယွန်းက ကြောင်တောင်တောင် ယောင်နနလေး ပြောလိုက်တော့မှ အားလုံးဟာ ပါးစပ်အဟောင်းသားပွင့်လျက် တစ်မိနစ်ခန့် ငြိမ်သက်သွားကြပြီးသော် ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ...၊ ညည်းချစ်သူက မိန်းမခိုးရအောင် ရူးနေလား၊ ရူးနေလား"

ယွန်းတို့အိမ်မှာ စိတ်အကြီးဆုံး ဒေါ်လေးငယ်က ထ,အော်လိုက်တော့မှ ယွန်းရဲ့ အုပ်ထိန်းသူတွေအားလုံးဟာ အလန့်တကြား တဝုန်းဝုန်း ထရပ်လိုက်ကြပြီး ယွန်းကို မျက်လုံးပြူးကြည့်ကာ ယွန်းအနားသို့ တရွေ့ရွေ့ တိုးကပ်လာကြရင်း ...

"ညည်း ... ဒီလောက်တောင် ညံ့ရသလားဟင် မိယွန်းရတီ၊ မြင်းစီးလို့ အထိးမှန်း အမမှန်း မသိဘူးလား"

"ညည်းလူမှာ တခြား တစ်ယောက်ရှိတာကို ဒီနေ့အထိ မသိဘူးလား ..."

"နောက်ဆုံးအချိန်ထိ ညည်းလူ ညည်း အမွှန်းတင်နေသေးတာ၊ ယုံကြည်နေသေးတာ၊ အမလေး ... ရှက်တတ်ရင် လဲသေဖို့ပဲ ကောင်းတော့တယ်"

"ညည်းလူက တစ်ဖက်သားကို မထီလေးစား မလုပ်တတ်ဘူးဆို၊ ဘုရား ... ဘုရား ... မထီလေးစား မလုပ်တတ်လို့ သာပဲ တော်တော့တယ်"

"လူကြီး လူကောင်း ဆန်တယ်ဆို၊ ပေါ့သေးသေးမဟုတ်ဘူးဆို၊ ဒီလိုလုပ်ရဲမှတော့ ပေါ့သေးသေး မဟုတ်တာ သေချာတယ်၊ သိပ်သေချာတယ်"





"အဲ့ဒါ ညည်း ညံ့တာ၊ ညည်း ညံ့တာ ...၊ ကဲ ... ကဲ ... ညံ့ဦး ... ညံ့ဦး"

"အာ ... အ ... နာတယ် မေမေရဲ့"

အားလုံးက ယွန်းကို လက်ကိုင်အိတ်ဖြင့် ရိုက်သူက ရိုက်၊ ထုသူက ထု၊ ထိပ်ခေါက်သူက ခေါက်၊ ဗိုက်ခေါက်လိမ်ဆွဲသူက ဆွဲ၊ တစ်ယောက်တစ်ချက် ဝိုင်းပြီး ဆော်ပလော်တီးကြတာမို့ ယွန်းမှာ ခေါင်းကိုအုပ်လိုက်၊ လက်ဖြင့်ကာလိုက်၊ ခန္ဓာကိုယ်ကို တွန့်လိမ်ရှောင်ရှားလိုက်ဖြင့် နောက်ဆုံးတော့ အားလုံးရဲ့ အလယ်မှာ ငုတ်တုတ်ကလေး ထိုင်ချကာ ခေါင်းပေါ် လက်ယှက်မိုး၍ အုပ်ကွယ်ထားလိုက်ရင်း ...

"သမီးလည်း ဘယ်သိပါ့မလဲ မေမေရဲ့၊ သမီး မသိတာ သမီးအပြစ်လား ... အီး ... ဟီး ..."

ဟု ရှိုက်ကြီးတငင် ငိုချလိုက်မိတော့သည်။

အဲ့ဒီနောက်တော့ မေမေတို့ ကြီးငယ်တို့ အားလုံးက ယွန်းရဲ့အသံပြဲကို အပြင်ကကြားမှာကြောက်ကာ ပါးစပ်ပိတ်သူက ပိတ်၊ ဆွဲခေါ်သူကခေါ်၊ နောက်ဆုံးတော့ ယွန်းကို ကားထဲဆောင့်အောင့် ထိုးကျိတ်ထည့်လိုက်ပြီး အိမ်သို့ပြန်ခေါ်လာသည်။

အိမ်ရောက်တော့လည်း မဆုံးနိုင်သော ဆူခြင်းဖြင့် တစ်ယောက်တစ်ပေါက် ဆူလို့မပြီးနိုင်။ ဆူရင်းက အရှိန်ရတော



www.burmeseclassic.com

www.burmeseclassic.com



အသည်းယားလာလျှင် မိုက်ခေါက် လာလိမ်ဆွဲသွားလိုက်၊ ဖိုးခနဲ ဖတ်ခနဲ ပိတ်ရိုက်သူက ရိုက်သွားလိုက်ဖြင့် ယွန်းမှာ လူကြီးတွေ လက်ချက်ဖြင့် ဖွတ်ဖွတ်ညက်ညက် ကြေနေသည်။

ထိုနေ့မှာ ယွန်းအိမ်က လူကြီးတွေက အမိန့်တစ်ခု ကို တညီတညွတ်တည်း ချမှတ်လိုက်ကြသည်။

"ဒီလောက် အ န ထုံထိုင်းတဲ့ မိယွန်းရတီကို သူ့သဘောနဲ့ သူ ရည်းစားထားခိုင်းလို့ မဖြစ်တော့ဘူး၊ ငါတို့ သင့်တော် ရာရာ ကြည့်ရှုစီမံပေးတဲ့သူကိုပဲ ညည်းယူရမယ်၊ ကြားလား ပိယွန်း ..."

♥ ♥ ♥





♠ ♠ ♠

မေမေတို့ရဲ့ အမိန့်က ယွန်းမာနကို ထိတာတော့ အမှန်တည်း။

ယွန်းအသက်အရွယ်၊ ယွန်းရုပ်ရည်နှင့် ဘာ့ကြောင့် ဘေးစားသူကို ယူရမှာနည်း။

ယွန်းသည် စပ်ဟပ်ပေးစားခံရသူကို ယူဖို့တော့ ဘယ်တုန်းကမှ မစဉ်းစားဖူးချေ။ ယွန်းဘာသာ ကိုယ့်ရင်ခုန်သံနှင့် ကိုယ်၊ ကိုယ့်အစွမ်းအစနှင့်ကိုယ် ရည်းစားထားပြီးမှ ကိုယ့်ရည်းစား နဲ့ကိုယ် ပျော်ရွှင်စွာ လက်ထပ်ကြဖို့ကိုသာ စိတ်ကူးယဉ် မျှော်လင့် ထားခဲ့လေသည်။ မိဘကသင့်တော်တယ်လို့ ယူဆသူကို လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ရမှာလောက် အေးစက်စက် ခြောက်ကပ်ကပ်နှင့် ပျင်းစရာကောင်းလှသည့် အဖြစ်မျိုး မရှိချေ။

တစ်နေ့တော့ ယွန်းရဲ့ အုပ်ထိန်းသူ အပေါင်းက ယွန်းကို ဓာတ်ပုံတစ်ပုံ ယူလာပြ၏။ ပုံမှာ နယူးရော့ခ်က လေဘာတီရုပ်တုရှေ့မှာ ရပ်နေသော ယောကျ်ားတစ်ယောက်ပုံဖြစ်သည်။

"ယွန်း ... ဒီမှာ သေချာကြည့်၊ ဒါ ... သမီး လက်ထပ်ရမယ့် သူပဲ၊ သူ့အကြောင်း မေမေတို့အားလုံး အသေးစိတ်စုံစမ်းကြည့်ပြီးပြီ၊ သူက နောက်နှစ်ဆို ဒီပြန်လာတော့မှာ"

ယွန်းက ထိုဓာတ်ပုံကို သေချာငုံ့ကြည့်ကာ မသိမသာ နှာခေါင်းလေး ရှုံ့လိုက်ရင်း ...

"ဟွန့် ... ဇရာဘက်ကို ခြေတစ်ဖက်လှမ်းနေတဲ့ ပုံကြီး ..."

"ဟဲ့ ... အပိုမပြောနဲ့၊ ခုမှ သုံးဆယ့်ငါးပဲ ရှိသေးတာ"

"ဟင် ... ဒါဆို ယွန်းထက် ဆယ်နှစ်ကျော်တောင် ကြီးတာပေါ့၊ လူပျိုကြီး တစ်မျောက်ကြီးပေါ့ ..."

"ဘာ တစ်မျောက်ကြီးလဲ"

"တစ်မျောက်ကြီးတော့ တစ်မျိုးကြောင်တာပေါ့၊ လူပျိုကြီးဆိုတာ တစ်မျောက်ကြီးတွေချည်းပဲ"





"မိယွန်း ... ညည်း ပေါက်ကရမပြောနဲ့၊ ညည်း ဒီလူကိုပဲ ယူရမယ်"

"မယူပါဘူး၊ သူ့မှ မဟုတ်ဘူး၊ လူကြီး စပ်ဟပ်ပေးတဲ့ သူဆို ဘယ်သူ့မှမယူဘူး၊ ယွန်းဘာသာ ကြိုက်တာတွေ့မှ ယူမှာပေါ့"

"ဩော် ... ခုထိ အမှတ်မရှိသေးဘဲကိုး၊ ညည်း ကြိုက်လာတဲ့ဟာကဖြင့် မပြောလိုက်ချင်ဘူး"

"တစ်ခါမှားရုံနဲ့ အမြဲမှားမယ်လို့တော့ မယူဆစေချင်ပါဘူး မေမေ၊ ယွန်း အခုလောလောဆယ်တော့ အေးအေးပဲ နေပါရစေ၊ တစ်နေ့ကျ ယွန်း ကြိုက်တာတွေ့မှ ယွန်း လက်ထပ်မှာပေါ့"

မေမေက ယွန်းကို သနားသွားသလို တစ်ချက်ငေးကြည့်လိုက်ပြီးမှ မျက်စောင်းတစ်ချက်ထိုးကာ ထ,ထွက်သွားသည်။ ပြီးတော့ ယွန်းကွယ်ရာမှာ ဘွားဘွားတို့ ကြီးကြီးတို့နှင့် တိုးတိုးကျိတ်ကျိတ် တိုင်ပင်ပြီးမှ ဆုံးဖြတ်ချက်တစ်ခု ချပေးသည်မှာ ...

"ညည်းကို ကြိုက်တဲ့သူတွေထဲက ညည်း သဘောကျတဲ့သူတွေ့ရင် မေမေတို့မသိအောင် ပြန်မကြိုက်လိုက်နဲ့၊ မေမေတို့ကို အရင်အသိပေး၊ အဲဒီလူအကြောင်း မေမေတို့ သေသေချာချာ စုံစမ်းပေးမယ်၊ ဒီတစ်နှစ်အတွင်း ညည်း

www.burmeseclassic.com



သဘောကျတဲ့သူတွေထဲမှာ ဟန်ဟန်ပန်ပန် တစ်ယောက်မှ မပါရင် မေမေတို့ ပေးစားတဲ့သူကိုပဲ ယူရမယ် ဟုတ်ပြီလား”

ယွန်းက စိတ်မပါ လက်မပါ ခေါင်းညိတ်ရ၏။

ထိုအချိန်တုန်းကတော့ ယွန်းသည် ကိုယ့်ကိုယ်ကို အချစ်ရေး ကံမကောင်းသူဟု မယူဆမိခဲ့ပါချေ။ တစ်ခါ အလှည့်စားခံခဲ့ရပေမယ့် တစ်နေ့သောအခါမှာ ဖြောင့်ဖြူးသော ချစ်ခရီးလမ်းကို မလွဲမသွေ လျှောက်လှမ်းရလိမ့်မည်ဟု မျှော်လင့်ရင်း ယုံကြည်နေခဲ့တာဖြစ်သည်။





“ယွန်း ... ကိုယ့်အတွက် အဖြေမရှိသေးဘူးလား၊ ယွန်း စိတ်ရှုပ်အောင် တပူပူ တဂျီဂျီတော့ မလုပ်ပါဘူး၊ ယွန်း အဖြေပေးနိုင်တဲ့ တစ်နေ့ထိ ကိုယ် စိတ်ရှည်လက်ရှည် စောင့်မှာပါ”

ယွန်းသည် စိတ်သဘောထား ပျော့ပျောင်း နူးညံ့လှ ည့် ကိုကျော်စွာလတ်ရဲ့ စကားတွေကို နားထောင်ရင်း သူ့ကို ား ယွန်း သဘောကျနေပြီလားဟု ပြန်စဉ်းစားကြည့်မိ၏။

ကိုကျော်စွာလတ်ဟာ ယွန်းတို့ မိသားစု မန္တလေးမှာ ကြစဉ်ကတည်းက ယွန်းနှင့် ခင်မင်ရင်းစွဲရှိသူ၊ ယွန်းအပေါ် တစ်ယောက်လို ချစ်ခင်သည်းခံ အလိုလိုက်တတ်သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ယွန်းထက် သုံးလေးနှစ် အသက်ကြီး၏။ ယွန်း ဆယ်တန်း
မအောင်ခင်ကပင် သူက မိဘလက်ငုပ် စီးပွားရေးကို ဝင်လုပ်နေ
သည်။ ယွန်းက ကလေးဆန်တုန်းမှာ သူက လူကြီးတစ်ပိုင်
ဖြစ်နေခဲ့ပြီ။ ယွန်း ဆယ်တန်းအောင်ကတည်းက သူက ယွန်း
ချစ်ခွင့်ပန်ပေမယ့် ယွန်းက ရင်မခုန်မိခဲ့။

ယွန်းဖေဖေ ဆုံးသွားတော့ မေမေကလည်း ဖေ
အလုပ်တွေကို ဆက်မလုပ်နိုင်တော့တာမို့ အားလုံး ရောင်းသ
တာ ရောင်း၊ ငှားသင့်တာငှားပြီး မေမေ့ မိဘဆွေမျိုး အသိုက်အဝ
ရှိရာ ရန်ကုန်သို့ ပြောင်းရွှေ့လာခဲ့ကြပါသည်။ ရန်ကုန်ရော
တော့ ဘွားဘွားရော မေမေ့ အစ်မနှင့် ညီမတစ်ယောက်ပါ ယွန်း
နှင့် အတူလာနေပေးကာ မေမေက စီးပွားရေး လည်ဝယ်သ
ကြီးကြီးနှင့် တွဲ၍ စီးပွားရေးတစ်ခု စပ်တူလုပ်နေခဲ့တာပင်။ မေ
တို့ ညီအစ်မ သုံးယောက်ကလည်း စည်းလုံး၊ ဘွားဘွားကလည်
စီမံအုပ်ချုပ်နိုင်တာမို့ ယွန်းတို့မိသားစုက ပျော်စရာကောင်းခဲ့
သည်။

ပျော်စရာကောင်းသည့် မိသားစုမှာ မပျော်စရာကိ
ကို ဖြစ်ပွားစေခဲ့တာကတော့ မအူမလည် ယွန်းပင်။

ယွန်းက ယောကျ်ားလေးတွေရဲ့ သဘော သဘာ
ကို မသိ။ အကဲလည်း မခတ်တတ်ခဲ့။ ယွန်း ထားမိတဲ့ ရည်းစ





တစ်ခါမှ မယုံသင်္ကာမဖြစ်ခဲ့။ သဝန်တိုစရာ အကြောင်းလည်း
ခဲ့။ သူက ယွန်းကို ချစ်တယ်ပြောတာမို့ တကယ်ချစ်လို့သာ
ရှာတာပါဟု အပ်ချမတ်ချ ယုံကြည်ယူဆကာ သူ့အချစ်ကို
သံသယမရှိခဲ့တာပါ။

တစ်နေ့မှာ ယွန်း ရည်းစားနဲ့ ယွန်း အတူတွဲသွား
ကို ဒေါ်လေးငယ်က စ,တွေ့ပြီးနောက်မှာ ယွန်းရည်းစားထား
ကိစ္စဟာ ပုံကြီးချဲ့စရာကိစ္စကြီး ဖြစ်လာခဲ့ရပါသည်။ မိန်းမသား
ပီ တစ်ယောက်တစ်ပေါက် စိုးရိမ်စရာကိစ္စတွေကို တင်ပြ
သည်။

"ညည်းက အူနနနဲ့ ဟိုက ညည်းကို အပျော်ကြံသွားရင်
ညည်းပဲ နာမည်ပျက်ကျန်ခဲ့မှာ..."

"ယောကျ်ားတွေဆိုတာ မိန်းကလေးတစ်ယောက်နောက်
မှာ ဘာမှ ကျောထောက်နောက်ခံမှ မရှိဘူးဆိုရင် ဒင်းတို့က
ကြိုက်ချင် ကြိုက်၊ မကြိုက်ချင် ထားခဲ့၊ ဘာမှ မငဲ့ဘဲ
ပစ္စလတ်ခတ်လုပ်သွားဖို့ ဝန်မလေးဘူး"

"အဲ့ဒီတော့ ညည်းနောက်မှာ သူမဟုတ်တာလုပ်ရင် မခံ
မယ့် ဆွေမျိုး တောင့်တောင့်တင်းတင်း ရှိတယ်ဆိုတာ
သိထားရမယ်၊ ဒါမှ အရှိန်အဟုန် တစ်ခုဖြစ်နေမှာ..."

"ညည်းတို့ လူငယ်ချင်း ဒီအတိုင်းလွှတ်ထားပေးလို့ မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ညည်းလူနဲ့ ညည်းလူရဲ့ မိသားစုဟာ ဘယ်လိုအနေ
အမွေးလဲဆိုတာ ကြည့်မှဖြစ်မယ်"

ကြီးကြီးတို့က ဒီလိုပြောမှတော့ ယွန်းကလည်း ယွန်းချစ်သူကို ထုတ်ပြဖို့ ဝန်မလေးတော့ဘဲ ဟိုဘက် ဒီဘက် တွေ့ဆုံကြဖို့ကို ရဲရဲဝံ့ဝံ့ စီစဉ်ခဲ့တာပင်။

နောက်တော့ ဘယ်လိုမှ မမျှော်လင့်မိတဲ့ ပြဿနာ ကြီးကို ယွန်း ကြုံတွေ့လိုက်ရသည်။ ယွန်းအိမ်က လူကြီးတွေ ဆူပွက်သံဟာ အသံမစဲ မဟာပဋ္ဌာန်းပွဲကတောင် အရှုံးပေး လောက်အောင် နေ့ရော ညပါ မပြတ်မလပ်။ ယွန်းမှာလည်း ထိပ်ခေါက်ခံရလွန်းလို့ ခေါင်းတွေလည်းထူပူ၊ ဗိုက်ကြောတွေလည်း ကျိန်းစပ်။

ထိုအဖြစ်ကို ကျော်လွန်လာပြီးနောက်မှာတော့ ယွန်း ဟာ မေမေတို့ ပြတဲ့ တစ်မျောင်ကြီးကိုလည်း မလိုချင်တော့ ယွန်းအပေါ် ကောင်းရှာတဲ့ ကိုကျော်စွာလတ်ကိုပဲ လက်ခံလိုက်ရ ကောင်းမလားဟု အတွေးနက်လာမိပါသည်။

ကိုကျော်စွာလတ်က မန္တလေးမှာပဲနေပေမယ့် အလု ကိစ္စနှင့် မကြာခဏဆိုသလို ရန်ကုန်ရောက်ဖြစ်သည်။ ရန်ကုန် လာတိုင်း ယွန်းကြိုက်သည့် မော်မော်စန်း သီးစုံထိုးမုန့်နှင့် ရွှေ လက်ဖက်တွေ ဝယ်လာကာ ယွန်း တက်နေသည့် ကျောင်းအ





ရှာ၍ ပေးတတ်ပြပင်။ ယွန်းကို ချစ်မြတ်နိုးကြောင်းကိုလည်း လေးနက်နက် ပြောတတ်ပြပင်။ ပြီးတော့ သူက ယွန်း တွေ့ခဲ့ရတဲ့ ကံမကောင်းလှတဲ့ ကိစ္စကို သိထားကာ ယွန်းကို လည်စာနာစွာ ကရုဏာသက်နေခဲ့သူပင်။

အိမ်က စပ်ဟပ်ပေးမယ့် တစ်မျောင်ကြီးထက်စာရင် ကိုကျော်စွာလတ်က အများကြီး သင့်တော်တာ သေချာတာ ယွန်းက ကိုကျော်စွာလတ်ကိုပဲ လက်ခံရကောင်းမလား စဉ်းစား ...

"ယွန်း စဉ်းစားပေးမယ်လေ ..."

"ဟာ ... တကယ်လား ယွန်း၊ ယွန်းက စဉ်းစားပေးမယ်လို့ တောင် မပြောဖူးလို့ ကိုယ် နည်းနည်းစိတ်ဓာတ်ကျနေတာ၊ ခုမှပဲ မျှော်လင့်ချက်ရောင်ခြည်လေး တွေ့ရတော့တယ်"

"ယွန်းရဲ့ အချစ်ရေး၊ အိမ်ထောင်ရေးကိစ္စတွေမှာ ယွန်း တစ်ယောက်တည်းရဲ့ ဆန္ဒနဲ့ မပြီးဘူး ကိုကျော်စွာလတ်ရဲ့၊ ယွန်း အိမ်ကလူကြီးတွေရှေ့မှာ တင့်တောင့်တင့်တယ် အနေ အထားမျိုး ရှိဦးမှ ဖြစ်မှာဆိုတော့ ..."

"ကိုယ် ကြိုးစားမှာပေါ့ ယွန်း၊ ကိုယ် ယွန်းကို မျက်နှာ မငယ်အောင် ထားမှာပါ"

"အိမ်က လူကြီးတွေက ယွန်း အိမ်ထောင်ပြုခဲ့ရင် တစ်ခုပဲ



www.burmeseclassic.com

www.burmeseclassic.com



တစ်ရွာ အဝေးကို လိုက်သွားစေချင်မှာမဟုတ်ဘူး၊ ယွန်း မေမေတုန်းက လိုက်သွားခဲ့ရတာလေ၊ အဲဒီတုန်းကလည် ဘွားဘွားခများ ခံစားခဲ့ရပြီးပြီ၊ ယွန်းအတွက် တစ်ခါထ ခံစားချင်မယ် မထင်ဘူး"

"ကိုယ် ရန်ကုန်မှာပဲ လာနေမှာပေါ့ ယွန်းရယ်၊ ကိုယ့်စီးပွာ ရေး ကိစ္စတွေကို အခေါင်ပြေအောင် ကြိုးစားပြီးရင် ဒီမှာ အလုပ်တစ်ခု ထပ်ချဲ့လို့ရတာပဲ"

ကိုကျော်စွာလတ်က တက်ကြွနေ၏။ ယွန်းကတော ဘာကိုမှ တိတိကျကျ မပြောဖြစ်သေး။ သူ့စီးပွားရေးကိစ္စတွေ အားလုံးလည်း အဆင်ပြေနေပါမှ ယွန်းအိမ်ကို ပြောပြဖို့ စိတ်က ၏။ ယွန်း သဘောကျသည့်သူကိုသာ အိမ်ကလူကြီးတွေ တွေ့ လျှင် ထိုသူရဲ့ ဘဝဇာတ်ကြောင်းကို တူးကြဖော်ကြ၊ အပြစ်ရှာကြ နှင့် ဘယ်လောက် စစ်ပေါက်စူးစမ်းကြဦးမယ် မသိတာမို့ ယွန်းက ခုကတည်းက ခပ်လန့်လန့်ပင်။

ကိုကျော်စွာလတ် ခများမှာတော့ ထိုနေ့မှစကာ ယွန်း ကို လက်ထပ်ဖို့ ကြိုးစားတော့မည်ဟု ရည်ရွယ်တက်ကြွသွားရှာ လေသည်။

အဲဒီအချိန်က စ,လို့ . . .

သူ့လုပ်ငန်း ကိုင်ငန်းတွေ၊ ရှိရှိသမျှ စီးပွားရေးတွေ

နိုး နိုး စာ ပေ



ဘာ တစ်ခုပြီးတစ်ခု အဆင်မပြေတွေဖြစ်ရ၊ ဆုံးရှုံးနစ်နာခြင်းတွေ ဆက်တိုက်ကြုံတွေ့ရတာဟာ ဘယ်လိုအဖြစ်မျိုးနည်း။

ကိုကျော်စွာလတ်သည် ယွန်းကို ချစ်တယ်၊ လက်ထပ် ကြိုးစားနေတယ်ဟု တွေ့တိုင်းလည်း ပြော၊ ဖုန်းဆက်ပြီးလည်း ပြော၊ တဖွဖွပြောနေသည့် ကာလတွေမှာပဲ သူပိုင်ဆိုင်သည့် အဝေး ကား မှောက်ခြင်း၊ သူ့ဆိုင်တစ်ဆိုင် မီးလောင်ခြင်း၊ တခြား ပ်ငန်းတွေ အရှုံးပေါ် ကြွေးပိခြင်း၊ သူ့ဖခင်မှာ ကင်ဆာရောဂါ ခြင်း စသည့် အဆိုးတကာ့ အဆိုးတွေကို စုပြုံကြုံတွေ့လိုက်ရ သသည်။

နောက်တော့ သူ့ဒုက္ခတွေနှင့်သူ လှုပ်လေ မြုပ်လေ လာကာ ရန်ကုန်လည်း မရောက်ဖြစ်တော့ဘဲ ယွန်းနဲ့ အဆက် သွယ် ပိုကျဲလာ၏။ မကြာခင် သူ့ဖခင်လည်း ဆုံးသွားပြီး လည်း နိုင်ငံခြားထွက်သွားသည်ဟူသော သတင်းကိုသာ ကြား က်ရကာ ယွန်းနှင့် လုံးဝ အဆက်အသွယ် ပြတ်တောက်သွား တော့သည်။

ယွန်းသူငယ်ချင်းတွေထဲက ဂမ္ဘီရဆန်သော ကိစ္စတွေ ယုံတတ်သည့် နှင်းက လေးလေးနက်နက်နှင့် တစ်လုံးချင်း ပြောသည်မှာ . . .

"ယွန်း . . . နင်က ခိုက်သလား မသိဘူး"

နိုး နိုး စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘာကို ခိုက်ရမှာလဲ"

"တချို့ အဲဒီလိုပဲလေ ...၊ တစ်ယောက်ယောက်နဲ့ ကြိုက် လိုက်ပြီဆိုတာနဲ့ ကိုယ်နဲ့ကြိုက်တဲ့လူမှာ အဆင်မပြေတွေ ဖြစ်၊ အမျိုးမျိုး အခက်အခဲတွေ ကြုံရတတ်တာမျိုး ရှိ တယ်"

"ငါနဲ့သူက သမီးရည်းစားရယ်လို့တောင် တိတိကျကျ မဖြစ်ရသေးပါဘူးဟယ်"

"ဒါပေမယ့် သူက နင့်ကို လက်ထပ်ဖို့ ရည်ရွယ်ပြီး အလုပ် တွေ လုပ်နေတာ မဟုတ်လား၊ အဲဒီလို ရည်ရွယ်လို့ သူ့ မှာ အဆင်မပြေတွေဖြစ်ရတာလည်း ဖြစ်နိုင်တာပဲ"

ယွန်းမျက်နှာလေး ရှုံ့မဲ့သွားတာမို့ ယွန်း သူငယ်ချင် ချိုမီနှင့် ယုက နှင်းကို မျက်စောင်းခဲကာ ...

"သူများတကာ စိတ်ဆင်းရဲပါတယ်ဆိုမှ သူက ဂမ္ဘီရတွေ ဆန်ဆန်တွေ လာပြောနေတယ်"

"အေးလေ ... နှင်းတစ်ယောက်ဟာ ..."

"နှင်း အပြစ်မဟုတ်ပါဘူးဟယ်၊ ငါ့ကိုက အချစ်ရေး ကံဆိုးတာပါ"

"အဲဒီလို ကံဆိုးရတာလည်း အကြောင်းတော့ ရှိမယ်"





"ဘာအကြောင်းလဲ"

"အထက်ပုဂ္ဂိုလ်တွေက နင် အိမ်ထောင်ပြုတာ မကြိုက် လို့ ... အခက်အခဲတွေဖြစ်အောင် လုပ်တာနေမှာ"

"လုပ်ပြန်ပြီ ..."

"နှင်း ... နင့် ရွှေပါးစပ်လေးကို ပိတ်ထားပါတော့၊ တောင်း ပန်ပါတယ်"

ယွန်းသည် နှင်း စကားကြောင့် လွန်ခဲ့သော ငါးနှစ် ခန့်က ယွန်းကို ပြောလိုက်သော အကြားအမြင်ဆရာမရဲ့ စကား တွေကို ဖျတ်ခနဲ သတိရလိုက်မိလေသည်။

ယွန်းက အိမ်ထောင်ပြုဖို့ ကြံစည်ရင် အခက်အခဲ တွေနဲ့ ကြုံရမယ်တဲ့။ ယွန်းက ဒီစကားကို နှင်းကို ပြန်ပြောပြရင် ကြီးချဲ့တော့မှာ အသေအချာပင်။ ယွန်းကတော့ အယုံအကြည် မရှိ။ တိုက်ဆိုင်မှုပါဟု သဘောထားလိုက်၏။

ယွန်းသည် ဂမ္ဘီရဆန်ဆန်ကိစ္စတွေကို အယုံအကြည် မရှိပေမယ့် ကိုယ့်ကိုယ်ကို ချစ်ကံခေသူဟုတော့ ယုံချင်လာမိ၏။ ယွန်းရဲ့ အချစ်ရေးကိစ္စတိုင်းမှာ အနှောင့်အယှက် အခက်အခဲ အတားအဆီးတွေများ ကြုံရလေမလားဟု ရင်တထိတ်ထိတ်နှင့် တွေးကြည့်ခဲ့မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနှင့် သေချာလာသည်မှာ ယွန်းကို ချစ်ကြသည့် ယောကျ်ားသားအပေါင်းဟာ ယွန်းဆီလာမယ်၊ ယွန်းအတွက် တစ်ခုခုလာပေးချင်တယ် စသဖြင့် ကြံစည်လိုက်တိုင်း အခက်အခဲ တစ်ခုမဟုတ်တစ်ခု ကြုံရခြင်းပင်တည်း။

"ဒီနေ့ ယွန်း မွေးနေ့ဆိုတာ ကိုယ် သေသေချာချာ မှတ်ထားပြီး မနက်အစောကြီးကတည်းက နှင်းဆီပန်းနဲ့ မွေးနေ့ကိတ် ဝယ်မလို့ အိမ်ကထွက်လာတာ၊ ပန်းကလည်း ကြိုမှာထားပြီးသားမို့လို့ အဆင်သင့်ရတယ်၊ ကိတ်လှလှလေး တစ်လုံးလည်း ဝယ်လာတယ်၊ အဲ့ဒီကိတ်နဲ့ ပန်းစည်းကို ကိုင်ပြီး လမ်းဖြတ်ကူးလာတော့မှ ပြေးလာတဲ့ လူ တစ်ယောက်က အရှိန်နဲ့ ဝင်တိုက်သွားတာ၊ ပန်းတွေလည်း ကြေ၊ ကိတ်လည်းပျက်၊ ဒီမှာကြည့်ပါဦး ... ကိုယ့်လက်လည်း ယောင်ကိုင်းလာတာ ..."

ဟူသော အဖြစ်မျိုးလည်း ရှိ၏။

"ယွန်းကို လာကြိုချင်တဲ့နေ့မှ ကားကပျက်ရတယ်လို့ကွာ"

ဟု ညည်းညူကြသူတွေလည်း ကြုံဖူး၏။

ကြာတော့ ယွန်းသည် တစ်စုံတစ်ယောက်ကို ချစ်မိသွားမှာကိုပင် ကြောက်ရွံ့လာ၏။ အချစ်ရေးကိစ္စ ကြုံလျှင် တစ်ခု





မဟုတ် တစ်ခု အခက်အခဲ အတားအဆီးတွေနှင့် တွေ့ရလိမ့်မည် ဟုသာ စိတ်စွဲ၍နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



♠ ♠ ♠

"ယွန်း ... သမီးမှာ သဘောကျတဲ့သူ ရှိပြီလား"

"ရှိပြီ မေမေ"

"ရှိရင် ပြ ..."

"ခရီးသွားနေလို့ ..."

"ဘယ်ကိုလဲ ..."

"နိုင်ငံခြားကို ..."

"ဘယ်တော့ ပြန်လာမှာလဲ"

"ပြန်မလာနိုင်သေးပါဘူး"

"သွားတာကြာပြီလား"

"တစ်လလောက်ရှိပြီ"





"ဘာသွားလုပ်တာလဲ ..."

"အလည်ပေါ့ ..."

"ဘာလို့ ပြန်မလာနိုင်သေးတာလဲ"

"နေမကောင်းလို့၊ ကားသိပ်မမောင်းနိုင် ..."

"ကဲ ... ပေါ်ပြီ၊ ထင်တဲ့အတိုင်းပဲ၊ ညည်းညာဖြီးနေတာ၊ နိုင်ငံခြားကပြန်တာ ကားကိုယ်တိုင်မောင်းပြန်ဖို့ လိုသလား၊ ရှေ့စကား နောက်စကားမှ မညီတာ၊ မရှိတာကို အရှိလုပ်ပြီး လှည့်ပတ်ပြောမနေနဲ့တော့၊ ညည်းလည်း ကျောင်းပြီးတော့မှာ၊ မေမေပြောတဲ့ လူကိုသာ ယူဖို့စဉ်းစား"

"အခု မရှိသေးပေမယ့် မကြာခင် ရှိတော့မှာပါ မေမေ၊ မေမေတို့ ပေးစားမယ့် တစ်မျောင်ကြီးကိုတော့ ယွန်းမယူပါဘူး"

"ဟဲ့ ... သူများတကာကို ဘာတစ်မျောင်ကြီးလဲ၊ မိယွန်းနော်"

ယွန်းသည် မေမေတို့ ပေးစားချင်သည့်လူကိုတော့ တစ်ပုံမြင်ရုံနဲ့တောင် မနှစ်မြို့စိတ်က သေချာပြီးသားမို့ ကိုယ့်အား ကိုယ်ကိုးဖို့သာ ကြံစည်ရလေသည်။

ယွန်းသည် စိတ်ညစ်ညစ်နှင့် အိမ်ကထွက်လာကာ ချိုမီဆီ ဖုန်းဆက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ချို့မိ ... ငါ နင့်ကို တိုင်ပင်စရာရှိလို့"

"အေး ... ပြော ... ယွန်း ..."

"ငါလေ သော်ဟာန်ကို ပြန်ကြိုက်လိုက်ရင် ကောင်းမလား လို့ ..."

"ဟဲ့ ... ဖြုန်းစားကြီး၊ ဘာစိတ်ကူးပေါက်လာလဲ"

"ငါ တစ်မျောင်ကြိုးကို မယူဘူးဆိုရင် သင့်တော်တာလေး တစ်ယောက်ယောက်တော့ အိမ်ကို ပြထားရမှာပေါ့၊ သော်ဟာန်က ငါ့ကို အသည်းအသန်ကြွေဆင်းနေတာ နင် အသိပဲ၊ သူက ရုပ်လည်းချောတယ်၊ သူ့မိဘကလည်း အဆင့်အတန်းရှိရှိထဲကပဲ ..."

"နင် သူ့ကိုချစ်လို့လား"

"အဲဒါတော့ မသေချာဘူး"

"ဒါဆိုလည်း သူ့ကိုစောင့်ကြည့်လိုက်ပါဦး၊ နင့် ကိုယ်နင် သေချာအောင်လည်း သူနဲ့ ခဏခဏတွေ့ကြည့်ပေါ့ဟာ"

"အေး ... ဒီနေ့ ကော်ဖီဆိုင်မှာ တွေ့ဖို့ ချိန်းလိုက်မယ် လေ"

"ချိန်းလေ ... ၊ စကားလေး ဘာလေး အေးအေးဆေးဆေး ပြောကြည့်ပေါ့ ..."





ချို့မိနဲ့ တိုင်ပင်ပြီးတာနှင့် ယွန်းက သော်ဟာန့်ကို ော်ဖီဆိုင်မှာ တွေ့ဖို့ ချိန်းဆိုလိုက်လေသည်။

ယွန်းသည် ဗိုက်လည်းဆာတာနှင့် ကော်ဖီဆိုင်ကို ရင်ကြိုရောက်နှင့်ကာ ကော်ဖီနှင့် ဟန်ဘာဂါတစ်လုံး မှာစား ိုက်၏။ ယွန်း ကိုက်စားနေသည့် ဟန်ဘာဂါ တစ်ဝက်ကျိုးချိန် ကော်ဖီဆိုင်ဆီ လျှောက်လာနေသော သော်ဟာန့်ကို လှမ်းမြင် ိုက်ရသည်။

သော်ဟာန်က ကော်ဖီဆိုင်လေးရှေ့ လှေကားထစ် နိမ့်လေးကို အတက်မှာ ခလုတ်တစ်ချက်တိုက်ပြီးမှ ဆိုင်ထဲ င်လာ၏။

"ယွန်း မရောက်တာကြာပြီလား"

"မကြာသေးပါဘူး သော်ဟာန်၊ ဗိုက်ဆာတာနဲ့ စားနှင့်နေ တာ၊ ဘာစားမလဲ ... မှာလေ ..."

"ကော်ဖီပဲ သောက်မယ်၊ မုန့်က ... ၊ အင်း ... ဟိုမှန်ပုံး ထဲက မုန့်က ဘာနဲ့လုပ် ... ဟင် ..."

"ခွမ်း ... ချွင် ..."

"ဟယ် ... ဖန်ခွက်တိုက်မိပြီ"

သော်ဟာန်က လက်ကိုယမ်း၍ ကောင်တာဆီ လက်



www.burmeseclassic.com

www.burmeseclassic.com



ညှိုးထိုးလိုက်ချိန်မှာ စားပွဲပေါ်က ရေဖန်ခွက်ကို တိုက်မိပြီး ကျကွဲသွားတော့သည်။

"ဆောရီးနော် ... ပြန်လျော်ပေးပါ့မယ်"

အနားသို့ ပြေးလာသည့် ဝိတ်တာလေးကို ယွန်းက လှမ်းပြောထားလိုက်၏။

"အစ်မ ခြေထောက် ဟိုဘက်ခဏဖယ်ပေး၊ ဖန်ကွဲစ စူးမှာစိုးလို့ ..."

ယွန်းက ခြေထောက်ကို တစ်ဖက်သို့ ရွှေ့ထားလိုက်၏။ ဝိတ်တာလေးကလည်း ဖန်ကွဲစတွေကို သပ်သပ်ရပ်ရပ် သိမ်းဆည်းနေ၏။ ထိုအခိုက်မှာ ယွန်းက သော်ဟန် အသံတိတ်နေတာကို သတိရကာ မော့ကြည့်လိုက်မိသည်။

သူက ဖန်ကွဲစတွေကို ခပ်ကြောင်ကြောင် စိုက်ကြည့်နေရင်းက ခေါင်းယမ်းလိုက်ရင်း ...

"နိမိတ်မကောင်းဘူး ..."

"နိမိတ် ...!"

"ဟုတ်တယ် ... နိမိတ်၊ နိမိတ် လုံးဝမကောင်းဘူး၊ ... မကောင်းတဲ့ နိမိတ်တွေပဲ၊ ဒီကိုအလာတုန်းကလည်း လ... မှာ ကားတိုက်မိမလို ဖြစ်တယ်၊ အဝင်ဝမှာ ခလုတ်တစ်... တိုက်တယ်၊ ဒီရောက်တော့ ဖန်ခွက်က ကျကွဲသွားတယ်...





မကောင်းတဲ့ နိမိတ်တွေချည်းပဲ၊ အဲ့ဒီကိစ္စပဲ ကိုယ် ယွန်းကို ပြောပြ တောင်းပန်ချင်နေခဲ့တာ ..."

"ဘာကိစ္စလဲဟင် ..."

"အမှန်အတိုင်း ပြောရရင် ကိုယ် တကယ်ကြောက်တယ် ယွန်း ..."

"ဆိုပါဦး ... ဘာကိုကြောက်တာလဲ"

ယွန်းက ခပ်အေးအေး မေးရင်း ကော်ဖီငှဲ့သောက်...က်သည်။

"ယွန်းနဲ့ပတ်သက်ပြီး ကိုယ်ကြောက်လာမိတာပါ၊ ယွန်းကို ကိုယ် ချစ်မိပြီးတဲ့နောက်ပိုင်းမှာ ယွန်းက အချစ်ရေး ကံမကောင်းတတ်တဲ့သူဆိုတာရယ်၊ ယွန်းကို ချစ်မိတဲ့သူတွေကို ထိခိုက်စေတယ်ဆိုတာရယ်၊ အဲ့ဒီ သတင်းစကားတွေ ကိုယ်ကြားလာရတယ်၊ ခုလည်း ယွန်းနဲ့တွေ့ဖို့ အလာမှာ ကိုယ့်မှာ အခက်အခဲတွေ၊ မကောင်းတဲ့ နိမိတ်တွေ ကြုံရတယ်၊ အဲ့ ... အဲ့ဒါကြောင့် ယွန်းကို ပြောထားမိတဲ့ ကိုယ့်စကားကို ရုပ်သိမ်းခွင့်ပြုပါ ယွန်း ..."

သောက်လက်စ ကော်ဖီက လည်ချောင်းဝမှာ သီးနှင်...သည်။ ယွန်းသည် ချောင်းဆိုးရင်းက စာစ်ဆက်တည်း ရယ်မော...က်မိရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"တော်တော် ကြောက်တာပဲနော်၊ ခွင့်ပြုပါတယ် … ခွင့်
ပါတယ်၊ ရှင့်စကား ရှင်ပြန်ယူပြီး အေးကင်းရန်ရှင်း ပြန်
နော်၊ ဒီတစ်ခါ ခလုတ်တိုက်ရင်တော့ ယွန်းကြောင့်
မထင်ကြေးနော် …"

ယွန်းစကားဆုံးတော့ သူက ပျာပျာသလဲ ထထွ
သွား၏။ လမ်းမှာ ခုံတစ်လုံးကို ခလုတ်တိုက်သွားသေးတာ
ယွန်းက ကျိတ်ရယ်ရ၏။

ယွန်းအဖြစ်က ငိုအားထက် ရယ်အားသန်ရ
ယွန်းသည် ယောကျ်ားလေးတွေကို တရားလည်း ကျမိလေသည

❦ ❦ ❦





♠ ♠ ♠

ယွန်းရေ … နင့်အတွက် သတင်းထူးပါတယ်"

ပျင်းရိပျင်းတွဲလျှောက်လာနေသော ယွန်းထံသို့ ချိုမိ
အပြေးတစ်ပိုင်းလျှောက်လာကာ အားပါးတရပြောသည်မှာ …

"တကယ်ဆို ဒီသတင်းက အစောကြီးကတည်းက ရဖို့
ကောင်းတာဟ၊ အစောကြီးကသိရင် ပွဲပြီးနေပြီ၊ ခုတော့
နည်းနည်းတောင်နောက်ကျနေပြီ ဒါပေမယ့် ကိစ္စမရှိပါဘူး၊
အချိန်မီပါသေးတယ်"

"ဘာလဲဟယ် … လိုရင်း မရောက်တော့ဘူး"

"တို့ကျောင်းမှာ လပ်ကီးမန်းတစ်ယောက် ရှိတယ်တဲ့ ယွန်း
ရဲ့ …"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... လပ်ကီးမန်း ..."

"lucky ကောင်းစေတဲ့သူ၊ အထူးသဖြင့် အချစ်ရေး က
ကောင်းစေတဲ့ သူ၊ သူနဲ့ပတ်သက်လိုက်ရင် ဘယ်လော
အချစ်ရေး ကံမကောင်းတဲ့ မိန်းကလေးပဲဖြစ်ဖြစ် ကံကောင်
သွားရောတဲ့ ..."

"အဓိပ္ပာယ်မရှိတာ ..."

"တကယ်ပြောတာ ... လက်တွေ့ကြုံရတဲ့သူတွေဆီက တ
ဆင့်စကားနဲ့ ကြားရတာ၊ သူနဲ့ ထမင်းလက်ဆုံ စားခွ
ရလိုက်ရင်ပဲ အဲ့ဒီမိန်းကလေးက ကံကောင်းသွားရော
တချို့တွေကလည်း သူ့အကူအညီကိုရရင် ကံကောင်းသွ
တယ်ပြောတယ်၊ တစ်ယောက်တစ်မျိုးစီ ပြောနေကြတ
ခုဆို သူ့သတင်းကြားတဲ့ ကောင်မလေးတွေ သူနဲ့ ထမ
အတူလာလာစားကြလွန်းလို့ သူ့မှာ စားစရိတ်မကုန်တ
တောင် ကြာပြီဆိုပဲ"

"ကြုံကြုံဖန်ဖန်ဟယ် ..."

ယွန်းက မယုံတစ်ဝက် ဖြစ်နေရဆဲ နှင်းနှင့် ယု
ရောက်လာကာ ယုက ထောက်ခံသည်မှာ ...

"မယုံမရှိနဲ့ ယွန်း ...၊ အဲ့ဒါ တကယ်ပဲ၊ ငါတို့လည်
ချို့မီ ပြောကာစက မယုံဘူး၊ နောက်မှ ကိုယ်တွေ့ကြုံရ





ငါ့သူငယ်ချင်းတစ်ယောက်ရဲ့ အစ်မပြောလို့ ယုံရတာ၊ အဲ့ဒီ
အစ်မက လုံးဝ အချစ်ရေးကံမကောင်းတာ ငါလည်းသိ
တယ်၊ သူ့ရည်းစားဦး ကောင်လေးက ဆေးဖြတ်ရင်း
ဂန့်သွားတယ်၊ ဒုတိယမြောက် ရည်းစားကျတော့ သူ့ကို
မယ်မယ်ကြီးနေရာထားဖို့ ရည်ရွယ်တယ်ပြောပြီး ရည်းစား
ပေါင်း တစ်ရာ့တစ်ယောက်နဲ့ ပတ်ရှုပ်တယ်၊ နောက် တစ်
ယောက်ကျတော့ သူ့ဆီက ပိုက်ဆံချေးပြီး ပြန်မပေးဘဲ
ပျောက်သွားတယ်၊ နောက်ဆုံး သူလည်း စိတ်တွေကုန်ပြီး
အပျိုကြီးပဲလုပ်ဖို့ ဆုံးဖြတ်ပြီးမှ သိင်္ဂါရနဲ့တွေ့ပြီး အားလုံး
အဆင်ပြေသွားတာ"

"သင်္ခါရ ဆိုတာ ..."

"သိင်္ဂါရပါဟဲ့၊ သင်္ခါရ မဟုတ်ပါဘူး၊ ငါ အခုပြောနေတဲ့
လပ်ကီးမန်းရဲ့ နာမည်က သိင်္ဂါရ ..."

"နေစမ်းပါဦး ... နင် ခုနပြောတဲ့ အားလုံးအဆင်ပြေသွား
တယ်ဆိုတာက ဘယ်လိုတွေ အဆင်ပြေတာလဲ"

"သူ အခု အချစ်ရေးအဆင်ပြေပြီး အိမ်ထောင်တောင်
ကျသွားပြီလေ၊ သူ့ယောကျ်ားက သူ့ကိုချစ်လိုက်တာမှ
တုန်နေတာပဲ၊ သူတို့ သမီးရည်းစားဘဝကတည်းက ဘာ
အခက်အခဲ မရှိကြဘူးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဂမ္ဘီရမမ နှင်းကလည်း ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြောသည်မှာ ...

"ဒါမျိုးကို မဖြစ်နိုင်ဘူးလို့ ပြောလို့မရဘူး ယွန်း၊ ကိုယ်မမြင်ရတဲ့ကိစ္စဆိုပြီး မယုံကြည်လို့မရဘူး၊ ငါတို့ကိုယ်တိုင်မမြင် မကြား မသိနိုင်တဲ့ ပရလောကတို့၊ ရှေးရှေးဘ၀ ... အထုံရေစက်တို့ဆိုတာ ရှိကိုရှိတယ်၊ ချိုမို့ သူငယ်ချင်း... အစ်မမှာ ရှေးဘ၀က အကုသိုလ်အကျိုးဆက်ကြီးမားလွန်း... လို့ သူ့ရဲ့ဖူးစာရှင် အစစ်အမှန်နဲ့ လွဲချော်ပြီး မဟုတ်တာ... တွေနဲ့ တွေ့ပြီး ကံဆိုးမိုးမှောင်ကျနေခဲ့တာ၊ သိင်္ဂါရ... ရှေးဘ၀ကုသိုလ်အား ကောင်းလွန်းတဲ့သူနဲ့တွေ့တော့... ကုသိုလ်က အကုသိုလ်ကိုနိုင်ပြီး အမှောင်ဖုံးနေတာ... အားလုံး လင်းပွင့်သွားပြီး ဖူးစာရှင်အစစ်ကို တွေ့ခွင့်ရသွား... ခဲ့တာ"

"အမလေးဟယ် နှင်းရယ်၊ သိုက်သမိုင်းကားတို့၊ ဘာ... ရိုက်ခွင့်ရရင် နင်ပဲ မင်းသမီးလုပ်ပြီး ဝင်ရိုက်လိုက်ပါတော့... လားဟယ်"

"ဒါမှမဟုတ်လည်း ဂမ္ဘီရဝတ္ထုရေးပါလား၊ ရောင်းကောင်း... တယ်၊ နှင်းစက္ကတို့၊ နှင်းမြတ်သီဟတို့ ဘာတို့ ကလော... တွေ အများကြီးခွဲရေးပေါ့၊ နင် ကြီးပွားမှာသေချာတယ်"





ယုနှင့် ချိုမီက နှင်းကို ဝိုင်းဝန်းနှိပ်ကွပ်နေကြဆဲမှာ ...နှင်းကတော့ တွေဝေငြိမ်သက်နေမိပါသည်။

သခ်ီရ ...။ အဲ ... မှားလို့ ...။ သိင်္ဂါရ ... တဲ့။ သူဟာ တကယ်ပဲ ယွန်းကို အချစ်ရေး ကံကောင်း...မှာလား ...။

ဒါမျိုးတွေကိုမယုံကြည်ချင်ပေမယ့် ချိုမီတို့က တက်...ကြွလက်ညီ ထောက်ခံအားပေးနေတာမို့ ယွန်းက သိင်္ဂါရကို တွေ့...ချင်လာမိလေသည်။ သို့သော် ... ဘယ်လို အကြောင်းပြချက်...နဲ့ တွေ့ရမှာနည်း။

"ယွန်း ... နင် သူနဲ့ မတွေ့ချင်ဘူးလား"

ယုက မေးတော့ ယွန်းက ယုကို မျက်စောင်းထိုး...လိုက်ပြီး ...

"ငါကဘယ်လိုတွေ့ရမှာလဲ၊ ကျွန်မ အချစ်ရေးကံမကောင်းလို့ ရှင်နဲ့ ထမင်းအတူစားမယ်နော်လို့ ပြောပြီး တွေ့ရမှာလား"

"အဲ့ဒီလိုတော့ မဟုတ်ဘူးပေါ့ဟဲ့၊ သူ့ရှေ့မှာ ချော်လဲချင်ယောင်ဆောင်တာတို့ ဘာတို့ ဇာတ်လမ်းဆင်ပြီး သူ ကူညီအောင်လုပ်၊ ပြီးရင် ကျေးဇူးတင်တဲ့အနေနဲ့ ထမင်းကျွေးလိုက်၊ ဒါဆို ပြီးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ချော်လဲချင်ယောင်ဆောင်တဲ့ အကွက်ကြီးက ရိုးနေပါ ပြီ ဟာ၊ သူလည်း မရိပ်မိဘဲမနေပါဘူး"

"ဒါဆိုလည်း ဒါ့ထက်ဆန်းပြီး သူမရိပ်မိနိုင်တဲ့ အကွက် မျိုး စဉ်းစားကြည့်ဦးမယ်ဟာ၊ ချိုမီနဲ့ နှင်းလည်း ဝိုင်းက စဉ်းစားပေးကြဦး"

"အေးပါ ... စဉ်းစားပေးပါ့မယ်"

ယွန်း သူငယ်ချင်းတွေက တက်ကြွစွာဖြင့် ခေါင်း ချင်းဆိုင်ကာ တိုင်ပင်နေကြလေသည်။ တစ်ယောက်က တစ်မျိုး အကြံပေးလိုက်၊ တစ်ယောက်က ပယ်ချကာ နောက်တစ်ခု တင် လိုက်။

ယွန်းကတော့ တစ်ယောက်တည်း ငြိမ်ငြိမ်သက် သက် ထိုင်ရင်း သူတို့အဆုံးအဖြတ်ကို ခံယူဖို့စောင့်နေရလေသည်။

ယွန်းသည် လွယ်အိတ်ထဲကို လက်နှိုက်လျက် ယွန်း သဘောကျလို့ အမြဲ အိတ်ထဲမှာ ထည့်၍ ဆောင်ထားတတ်သော မြားနတ်မောင်ရုပ်ကလေးကို ထုတ်ယူကြည့်မိလေသည်။

ယွန်းက အရုပ်ကလေးကို တန်းလန်းဆွဲထားသည်။ သော့ချိတ်ကွင်းကလေးမှ မြှောက်ကိုင်ကာ ချာချာလည်၍ ကြည့် နေလိုက်သည်။

ဘာ့ကြောင့်မှန်း မသိ ... အဲ့ဒီ အရုပ်ကလေးက





ယွန်းကို ပျော်ရွှင်လာစေသည်။ ပြုံးလာမိစေသည်။ အရုပ်ကလေး က ယွန်းသွားလေရာပါခဲ့တာ နှစ်ပေါင်းမနည်းတော့။ ဒီအရုပ် ကလေးကို ကိုင်ဆောင်ထားခြင်းအားဖြင့် ယွန်းမှာ ကံကောင်းမှု တွေ ကြုံလာရလိမ့်မည်ဟုလည်း ထူးထူးဆန်းဆန်း ယုံကြည်နေခဲ့ မိသည်။

အချစ်နတ်ဘုရားမ ဗီးနတ်စ်ရဲ့ သား ... ကျူးပစ် (cupid) အမည်ရ ဒီမြားနတ်မောင်ရုပ်ကလေးကို ဆောင်ထားပါ လျက်နဲ့ အချစ်ရေး ကံမကောင်းခဲ့တာ ဘာ့ကြောင့်မှန်းတော့မသိ။ မြားနတ်မောင်ပဲ သတ်ပုံမှားနေခဲ့လို့လား။ အင်းလေ ... အရုပ်ဟာ အရုပ်ပဲမို့ ဘာစွမ်းအင်မှမရှိတာ အဆန်းမှမဟုတ်ဘဲ ...။

ယွန်းကတော့ အချစ်ရေးမှာ ကံမကောင်းမှုတွေ ကြုံရတိုင်း ဒီအရုပ်ကလေးကိုထုတ်ကြည့်ခဲ့မိမြဲ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



♠ ♠ ♠

"ဟော ... လာပြီ ... လာပြီ"

စွန်လွှတ်သည့် ရစ်လုံးကိုကိုင်ကာ အလျော့အတင်း လုပ်ပေးနေသော ယွန်းသည် ချိုမီ ပြသည့်ဘက်သို့ လှမ်းမျှော် ကြည့်လိုက်လေသည်။

ယွန်းတို့ဘက်သို့ လျှောက်လာနေသော သူ့ပုံစံက ပေါ့ပေါ့ပါးပါး စတိုင်လ်မျိုး ...။ ဘေးခွဲဆံပင် ပျော့ပျော့စင်းစင်း လေးတွေက သူ့ခေါင်းအလှုပ် လေအဝှေ့မှာ လွင့်လှုပ်နေပါသည်။ မျက်ခုံးထူထူ၊ နှာတံပေါ်ပေါ်နှင့်မို့ သူ့မျက်နှာကို အဝေးကပင် ခပ်ထင်းထင်းမြင်သာနေသည်။ တီရှပ်အဖြူလေးနှင့် ဂျင်းဘောင်းဘီ ပြာကို ပေါ့ပေါ့ပါးပါးဝတ်လျက်၊ ကြိုးရှည်ရှည်အိတ်ကို စလွယ်





သိုင်းလွယ်ထားကာ လက်နှစ်ဖက်ကို အားပါပါလွှဲလျက် ခေါင်းမော့ အသက်ရှူရင်း လျှောက်လာနေသည်။

"တွေ့လား ... တွေ့လား ... အဲဒါ သိင်္ဂါရပဲ၊ သူက ခုလို ညနေ အတန်းပြီးချိန်ဆို သူတစ်ယောက်တည်း ဒီကန်ပေါင် ပေါ်လာပြီး လေကောင်းလေသန့် ရှူရင်း အသွားအပြန် နှစ်ခေါက် လျှောက်နေကျ၊ အဲဒါကိုသိလို့ ငါက ခွင်ဆင် လိုက်တာ"

ချိုမီက သူ့ရဲ့ကြိုးပမ်းချက်များကို အားတက်သရော ပြောပြနေပါသည်။

အားလုံးကတော့ ချိုမီ ဆင်သည့်အတွက်တွေပင်။ ချိုမီက ရုပ်ရှင်ကြည့်အားလည်း ကောင်း၊ စိတ်ကူးဖန်တီး ကွန့်မြူး လည်း ကောင်းတာမို့ သိင်္ဂါရရှေ့ ချော်လဲပြရမည့် အရိုးဆုံး ဇာတ်ကွက်ကို ပယ်ချကာ အသစ်တီတွင်ဖန်တီးခဲ့သည်မှာ ...

"သူမလာခင် နင်ရော ငါပါ စွန်လွှတ်နေကြမယ်၊ နင့်စွန်နဲ့ ငါ့စွန်က ကောင်းကင်ပေါ်မှာ မထိတရိလေး ဝဲနေတဲ့အထိ လွှတ်တင်ထားနှင့်ရမယ်၊ သူလာတာကို လှမ်းမြင်လိုက်တာ နဲ့ ငါက ဟိုးခပ်ဝေးဝေးကိုလျှောက်သွားပြီး နင့်စွန်နဲ့ စွန် ချင်းငြိအောင်လုပ်ပြီး ဆက်လွှတ်နေမယ်၊ နင်က သူလာရာ လမ်းကို ကျောခိုင်းပြီး နောက်ဆုတ် နောက်ဆုတ်လျှောက်

www.burmeseclassic.com



ရှင်း စွန်ကိုမော့ကြည့်နေလို့ သူ့ကိုတိုက်မိသလို လုပ်ရမယ်၊ ပြီးရင် ငါပြောတဲ့အတိုင်း ဆက်လုပ်၊ သူက စွန်ဝါသနာရှင်၊ ဒီကန်ပေါင်ပေါ် ခဏခဏလာပြီး စွန်လွှတ်တယ်၊ သူ နင့်ကို လုံးဝကူညီလိမ့်မယ်”

ယွန်းသည် ချိုမီပြောသည့်အတိုင်း စွန်ကိုထိန်း၍ လွှတ်နေ၏။ ချိုမီကတော့ မှာစရာရှိတာမှာပြီး ရစ်လုံးကို ကိုင်၍ အလျှော့အတင်းလုပ်ရင်းကပင် ခပ်ဝေးဝေးသို့ လျှောက်သွားလေသည်။

ယွန်းသည် မလုပ်စဖူးလုပ်ရမည့် ဇာတ်ကွက်အတွက် ရင်နည်းနည်းထိတ်လာရတာမို့ သိင်္ဂါရ အနားရောက်မလာခင် သိင်္ဂါရကို ကျောခိုင်းထားလိုက်သည်။

ယွန်းရပ်နေတာက ကန်ပေါင်အစွန်းမှာ။ သူက အလယ်လမ်းအတိုင်း လျှောက်လာနေသည်။ ယွန်းက စွန်ကို အလျှော့အတင်းလုပ်နေဆဲမှာ ချိုမီလွှတ်နေသော စွန်က ယွန်းရဲ့ စွန်ကိုလာငြိနေပြီ။ သိင်္ဂါရကလည်း ယွန်းနောက်ကျောဘက်သို့ ရောက်လုပြီ။

ယွန်းသည် သူ့ကို မသိမသာ တစ်ချက်ကြည့်ပြီး စွန်ကြိုးကို လျှော့ပေးရင်း သူလျှောက်လာသော လမ်းဘက်သို့ ခြေလှမ်းသုံးလေးလှမ်း နောက်ပြန်ဆုတ်ပစ်လိုက်သည်။





“ဟာ … ဟော့ …”

“ဆောရီး …”

ယွန်း သူ့ကိုတိုက်မိလိုက်ပြီ။ သူကလည်း ယွန်းကို သတိထား ကြည့်လိုက်ပြီ။ ပြီးတော့ ယွန်း စွန်လွှတ်နေတာရယ်၊ စွန်ငြိနေတာရယ်ကို သတိထားမိသွားပြီ …။

“ဆောရီးနော် … စွန်ကြိုးလျှော့ရင်း နောက်ဆုတ်လိုက်မိတာ”

“ရပါတယ်၊ ဟာ … ခင်ဗျားစွန် ငြိနေပြီ”

“ဟုတ်တယ် … အဲဒီစွန်က တမင်လိုက်ဖိုက်နေတာ၊ ကျွန်မ စွန်ကို ဖြတ်ပစ်မလို့ထင်တယ်”

“အဖြတ်မခံနဲ့လေ၊ ပေး … ပေး … ကျွန်တော့်ကို ရစ်လုံး ပေး၊ ကျွန်တော် ငြိနေတာကို ဖြုတ်ပေးမယ်၊ ဒါမျိုး ကျွန်တော် ကျွမ်းတယ်”

စွန်ဝါသနာအိုး သိင်္ဂါရက ယွန်းလက်ထဲက ရစ်လုံးကို ယူကာ စွန်ငြိနေတာကို ဖြုတ်ထုတ်ပေးပြီး စွန်ကို ပြန်ရစ်၍ သိမ်းလိုက်လေသည်။

“ကျေးဇူးပဲ … ရှင်ကူညီလို့ ကျွန်မစွန်လေး အဖြတ်မခံရတာ၊ ဒါနဲ့ ရှင် ထမင်းစားပြီးပြီလား”



www.burmeseclassic.com

www.burmeseclassic.com



ယွန်းက စိတ်လှုပ်ရှားနေတာမို့ လိုရင်းကို စိတ်စော စွာ မေးလိုက်မိ၏။

"အဟင်း ..."

သိင်္ဂါရက သူမရဲ့ အလျင်စလို မေးပုံကို ရယ်ချင်လာတာမို့ ပြုံးရုံပြုံးရင်း မရယ်မိအောင် ထိန်းလိုက်ရလေသည်။

လာပြန်ပြီ တစ်ယောက်လို့သာ ညည်းလိုက်ချင်သည်။ ချဉ်းကပ်ပုံက နည်းနည်းပညာသားပါပေမယ့် သူမ မေးပုံက အသိသာကြီး ...။ အထူးသဖြင့် မျက်လုံးတွေက လိမ်လို့မရ။

သူ့ဆီ ချဉ်းကပ်လာတဲ့ မိန်းကလေးအများစုထက်ပိုပြီး သူမက ထူးထူးခြားခြား လှပသည်။ ဒီလောက် လှပရက်နဲ့ ဘာ့ကြောင့်များ ချစ်ကံဆိုးရသလဲဆိုတာတော့ သူသိချင်ပါသည်။

သိင်္ဂါရက သူမကိုကြည့်ရင်း စ,ချင် နောက်ချင်စိတ် ပေါ်လာရကာ ...

"ကျွန်တော် ခုတလော ထမင်းမစားဘူးဗျ"

"ရှင် ...၊ ဒုက္ခပါပဲ ..."

"ဗျာ ... ကျွန်တော့်ဘာသာ ကျွန်တော် ထမင်းမစားတာ ခင်ဗျားကို ဒုက္ခပေးရာ ကျသွားလား"

"အဲလိုတော့ မဟုတ်ပါဘူး၊ ရှင်က ထမင်းမစားဘဲ ဘယ်လို အသက်ဆက်နေလဲ"





"အသက်ဆက်စရာတွေက အများကြီးပါဗျာ၊ သစ်သီးတွေစားတယ်၊ ကိတ်မုန့်စားတယ်၊ ပေါင်မုန့်စားတယ်၊ ဟန်ဘာဂါ စားတယ်၊ အိတ်ထဲ စားစရာတွေ့ထည့်ပြီး သွားရင်းလာရင်း ကြုံသလိုပဲ စားလိုက်တယ်လေ"

"ဒါဆို ... ထမင်းက ဘယ်တော့ ပြန်စားမှာလဲဟင်"

"ဘာဖြစ်လို့ သိချင်တာလဲ"

"ရှင် ကူညီထားလို့ ကျေးဇူးဆပ်တဲ့အနေနဲ့ ထမင်းပြန်ကျွေးချင်လို့ပါ"

"ဩော် ... ဒါလေးလုပ်ပေးတာ မပြောပလောက်ပါဘူး၊ စိတ်ထဲမထားပါနဲ့"

"မယေားလို့ မဖြစ်ဘူး"

"ဘာဖြစ်လို့ပဲ ..."

"ထမင်းကတော့ ကျွေးကိုကျွေးမှဖြစ်မှာ"

"ကျွန်တော် မစားချင်သေးလို့ပါ"

"ဒါဆို ရှင်စားမယ့်နေ့ကိုပြော၊ ကျွန်မ ဆက်ဆက်လာကျွေးမယ်"

"အဲ့ဒါက မဆုံးဖြတ်ရသေးဘူး၊ ကျွန်တော် မီးလွတ်စားဖို့လည်း စဉ်းစားထားလို့ပါ"

"မီးလွတ် ... !"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... မီးနဲ့ချက်ထားပြုတ်ထားတာ မဟုတ်တဲ့ အသီးအနှံတို့ ဘာတို့ပေါ့"

ယွန်းသည် ဘာဆက်ပြောရမှန်းမသိအောင် အကြ ခက်သွားပါသည်။

သူဟာ တကယ်ပဲ ကံကောင်းစေတဲ့သူဆိုရင် ယွန်း ကလည်း ခပ်မြန်မြန်လေး ကံကောင်းချင်လှပြီ။ ယွန်းနဲ့ ပေးစား မယ့် တစ်မျှောင်ကြိုး ပြန်မလာခင် အချိန်မီကံကောင်းမှုဖြစ်မှာမို့ သူနဲ့အတူ ထမင်းမြန်မြန်စားချင်လှပြီ။ ဒီနေ့ အခွင့်အရေးကို လက်လွှတ်လိုက်ရင် နောက်ဆိုတာ မသေချာ ...။ တစ်ခါပြီး တစ်ခါ အကွက်ဆင်နေရရင် သူလည်း ရိပ်မိသွားနိုင်သည်။

ရိပ်မိမှာစိုးရိမ်နေပုံရသော ယွန်းပုံစံကို သိင်္ဂါရက လည်း ထပ်ဆင့်ရိပ်မိနေပါသည်။ စကားမှ သေသေချာချာ မပြော ရသေးခင် ထမင်းကျွေးဖို့ပဲ စိတ်စောနေတဲ့ ပုံက အသိသာကြီး။

"ကဲ ... ကျွန်တော် သွားလိုက်ပါဦးမယ်နော်"

"ဩော် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့"

သူ ခပ်တည်တည်နှုတ်ဆက်ထွက်လာတော့ ကောင် မလေးက ခေါင်းတဆတ်ဆတ်ညိတ်ပြပြီး ဘာလုပ်ရမှန်းမသိတော့ ပုံဖြင့် အူတူတူရပ်ကျန်နေခဲ့သည်။





သိင်္ဂါရက ခြေလှမ်း ဆယ်လှမ်းလောက် လှမ်းလာခဲ့ မှ သူမဘက်ကို ချာခနဲ လှည့်ရပ်ကြည့်လိုက်ရင်း ကိုယ့်ဗိုက် ယ်ပွတ်ကာ ...

"ကြားလိုက်လား မသိဘူး"

"ရှင် ..."

ခုချိန်ထိ နေရာမှာရပ်ကာ သူ့ကိုလှမ်းကြည့်နေခဲ့ဖြစ် ာ သူမက လန့်သွားပုံဖြင့် အထိတ်တလန့် 'ရှင်' လိုက်သည်။

"ကျွန်တော့် ဗိုက်ထဲက ဂွီခနဲအော်သံကို ကြားလိုက်လား လို့ မေးတာ"

"ဟင့်အင်း ... မကြားပါဘူး"

"ဩော် ... မကြားဘူးကိုး၊ ဗိုက်ထဲက ဆာကြောင်း အချက် ပြတဲ့ အသံထွက်လာတာဗျ၊ အဲ့ဒါနဲ့ ကျွန်တော်လည်း စိတ်ပြောင်းပြီး ထမင်းလေးဘာလေး စားရရင် ကောင်း မလားလို့ ..."

သူမ မျက်ဝန်းတွေက ရုတ်တရက် တလက်လက် ာက်ပလာကာ ...

"ကောင်းတာပေါ့၊ ကောင်းတာပေါ့ ...၊ စားမလားဟင်၊ အခု စားမလား ..."

"စားတာပေါ့ ..."

www.burmeseclassic.com



"ဒါဆို လာလေ၊ ဟိုဘက်က စားသောက်ဆိုင်တွေ
သွားစားရအောင်"

ယွန်းက အင်မတန် သွက်လက်သော ခြေလှမ်းမျ
ဖြင့် ဦးဆောင်သွားသည်။ ခပ်ဝေးဝေးမှ ချောင်းနေသော ချိုမိ
က လက်မလေးတွေ ထောင်လိုက်ကြသည်။

"နေပါဦး ... နေပါဦး၊ ဖြည်းဖြည်းလျှောက်ပါ၊ ဒီလော
စိတ်မစောပါနဲ့၊ ခင်ဗျားကြည့်ရတာ တော်တော် စိတ်
ပုံရတယ်၊ ဗိုက်ဆာတာက ကျွန်တော်၊ ခြေလှမ်းသွက်
တာက ခင်ဗျား ..."

သိင်္ဂါရက သူမကို ကပ်ရီ ကျီစယ်ချင်နေသည်
ပြီးတော့ ... သူမပုံစံ ဒီလောက် ချစ်စရာကောင်းရက်နဲ့ ဘာ
ဘယ်လို ကံမကောင်းမှုတွေ ရှိလို့လဲဆိုတာ စိတ်ဝင်စားလာသည်

ကျောလယ်ထိရှည်သည့် နီညိုရောင်ဆိုးထားသ
ဆံပင် တွန့်တွန့်လေးတွေကို ခပ်မြင့်မြင့်စီးထားပြီး လျှာထိုးဦး
အနီလေး ဖိဆောင်းထားကာ ဂျင်းဘောင်းဘီပြာနှင့် ကန်းထ
ရှပ် အနီကွက်နှင့်၊ နားမှာတော့ နားကွင်းကြီးကြီး ပန်ထားသေ
ပုံက ခပ်ရှင်းရှင်းနှင့် ခေတ်မီလှပသည်။ မျက်ခုံးမွေး ထူထူ
နက်ကလေး ထင်းနေသောမျက်နှာက ကာလာမခြယ်ဘဲ ပြေ
ပြောင်ရှင်းရှင်း ကြည်ကြည်လင်လင်။ ရစ်လုံးကို လက်နှစ်ဖက်





သည့်ပတ်ကစားရင်း ခပ်သွက်သွက်လျှောက်နေပုံက ကြည့်ကောင်း
တာမို့ သိင်္ဂါရက ယောကျ်ားပီပီ နောက်ချန်လျှောက်ရင်း သူမ
သေချာကြည့်မိနေသည်။

သူလှမ်းပြောချိန်မှာ သူမက ခြေလှမ်းတွေကို နှေး
လိုက်ပြီး သူ့နောက်မှချန်၍ လျှောက်မြန်သည်။ ထိုအခါ သူက
ောက်လှည့်ကြည့်ရင်း ...

"မြန်မြန်လာပါဗျာ၊ ကျွန်တော် ဗိုက်သိပ်ဆာနေပြီဗျ"

သူမက ခြေလှမ်းသွက်လျက် ရှေ့သို့ကျော်၍လျှောက်
သည်။

"ဟော့ ... စောင့်ဦးလေ၊ အဲဒီလောက်ကြီးမြန်ဖို့လည်း မလို
ပါဘူး"

ဟု သူလှမ်းခေါ်တော့ သူမက ခြေလှမ်းတွေကို
င့်ခနဲ ရပ်ပစ်လိုက်ရင်း ...

"ကဲ ... ဘယ်လိုလျှောက်ရမှာလဲ"

ဟု စိတ်မရှည်သလိုပြောသည်။ သိင်္ဂါရက တစ်ဖက်
ည့် ပြုံးလိုက်ပြီးမှ ...

"အတူတူလျှောက် အတူတူရောက်မှ အတူတူစားလို့ရမှာ
ပေါ့ဗျ"

ဟု အထာလေးနှင့် ပြောလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမက သက်ပြင်းတစ်ချက် ချလိုက်ပြီး သူနှင့်အ
ယှဉ်လျှောက်လာသည်။ သို့သော် မျက်နှာကတော့ ညိုမှောင်စူပ
နေပါသည်။ သိင်္ဂါရက သူမ ပုံစံကို ရယ်ချင်လာသော်လည်း
မျက်နှာထား ခပ်တည်တည်၊ စိတ်မကောင်းသလို လေသံလေးဖြ

"ခင်ဗျားကြည့်ရတာ ကျွေးမယ်သာပြောတယ်၊ သ
မသထားသလိုပဲ၊ မျက်နှာက စူပုပ်စပ်နေတာပဲ၊ ဆာလွ
လို့ အစာအိမ်ပေါက်ထွက်သွားပါစေဗျာ၊ မသထားရေ
တော့ မစားချင်ပါဘူး"

"သထားပါတယ်၊ သထားပါတယ်၊ အရမ်းကို ကျွေးချင်
တာပါ"

"သထားတယ်ဆိုရင် မျက်နှာက နည်းနည်းပါးပါး ကြ
ကြည်လင်လင် ပြုံးပြုံးရွှင်ရွှင် ဖြစ်နေရမှာပေါ့ဗျ"

"ဖြစ်ပါတယ် ... ဖြစ်ပါတယ်၊ ဒီလောက်ပြုံးရင် ရပြီလာ"

သူမက တမင် ဖျစ်ညှစ်ပြုံးလိုက်ပြီး မေးတ
သူက ခေါင်းညိတ်လိုက်ရင်း ...

"အိုကေ ... ရပါပြီ"

သူမက စိတ်ကိုရှည်အောင် တမင်ဆွဲဆန့်ထာ
သော လေသံဖြင့် ...

"လာပါ ... ကြွပါ၊ ဒီဆိုင်ကို ဝင်တော်မူပါ"





ဟု ဖိတ်ခေါ်လိုက်သည်။ နှစ်ယောက်လုံး စားပွဲမှာ
ထိုင်ရင်း စားပွဲထိုးလေးအလာကို စောင့်ရသည်။ လူများနေ၍
စားပွဲထိုးကလည်း တော်တော်နဲ့ ရောက်မလာတာမို့ ရေနွေးကြမ်း
သောက်ရင်း စောင့်ကြရသည်။

တော်တော်ကြာမှ စားပွဲထိုးလေး ရောက်လာကာ ...

"ဘာမှာမလဲ ခင်ဗျ"

"ထမင်း နှစ်ပွဲ၊ ဟင်းက ... ၊ ရှင် ဘာစားမလဲ"

ယွန်းကမေးတော့ သိင်္ဂါရက ကိုယ့်ဗိုက်ကိုယ် ပြန်
ကြည့်လိုက်ပြန်ရင်း ...

"ဗိုက်က ဆာတောင် မဆာတော့ဘူး၊ အဆာလွန်ပြီး လေပွ
သွားပြီ"

"အဲ ... အဲဒီတော့ ..."

"အဲဒီတော့ ... ထမင်း မစားတော့ဘူး"

"ဘာရှင့် ..."

ယွန်းက သည်းမခံနိုင်တော့ပြီမို့ လက်ထဲက ရေနွေး
ခွက်ကို ဆောင့်ချပစ်လိုက်ရင်း ...

"ရှင့်စိတ်မှန်ရဲ့လား၊ စိတ်က ခုတစ်မျိုး တော်ကြာတစ်မျိုး
နဲ့၊ ဘာတွေအိုက်တင်ခံနေတာလဲ၊ ဒီဆိုင်မှာ မစားချင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆိုလည်း ပွင့်ပွင့်လင်းလင်းပြော၊ ကန်ပေါင်အောက်ဘက်
moon bakery မှာ လိုက်ကျွေးမယ်”

“လေပွသွားလို့ ဘာဆိုဘာမှ မစားချင်တာပါဗျာ”

“မစားချင်လည်း နေပေါ့၊ ဒီကလည်း သိပ်ကျွေးချင်လှ
တယ် မထင်နဲ့၊ ကိုယ့်ဒုက္ခနဲ့ ကိုယ်မို့လို့သာ လိုက်ကျွေး
ရတာ၊ ရှင်နဲ့ ထမင်းစားရင် ကံလေးများ ကောင်းလာမလား
လို့ပါ”

သိင်္ဂါရက လက်ဖျစ်တင်ချက် တီးလိုက်မိရင်း . . .

“ကြိုက်တယ်ဗျာ၊ အဲဒီလို ပွင့်ပွင့်လင်းလင်းရှိမှပေါ့၊ အ
ကတည်းက အဲဒီလိုသာ သေချာပြောလိုက်ရင် ကျွန်တေ
လုံး၀ အိုက်တင်မခံပါဘူး၊ ကဲ . . . မိတ်ဖြစ်ဆွေဖြစ် အတူ
စားလိုက်ကြတာပေါ့၊ ညီလေး ကြက်၊ ၀က်၊ ကုန်းဘော
ချိုချဉ်၊ ချဉ်စပ် . . . အကုန်ချ”

သူက ခပ်သွက်သွက်မှာလိုက်တော့မှ သူမက သူ
မျက်စောင်းတစ်ချက်ထိုးရင်း ငြိမ်သက်သွားပါသည်။

“ခင်ဗျားနာမည်က . . .”

“ယွန်းရတီပါ”

“ကျွန်တော့် နာမည်တော့ သိပြီးသား မဟုတ်လား၊ ကျွ
တော်က နာမည်ကြီးတယ်”





“သိပါတယ်၊ သင်္ခါရ မဟုတ်လား . . .”

“ဟာဗျာ . . . သိင်္ဂါရ ပါဗျ”

“ဆောရီး . . . အဲဒီနှစ်မျိုးက အရမ်းဆင်လို့ မှားမှားပြောမိ
တယ်”

“အသံထွက်ဆင်ပေမယ့် အဓိပ္ပါယ်ချင်းကတော့ တခြားစီ
ပါဗျာ၊ သိင်္ဂါရဆိုတာက ချစ်ခင်နှစ်သက်မှုရသလို့ အဓိပ္ပါယ်
ရတယ်၊ သင်္ခါရ ဆိုတာကြီးက သေခြင်းတရားနဲ့ နီးစပ်တာ
ကြီးပါဗျာ”

“လူဆိုတာ သေမျိုးပဲ၊ ဖြစ်ပြီးရင် ပျက်မှာပေါ့၊ သင်္ခါရ
သဘောတရားကို နားလည်မှပေါ့ရှင်”

“နားလည်ပေမယ့် ငယ်ငယ်လေးနဲ့ သေမှာတော့ ကြောက်
တယ်ဗျ၊ မိန်းမတောင်မရသေးဘူး”

သိင်္ဂါရက ရေနွေးတစ်ခွက်ကို လှမ်းယူမှုတ်သောက်
. . . ပြီးမှ . . .

“ဒါနဲ့ ခင်ဗျားကရော ဘယ်လိုကံမကောင်းမှုတွေ ကြုံရလို့
ကျွန်တော့်ဆီ ရောက်လာတာလဲ၊ ပြောပြလို့ရမလား၊ မပြော
ချင်လည်း ကိစ္စမရှိပါဘူး၊ သူများဝေဒနာကို မတူးဆွချင်
ဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ပြောပြလို့ရပါတယ်၊ ကျွန်မရဲ့ ပထမရည်းစား
လူကြီးချင်း တွေ့ရမယ့်နေ့မှာ မိန်းမ ခိုးပြေးသွားတယ်"

"အဟွတ် ... အဟွတ် ... ဟွတ် ..."

သိဂ်ါရက ရယ်ချင် အံ့သြ နင်သီးကာ ရေ
သောက်ရင်း ချောင်းတဟွတ်ဟွတ် ဆိုးသွားသည်။

"ကျွန်မအဖြစ်ကို ကြားရတဲ့ သူတိုင်းက ဟာသဖြစ်နေမ
ဆိုတာ ကျွန်မသိပါတယ်"

"ခင်ဗျားကလည်း ညဲ့ချက်ပဲကိုး ..."

"ဟုတ်တယ်၊ ညဲ့တာကို ဝန်ခံပါတယ်၊ ကိုယ့်အဖြစ်
ကိုယ်ပြန်တွေးတိုင်း ဘယ်လိုခံစားရမှန်းမသိအောင် အူလ
လည်ကြီး ဖြစ်ကျန်ခဲ့တယ်၊ အသည်းကွဲရမှာလား၊ ငိုရ
လား၊ ဒေါသဖြစ်ရမှာလား မဝေခွဲနိုင်တာနဲ့ ငိုလည်း
ရယ်လည်းမရယ်၊ ဒေါသလည်း မဖြစ်ဘဲ ခပ်တည်တည်
နေလိုက်တော့တယ် ...၊

"နောက်တစ်ယောက်ကျတော့ ကျွန်မကို ယူမ
ကြဲရုံရှိသေး စီးပွားတွေပျက် ဒုက္ခတွေရောက်ပြီး နိုင်ငံခြ
ကို အလုပ်လုပ်ဖို့ ထွက်သွားတာ ပေါ်ကို မလာသေ
ဘူး ...၊





ခိုးရာလိုက်ရရှာတာပေါ့၊ ခုတော့လည်း အားလုံး အဆင်ပြေသွားပါပြီ၊ သူ့သားလေးကလည်း တစ်တစ်ရစ်ရစ်နဲ့ အရမ်းချစ်စရာကောင်းတော့ နှစ်ဖက်မိဘတွေက ဝိုင်းပြီး ဖူးဖူးမှုတ်နေကြတာ ..."

ယွန်းပြောသမျှကို နားထောင်နေသော မေမေ့ မျက်လုံးက ပြူးသထက် ပြူးလာသည်။ ယွန်းသည် စကားဆုံးသည်နှင့် ပြုံးကြောင်ငြိမ်သက် အတွေးနက်နေသော မေမေ့ရှေ့သို့ ကင်ပွန်းတပ် ဖိတ်စာလေးကို တရိုတသေချပေးပြီး အသာလစ် ထွက်လာခဲ့တော့သည်။

နောက်တစ်နေ့မှာတော့ လူကြီးတွေအားလုံး ဧည့်ခန်းမှာ ဝိုင်းထိုင်နေကြရင်းက ...

"ဟဲ့ ... ယွန်း၊ လာဦး ... ဒီနားကို ..."

ဟု လှမ်းခေါ်လိုက်ကြသည်။ ယွန်း သူတို့ရှေ့ရောက်တာနှင့် အားလုံးဝိုင်း၍ လိမ်ဆွဲတွန်းထိုး ထိပ်ခေါက်ကြရင်း ...

"ခိုးရာလိုက်ဖို့တော့ နည်းနည်းလေးမှ မစဉ်းစားနဲ့၊ ညည်းလူကို လာတောင်းခိုင်းလိုက်"

ဟု လေသံမာမာဖြင့် ပြောလေသည်။

ယွန်းသည် စိတ်ထဲကနေ 'အောင်ပြီကွ' ဟု ကြွေးကြော်ရင်းက အသာတကြည် လိမ်ဆွဲခံလျက် ဘွားဘွားရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဂမ္ဘီရမမ နှင်းကလည်း ခေါင်းတဆတ်ဆတ်ညိတ်
ရင်း ပြောသည်မှာ ...

"ဒါမျိုးကို မဖြစ်နိုင်ဘူးလို့ ပြောလို့မရဘူး ယွန်း၊ ကိုယ်
မမြင်ရတဲ့ကိစ္စဆိုပြီး မယုံကြည်လို့မရဘူး၊ ငါတို့ကိုယ်တိုင်
မမြင် မကြား မသိနိုင်တဲ့ ပရလောကတို့၊ ရှေးရှေးဘဝ
အထုံရေစက်တို့ဆိုတာ ရှိကိုရှိတယ်၊ ချိုမှိ သူငယ်ချင်း
အစ်မမှာ ရှေးဘဝက အကုသိုလ်အကျိုးဆက်ကြီးမားလွန်း
လို့ သူ့ရဲ့ဖူးစာရှင် အစစ်အမှန်နဲ့ လွဲချော်ပြီး မဟုတ်တာ
တွေနဲ့ တွေ့ပြီး ကံဆိုးမိုးမှောင်ကျနေခဲ့တာ၊ သိင်္ဂါရ
ရှေးဘဝကုသိုလ်အား ကောင်းလွန်းတဲ့သူနဲ့တွေ့တော့
ကုသိုလ်က အကုသိုလ်ကိုနိုင်ပြီး အမှောင်ဖုံးနေတာ
အားလုံး လင်းပွင့်သွားပြီး ဖူးစာရှင်အစစ်ကို တွေ့ခွင့်ရသွား
ခဲ့တာ"

"အမလေးဟယ် နှင်းရယ်၊ သိုက်သမိုင်းကားတို့၊ ဘာ
ရိုက်ခွင့်ရရင် နင်ပဲ မင်းသမီးလုပ်ပြီး ဝင်ရိုက်လိုက်ပါတော့
လားဟယ်"

"ဒါမှမဟုတ်လည်း ဂမ္ဘီရဝတ္ထုရေးပါလား၊ ရောင်းကောင်း
တယ်၊ နှင်းစက္ကတို့၊ နှင်းမြတ်သီဟတို့ ဘာတို့ ကလော
တွေ အများကြီးခွဲရေးပေါ့၊ နင် ကြီးပွားမှာသေချာတယ်"





သိင်္ဂါရက သူငှားပေးလိုက်သည့် ဝဂ္ဂဆီကြောင့်
မွှံသွားသော သွယ်သွယ်စိုးကို သတိရကာပြုံးမိ၏။

ယွန်းရတီကော အဲဒီလိုနည်းနဲ့များ ဖူးစာရှင် တွေ့
လေမလား ...။

❦ ❦ ❦

www.burmeseclassic.com



♠ ♠ ♠

အဲ့ဒီနေ့ရဲ့ နောက်ပိုင်းရက်တွေမှာတော့ ယွန်းရတီက သိင်္ဂါရထံ ရောက်မလာတော့ပေ။

ချစ်သူသစ်ရပြီး ချစ်ကဲကောင်းနေပြီလား ...။

သူငှားပေးလိုက်တဲ့ တက္ကဆီပေါ်မှာ ဖူးစာရှင် ပါလာလို့ အိုကေမှာ စိုပြေသွားပြီလားဟု တွေးမိရင်တော့ သိင်္ဂါရ တစ်ယောက်တည်း ကျိတ်ပြုံးမိရသည်။

ညနေဘက်တွေမှာ သူတစ်ယောက်တည်း ကန်ပေါင်မှာ လမ်းသွားလျှောက်တိုင်း စွန်လွှတ်နေသူတွေကို သတိထားကြည့်မိပေမယ့် သူမကို မတွေ့ရတော့။ ကျောင်းထဲမှာ ကဲန်တင်း





မှာ သတိတရ ရှာကြည့်တော့လည်း အရိပ်အယောင် မတွေ့ရတော့ချေ။

သို့နှင့် ...

သူမနှင့် တွေ့ဆုံပြီးနောက် တစ်လခန့်အကြာ သိင်္ဂါရတစ်ယောက်တည်း ကန်ပေါင်ဘက် လမ်းလျှောက်လာချိန်မှာ ကန်ပေါင်အစွန်း ရေစပ်မှာ ရပ်၍ အားပါးတရ စိတ်လိုက်မာန်ပါ ဖုန်းပြောနေသော ယွန်းရတီကို လှမ်းမြင်လိုက်လေသည်။

သူမ ရပ်နေသောနေရာတစ်ဝိုက်မှာ လူသူရှင်းလင်းနေသည်။ IBC အဆောက်အဦးဘက် အစွန်းက ရေစပ် မြက်ပင်တွေပေါ်မှာ ရပ်၍ ဖုန်းပြောနေဆဲမှာ သူမက ဖိနပ်ကို ချွတ်ပစ်လိုက်သည်။

သူမ အမူအရာက ထူးခြားတာမို့ သိင်္ဂါရက သူမထံ ခပ်သွက်သွက်လျှောက်သွားလိုက်မိရာ စကားသံကို သေသေချာချာ ကြားလာရသည်။

"ဒေါ်လေးငယ် ... သမီး ဒီ ခု ဖိနပ်ချွတ်ပစ်လိုက်ပြီနော်၊ ရေစပ်မှာလည်း ရပ်နေပြီ၊ မေမေတို့ ကြီးကြီးတို့တွေ သမီးကို ဟာစ်မျောင်ကြီးနဲ့ ပေးစားမယ်ဆိုရင် သမီး အခုပဲ ရေထဲကို ခုန်ချလိုက်မှာ၊ ကျန်ခဲ့မယ့် သမီးဖိနပ်က လေး

www.burmeseclassic.com



သောင်းတောင် ပေးရတာနော်၊ ဒေါ်လေးငယ် လိုချင်ပေ
မယ့် နှမြောလို့ ဝယ်မစီးဘူးဆိုတဲ့ ဖိနပ်၊ သမီးမရှိတော့ရင်
ဒေါ်လေးငယ်ပဲ ယူလိုက်တော့၊ သမီးက နှစ်ခါပဲစီးရသေး
တာ၊ မြန်မြန်လာယူနော် ဒေါ်လေးငယ်၊ တော်ကြာ သူများ
ယူသွားဦးမယ်"

သိင်္ဂါရက ကိုယ့်ပါးစပ်ကိုယ် လက်ဝါးဖြင့် ဖိပိတ်
လိုက်ရင်း ရယ်သံမထွက်အောင် ထိန်းလိုက်ရသည်။ ယွန်းရတီက
တော့ ရေစပ်မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေရင်းက သူချွတ်
ထားသည့် ဖိနပ်ကို မြက်ပင်တွေ နှုတ်၍ ဖုံးလိုက် အုပ်လိုက်သေး
သည်။ ခု ရေထဲဆင်းသေမယ့်သူက ဖိနပ်တစ်ရံကို သံယောဇဉ်
အငင်ကြီး ငင်နေသည်။

"ယွန်းဘာသာ ယွန်းကြိုက်တဲ့သူ တွေ့တဲ့အထိ ယွန်း
အချစ်ရေး ကံကောင်းတဲ့အထိတော့ စောင့်ပေးကြပေါ့
အဲဒီ တစ်မျောင်ကြီးနဲ့ ပေးစားမယ်ပဲ တကဲကဲ လုပ်မနေ
ကြနဲ့ပေါ့၊ အချိန်လား ... အချိန်က မကြာတော့ပါဘူး
မကြာခင် ကံကောင်းတော့မှာ သေချာပါတယ်၊ ဒေါ်လေး
ငယ်တို့သာ အကင်းမပေးစားဘူးလို့ ကတိပေး၊ ဟင် ...
မပေးဘူးလား၊ ရေထဲခုန်ချမယ်ပြောတာတောင် မပေးဘူး
လား၊ ဟင် ... မယုံဘူးပေါ့၊ ဒါဆို ခုန်ချလိုက်တော့မှာ





ဟင် ... ဖုန်းချသွားပြီလား၊ ဒေါ်လေးငယ် ... ဒေါ်လေး
ငယ် ..., ဟဲလို ... ဟဲလို ..."

သူမ စကားများနေတုန်းမှာ သိင်္ဂါရက သူမ မြက်နှင့်
ဖုံးထားသည့် ဖိနပ်ကို အသာလေးလှမ်းယူလိုက်ပြီး တစ်ဖက်အုတ်ခုံ
နောက်မှာ ဝှက်လိုက်ပါသည်။ ပြီးတော့ မီးတိုင်စိုက်ထားသည့်
အုတ်ခုံကို ကွယ်ကာ သူမကို စောင့်ကြည့်နေလိုက်သည်။

"ဟင် ... ဖိနပ် ... ဖိနပ်၊ ငါ့ဖိနပ် ဘယ်ရောက်သွားပြီလဲ"

သူမ ပျာပျာသလဲ ဖိနပ်ရှာနေသောပုံကို လှမ်းကြည့်
ရင်း သူက တခိခိ ကျိတ်ရယ်ရလွန်းလို့ အူတောင်နာလာသည်။

ခဏကြာမှ အကွယ်ကနေ ထွက်လာရင်း ...

"ဖိနပ် မတွေ့တော့တဲ့အတူတူ ရေထဲ ခုန်ချလိုက်တာ
မဟုတ်ဘူး"

"ဟင် ... ရှင် ... သင်္ဂါရ၊ အဲ ... သိင်္ဂါရ"

"ဟုတ်ပါ့ ..."

"ရှင် ဘယ်တုန်းကတည်းက ရောက်နေတာလဲ၊ ခုန ယွန်း
ပြောတာတွေ ကြားသွားသေးလား"

"ခင်ဗျားရဲ့ မှာတမ်းကို ကြားလို့ ခင်ဗျား နောက်ဆန်ငင်
နေတဲ့ ဖိနပ်လေးကို ယူထားတာ၊ ခင်ဗျားရဲ့ ဒေါ်လေးငယ်
ကို ပေးပေးလိုက်မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



သိင်္ဂါရက ဖိနပ်သိုင်းကြိုးကိုတန်းလန်းဆွဲ၍ မြှောက်ပြရင်း ယွန်းဆီလျှောက်သွားလိုက်ပါသည်။

"ကျွန်တော်တောင် ခင်ဗျား သေရဲလိမ့်မယ်လို့ မယုံကြည်တာ၊ ခင်ဗျားအိမ်က ခင်ဗျားရဲ့ အကြောင်းသိ လူကြီးတွေက ဘယ်ယုံပါ့မလဲ"

သိင်္ဂါရက မြက်ခင်းပြင်ပေါ်မှာ ထိုင်ချလိုက်ရင်း ...

"ကဲ ... ရေထဲခုန်မချခင် ဒီမှာ ခဏလာထိုင်ပြီး ဘယ်လို ဖြစ်ရတယ်ဆိုတာ အေးအေးဆေးဆေး ပြောပြစမ်းပါဦး"

ဟု လှမ်းခေါ်တော့မှ သူမက သူနဲ့ခပ်ခွာခွာ မြက်ပင်တွေပေါ်မှာ အားပါးတရ ထိုင်ချလိုက်ပြီး ကလေးကြီးသဖွယ် နှုတ်ခမ်းစူထော်၍ ပြောသည်မှာ ...

"အိမ်ကလူကြီးတွေက ယွန်းကို အယုံအကြည်မရှိကြဘူးလေ၊ ယွန်းသဘောနဲ့ ယွန်း ရွေးချယ်တဲ့ ယောကျ်ားဆိုရင် ယွန်းကို လှည့်ပတ်လိမ်ညာသွားမယ့်သူလို့ပဲ ထင်ကြတယ်"

"ထင်လည်း ထင်စရာမဟုတ်လား၊ ယွန်းက ရှေ့မှာ နမူနာပြထားတာကိုး"

သိင်္ဂါရ ဖြတ်ပြောတော့ ယွန်းက သိင်္ဂါရကို မျက်စောင်း တစ်ချက်ထိုးပြီး ဆက်ပြောပါသည်။

"အဲ့ဒါကြောင့် ယွန်းနဲ့ပေးစားမယ့် ယောကျ်ားကို သူတို့





သဘောကျပဲ ရွေးချယ်မယ်လို့ အမိန့်ထုတ်ထားခဲ့တာ၊ မေမေက 'သမီးကညာ အခါမလင့်' ဆိုတဲ့ ဆောင်ပုဒ်ကို လက်ကိုင်ထားတယ်၊ ကြီးကြီးနဲ့ ဒေါ်လေးငယ်တို့လို အပျိုကြီး မဖြစ်စေချင်ဘူး၊ ကျောင်းပြီးတာနဲ့ တန်းပြီး အိမ်ထောင်ချပေးချင်တာတဲ့"

"သူတို့ပေးစားမယ့်သူက တော်တော် အခြေအနေဆိုးလို့လား"

"ဆိုးတယ်"

"ဘယ်လိုဆိုးလဲ"

"ဓာတ်ပုံထဲမှာ ရယ်နေတဲ့ပုံက ပြုံးဖြီးဖြီးနဲ့၊ ကြည့်ရတာ တစ်မျောက်ကြီးနေသလိုပဲ ..."

"တစ်မျောက်ကြီး ...!"

"တစ်မျိုးကြောင်ကို ပြောတာ ..."

သိင်္ဂါရက မအောင့်နိုင်ဘဲ ရယ်လိုက်မိပါတော့သည်။ ယွန်းကတော့ သူ့အရှိန်နှင့်သူ ဆက်ပြောဆဲ ...

"အရပ်ကလည်း ပုသေး၊ အသက်က သုံးဆယ့်ငါးလောက် ဖြစ်နေပြီ၊ ဒီအရွယ်ထိ အိမ်ထောင်မပြုသေးတဲ့ ယောကျ်ားဆိုတာ တစ်မျိုးမဟုတ် တစ်မျိုးတော့ ကြောင်နေမှာ သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလည်း ပုံသေမမှတ်ပါနဲ့၊ အရမ်းတော်ပြီး အလုပ်
အရမ်းလုပ်တဲ့ သူမို့လို့ အိမ်ထောင်မကျတာလည်း ဖြ
တာပဲ"

"အဲဒါဆိုလည်း workaholic (အလုပ်စွဲရောဂါ) ဖြ
ဖြစ်နေမှာ၊ ပညာတွေမျိုးစုံတတ်ရင်လည်း အတွေးအ
တွေ ရှုပ်ထွေးအစွန်းရောက်ပြီး စာကြောင် ကြောင်န
တာပဲ၊ ဒါမှမဟုတ်ရင် လွတ်လွတ်လပ်လပ် ပွေရှုပ်ကဲ
သူ ဖြစ်မှာ"

"ခင်ဗျားကလည်း ခင်ဗျားမကြိုက်တိုင်း လူတစ်ဖက်
ကို ရမ်းသမ်းစွပ်စွဲနှိမ်ချမနေပါနဲ့၊ ဒါနဲ့ ခင်ဗျားက ဘယ
လူမျိုးမှ လိုချင်တာလဲ"

"ယွန်းချစ်တဲ့သူပေါ့၊ ယွန်းဘာသာ တွေ့ပြီး တစ်ခဏ
မှာ ရင်ခုန်လှုပ်ခတ်သွားစေတဲ့သူမျိုးနဲ့ပဲ ချစ်သူဘ
ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းပြီးမှ အိမ်ထောင်ပြုချင်

သိင်္ဂါရက သူမ စကားကို ခေါင်းတညိတ်ညိတ်
နားထောင်နေရင်းက တစ်စုံတစ်ခုကို သတိရသွားကာ ...

"ဪ ... ဒါနဲ့ ဟိုနေ့က ခင်ဗျားအတွက် တားပေး
တဲ့ တက္ကဆီပေါ်မှာ တခြားလူတစ်ယောက်ယောက်
ပါမလာဘူးလား၊ တစ်ခါတုန်းကတော့ မိန်းကလေး





ယောက် ကျွန်တော် တားပေးလိုက်တဲ့ တက္ကဆီပေါ်မှာ
ပါလာတဲ့သူနဲ့ အိမ်ထောင်ကျသွားဖူးတယ်ဗျ"

"အဟင်း ... ဟင်း ..."

ယွန်းက သိင်္ဂါရ စကားအဆုံးမှာ သိင်္ဂါရကို မြူးစိုက်
ကြည့်၍ ငြိမ်သက်သွားပြီးမှ ပါးစပ်ပိတ်၍ တဟင်းဟင်း စရယ်
က်သည်။ နောက်တော့ တဟင်းဟင်းသံမှ တဖြည်းဖြည်း
ရှိန်ကောင်းလာကာ တဟားဟား ပွင့်ထွက်လာရင်း ...

"အဲ့ဒီနေ့က ... အဲ့ဒီနေ့က ကားပေါ်မှာ လူတစ်ယောက်
ပါလာတယ် သိလား၊ ဒါ ... ဒါပေမယ့် သူက ... ဟင်း ...
ဟင်း ... သူက အခြောက်ကြီး ..."

ယွန်း စကားဆုံးတော့ သိင်္ဂါရလည်း ယွန်းနှင့်အတူ
ဟားဟား လိုက်ရယ်လိုက်မိတော့သည်။ ယွန်းက ပြောလည်း
ရယ်လည်းရယ်၊ မျက်ရည်တွေဘာတွေတောင် ထွက်ကာ
ဗိုက်သူနှိပ်၍ ရယ်လေသည်။

သိင်္ဂါရသည် ယွန်းနှင့်အတူလိုက်ရယ်ရင်း အားပါး
ရ အူလှိုက်သည်းလှိုက် ခေါင်းမော့ရယ်မောလိုက်သော ယွန်းရဲ့
သ်လင်ရွှန်းမြသော မျက်နှာကလေးကို ငေးခနဲကြည့်လိုက်မိ
က် ရင်ထဲမှာ တစ်မျိုးတမည် တုန်လှုပ်သွားရသည်မှာ ဘယ်လို
ကြောင်းတရားကြောင့်များနည်း။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်ထဲမှာ ဆိုရင်တော့ ဒီလို အခိုက်အခန့်…ကို စလိုးမိုးရှင်းဆွဲ၍ ပြမည်ထင်သည်။ အဲဒါဆို ယွန်းရဲ့ သက်…လုပ၍ှန်းမြတဲ့ မျက်နှာကလေးကို အကြာကြီး ငေးမောကြည့်…ရမှာပင်။

“ဟင် … ရှင် ဘာဖြစ်သွားတာလဲ”

“အင် … ကျွန်တော် ဘာဖြစ်လို့လဲ”

ယွန်းက အရယ်ရပ်သွားသော သိင်္ဂါရကို မေးတ… သိင်္ဂါရက အူတူတူဖြစ်သွားရရင်း သူမထံမှ မျက်နှာလွှဲလိုက်…သည်။

“ရှင်က ရယ်နေရင်းက ရုတ်တရက် ငြိမ်သွားတယ်…

“ဩော် … ဒါလား၊ ဒါက ဗိုက်ထဲက ထိုးအောင့်လာ…ပါ၊ ကျွန်တော့်မှာက လေထိုးလေအောင့် ရှိတယ်လေ…

“လေလည်း ပွတတ်တယ် မဟုတ်လား”

“ဗျာ …”

“ဟိုတစ်ခါ အဆာလွန်တုန်းကလည်း လေပွလို့ဆို…

“ဩော် … ဟုတ်တယ် … ဟုတ်တယ်”

ခေါင်းတဆတ်ဆတ် ညိတ်လိုက်ချိန်မှာလည်း… ရင်တွေ တဆတ်ဆတ်ခုန်နေတာကို သတိထားမိနေသည်။





ယွန်းရဲ့ ခေါင်းမော့ရယ်မောနေတဲ့ မျက်နှာလေးကို …ယ်တော့မှ မမေ့တော့မှာ သေချာသလောက်ပင် …။

ထူးခြားတဲ့ စိတ်ခံစားမှုဆိုတာ ဒီလိုပဲ အမှတ်တမဲ့ …ရင်း ဆိုရင်း တွေ့ဆုံကြရင်းကပင် အလစ်အငိုက်မှာ လျှပ်…က်သလို ဝင်ရောက်လာတတ်တာမျိုးလား …။

ရိုးရိုးသားသား စကားတွေပြောနေရင်းကနေ ဆန်း…းပြားပြား ခံစားမှုတွေကို ခံစားလာရတတ်သလား …။

“သင်္ဂါရ… အဲ … သိင်္ဂါရ…၊ ယွန်း အမြန်ဆုံး ကံကောင်းအောင် ရှင် ဘယ်လိုကူညီနိုင်မလဲဟင်”

မျက်မှောင်တွန့်ကလေးဖြင့် မေးခွန်းထုတ်လာသော …းမျက်နှာကို သူငေးကြည့်ရင်း အဲ့ဒီမျက်နှာကို နေ့တိုင်း မြင်…စိတ်က တွန်းအားပေးသောအခါ …

“ကျွန်တော်နဲ့ အတူ ထမင်းတစ်ခါတည်း လာစားရုံနဲ့ ကံမကောင်းသေးရင် ခဏခဏ လာစားပေါ့၊ နေ့တိုင်း အတူစားရင် ခပ်မြန်မြန်လေး ကံကောင်းချင် ကောင်းလာမှာပေါ့”

“ဟုတ်တယ်နော် … ဒါဆို ယွန်း ရှင်နဲ့အတူတူ နေ့တိုင်း ထမင်းလာစားမယ်”

“တချို့တွေက ပြောသေးတယ်ဗျ”



www.burmeseclassic.com

www.burmeseclassic.com



"ဘာတဲ့လဲ ..."

"ကျွန်တော်နဲ့ အတူတူ ထမင်းစားရုံတင်မကဘူး၊ ဟိုနား… ဒီနား အတူတွဲသွားတွဲလာလုပ်ရင်လည်း ကံကောင်းလာ… တတ်တယ်တဲ့"

"ဟုတ်လား၊ ဒါဆို ယွန်း သွားစရာ လာစရာရှိရင် ရှင့်… အဖော်ခေါ်မယ်လေ"

"ကောင်းသားပဲ"

"ဟင် ... ဘာကောင်းတာလဲ ..."

"ဪ ... ယွန်း ကံပိုကောင်းလာမှာလို့ ပြောတာပါ"

ထိုနေ့မှ စလို့ပေါ့ ...

ယွန်းက နေ့တိုင်း သူနှင့်အတူ ထမင်းစားဖို့ ရော… ရောက်လာတတ်သည်။ တချို့နေ့တွေမှာ အပြင်အတူသွားပြီး … သောက်ဆိုင် တစ်ဆိုင်ဆိုင်မှာ စားကြသည်။ တချို့နေ့တွေမှာတော… ယွန်းက သူနှင့်အတူစားဖို့ ထမင်းချိုင့်ကလေးပင် ထည့်ယူလာ… ကာ ...

"ဆိုင်တွေမှာ စားရတာ ရိုးလာလို့ အိမ်ထမင်း အိမ်ဟင်… လေးပဲ စားရအောင် အိမ်က အဒေါ်တွေ အလစ်မှာ ထမင်း… ချိုင့် ခိုးထည့်လာခဲ့တယ် သိလား"





ဟု ချစ်စဖွယ်အမူအရာကလေးနှင့် ပြောရင်း သိင်္ဂါရ …ဖို့ ဟင်းတွေထည့်ထည့်ပေးတတ်သည်။

သိင်္ဂါရကလည်း ယွန်းကျွေးတာချည်း စားနေရတာ …နာလာပြီမို့ အိမ်က အမေ မသိအောင် နှစ်ယောက်စာ ထမင်း … ထည့်ထည့်လာမိ၏။ နှစ်ယောက်အတူ အပြင်မှာသွားစားကြ …င် သိင်္ဂါရကပဲ ငွေလုရှင်းတာမို့ ယွန်းက အားနာသော မျက် …သားလေးဖြင့် ...

"ယွန်း ကံကောင်းဖို့ ကူညီနေတဲ့ ရှင်က ပိုက်ဆံအကုန် ခံတာတော့ မတရားဘူးထင်တယ်"

ဟု ညည်းညူနေတတ်သည်။

သိင်္ဂါရကတော့ ယွန်းနှင့်အတူ ရှိနေသည့်အချိန်တွေ …င်းမှာ ပျော်ရွှင်ကြည်နူးနေမိတတ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



♠ ♠ ♠

"ယွန်း ... ခဲခဲဒီလိုလျှောက်နေရင် ယွန်းကံကောင်းမှာ မဟု

တော့ဘူး"

နောက်နား ခပ်ခွာခွာကနေ လျှောက်လာနေသေ

ယွန်းကို လှည့်ကြည့်ရင်း သိင်္ဂါရက လှမ်းပြောတော့ ယွန်း

သိင်္ဂါရကို အမီလိုက်လာပြီး အတူယှဉ်၍ လျှောက်လိုက်ရင်း ..

"ရှင်က လပ်ကီးမန်းဆိုတော့ ရှင်နဲ့ ပိုပြီး ရင်းနှီးနီးက

လေ ရှင့်ဆီက ကံကောင်းစေတဲ့ ဓာတ်တွေက ယွန်း

ပိုပိုပြီး ရောက်လာလေဖြစ်မှာပေါ့နော် ..."

"ဒါပေါ့ ... ယွန်းရဲ့"





ယွန်းကတော့ ကံကောင်း မကောင်း မသိ၊ သိင်္ဂါရ

ကတော့ ကံကောင်းနေတာ အမှန်တည်း။

ချစ်စရာကောင်းလှတဲ့ ယွန်းရဲ့အပြုအမူ အပြော

အဆိုလေးတွေက သူ့ရင်ဘတ်ထဲမှာ ခပ်တည်တည်နေနေတဲ့ နှလုံး

သားကို နေ့စဉ်နဲ့အမျှ လာနဲ့တိုက်ခိုက်နေကြ၏။ သူကလည်း

ရင်ကော့ပေး၍ တိုက်ခိုက်ခံဖို့ ကြိုစောင့်နေသလိုမျိုး ...။

ယွန်း ဈေးဝယ်ထွက်သည့်နောက်သို့ လျှောက်လိုက်

သေးရသည့် နေ့တွေမှာ ယွန်းက ဟိုငေး ဒီငေးနှင့် နောက်မှာကျန်ခဲ့

လျှင် သူက အတူယှဉ်လျှောက်ဖို့ သတိပေးမိမြဲ ...။ ကိုယ့်အနား

မှာ ယွန်းရှိနေမှ နေတတ်သလိုဖြစ်နေရတော့တာ ...။ ဒါကို

ယွန်းသိလို့လည်း မဖြစ်။

တစ်ခါမှာတော့ သိင်္ဂါရက လူလည်ကျကာ တံတောင်

ဆစ်ကွေး၍ ယွန်းဘက်ကို တိုးပေးလိုက်ရင်း ...

"ယွန်း ... ယွန်းကို လက်မောင်း ခဏငှားမယ်"

"ဟင် ... ဘာလို့လဲ ..."

"ယွန်း လမ်းလျှောက်ရင် ကျွန်တော့် လက်မောင်းကို ချိတ်

ပြီး လျှောက်ရအောင်လေ ..."

"ဟင် ... မလျှောက်ချင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ယွန်းက နှာခေါင်းလေး ရှုံ့ပြကာ တစ်ဖက်သို့ တိုးရွှေ့သွားသည်။

"မချိတ်ရင် နေပေါ့ကွာ၊ ကျွန်တော်က စေတနာနဲ့ပါ၊ အဲဒီလို ချိတ်လျှောက်ရင် ယွန်း ပိုကံကောင်းမယ်ထင်လို့ပါ"

ယွန်းက ခဏတွေဝေငြိမ်သက်သွားမိပြီးမှ သူ့နားသို့ တရွေ့ရွေ့ ပြန်ကပ်လာပြီး သူ့လက်မောင်းကို ဖျတ်ခနဲ ချိတ်တွဲလိုက်လေသည်။

သိင်္ဂါရသည် ရုတ်တရက်ကြီး ရင်ကော့ ခေါင်းမော့သွားကာ အရင်ကထက် ပိုပြီး တက်ကြွသော ခြေလှမ်းများဖြင့် ဆက်လျှောက်လာခဲ့မိသည်။

တစ်စတစ်စနှင့် ယွန်းနှင့် သိင်္ဂါရတို့ ရင်းနှီးမှုက ပိုလာခဲ့သည်။ မနက်ဆို တစ်ယောက်မျက်နှာ တစ်ယောက် မြင်လိုက်ရမှ စိတ်အေးလက်အေးနေနိုင်၏။ နေ့ခင်းဆို ထမင်းအတူစားလိုက်ရမှ ဘဝင်ကျ၏။ ညနေဆို အတူလမ်းလျှောက်စကားပြောရင်း တစ်ခုခုသွားစားလိုက်ရမှ အိမ်အပြန်ဖြောင့်၏။ စနေ တနင်္ဂနွေဆို ရှော့ပင်းအတူထွက်ရမှ အားလပ်ရက် ပီသသွားလေသည်။





တစ်နေ့တော့ ယွန်းသည် သိင်္ဂါရနှင့်အတူ လမ်းလျှောက်နေရင်းက ဗြုန်းခနဲ ရပ်ပစ်လိုက်ရင်း ...

"အခုမှ စဉ်းစားမိတယ် ..."

"ဘာကိုလဲ ယွန်း ..."

"ယွန်းက ရှင်နဲ့ပဲ အမြဲတတွဲတွဲလုပ်နေတော့ ယွန်းကို ကြိုက်တဲ့သူက ဘယ်လိုလာပြီး ချဉ်းကပ်ရဲတော့မလဲ၊ အဲဒီလိုဆို ကံကောင်းတဲ့ အချစ်ရေးက ဘယ်မှာလဲ ..."

ယွန်းသည် တွေတွေဝေဝေလေး ပြောနေရင်းက ဆုံးဖြတ်ချက် ချလိုက်ပုံဖြင့် ...

"ယွန်း ရှင်နဲ့ မတွဲတော့ဘူး သင်္ဂါရ ...၊ ယွန်း ကိုယ့်ဘာသာ နေလိုက်တော့မယ်၊ ရှင်နဲ့ တတွဲတွဲသွားနေတဲ့ နေ့တွေလည်း မနည်းတော့ဘူး၊ အတူထမင်းစားခဲ့ရတဲ့ အနပ်ပေါင်းလည်း များလှပြီ၊ ကောင်းချင်တဲ့ ကံက ခုလောက်ဆို ယွန်းကို စောင့်နေလောက်ပြီ၊ ရှင်ရှိနေလို့သာ ယွန်းရဲ့ အချစ်ရေးက ပေါ်ပေါက်မလာနိုင်သေးတာပဲနေမှာ"

သိင်္ဂါရသည် ဘာမှပြန်မပြောနိုင်ဘဲ ယွန်းကိုကြည့်ကာ ဆို့နင့်နေသည်။ အမြဲ ဒီလို အတူရှိနေတဲ့အချိန်တွေကို ပိုင်ဆိုင်ချင်မိပြီဖြစ်ကြောင်း ဘယ်လိုများ ပြောပြရပါ့မလဲ ...။



www.burmeseclassic.com

www.burmeseclassic.com



မြားနတ်မောင်ဆိုတာ ...

သူ မြားနဲ့ချိန်ရွယ်ထားတဲ့ မိန်းကလေးကို သူရရိုး ထုံးစံ ရှိလို့လား။ သူ့ချိန်သမျှဟာ သူတစ်ပါးအတွက်ပဲ မဟုတ်လား။





"ဟဲ့ ... ယွန်း၊ နင့်ကြည့်ရတာတမှိုင်မှိုင်နဲ့ ဘာဖြစ်နေတာလဲ"

"ငါ့ကိုယ်ငါလည်း ဘာဖြစ်နေမှန်းကို မသိပါဘူးဟယ်"

ယွန်းသည် အမှန်တကယ်လည်း ကိုယ့်ကိုယ်ကို ဘာဖြစ်မှန်းမသိချေ။ ယွန်းရဲ့နေ့တွေသည် တစ်ခဏချင်း ခြောက်ကပ် တိတ်ဆိတ်သွား၏။ ထုံထိုင်းလေးလံသွား၏။ အနားမှာ သူငယ်ချင်းတွေက ယောက်ယက်ခတ်အောင် စကားပြောဆိုကြ၊ သွားကြလာကြ၊ ရယ်မောကြဖြင့် စီစီညံညံရှိလှသော်လည်း ယွန်းရဲ့ အာရုံထဲမှာတော့ အရာအားလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ ကမ္ဘာလောကကြီးမှာ ကိုယ်တစ်ယောက်တည်းပဲ ရှိတော့သလို အထီးကျန်၍နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယွန်း ... ဘယ်လိုမှ အသားမကျနိုင်တော့ပါလား။

သိင်္ဂါရနဲ့ မတွေ့ခင်တုန်းက ကိုယ့်ဘာသာ အသည်းကွဲခါမှကွဲ၊ စိတ်ညစ်ခါမှညစ်ရော ဘဝမှာ တစ်ခုခုလိုအပ်လစ်ဟာနေသည့် ခံစားချက်မျိုးကိုတော့ တစ်ခါမှ မခံစားဖူးခဲ့။

အခုအချိန်မှာတော့ တစ်ခုခု လိုအပ်နေတာအမှန်ပဲ။

ဘာလိုမှန်းတော့ မသိ ... ။

နေ့တိုင်း နေ့တိုင်း ဆားမပါသည့် ဟင်းကို စားနေရသလို ပေါ့ရွှတ်ရွှတ်ကြီး ဖြစ်နေသည်။

ဆားဆိုတာ ဘယ်လောက်မှ တန်ဖိုးမရှိပေမယ့် ဟင်းတစ်ခွက်ရဲ့ အရသာကိုတော့ တော်တော် အကျိုးသက်ရောက်စေတာပဲ မဟုတ်လား ... ။

ဒါဆို ...

ယွန်းက ဟင်းတစ်ခွက်လား ... ?

သိင်္ဂါရက ဆားလား ... ?

"ဟဲ့ ... ယွန်း၊ ဘာတွေတွေးနေတာလဲ"

"ဟို ... ဆား ... ဆား"

"ဆား ... ! ဘာလုပ်ဖို့ ဆားလဲ"

"ဪ ... ဒီနေ့ အိမ်မှာစားလာခဲ့တဲ့ ဟင်းတွေက ဆားပေါ့လို့ စားမကောင်းတဲ့အကြောင်း တွေးနေတာပါ"





"မသိပါဘူး၊ ငါတို့က နင် သိင်္ဂါရအကြောင်း တွေးနေတယ် မှတ်လို့ ..."

အင်းလေ ... အတူတူပါပဲ။ ဆားလည်း သိင်္ဂါရ၊ သိင်္ဂါရလည်း ဆားပဲ။

ယွန်းစိတ်ထဲက ပြန်ပြောနေဆဲမှာ သူငယ်ချင်းတွေက ယွန်းဘေးမှာ ဝင်ထိုင်လိုက်ကြရင်း ...

"ယွန်း ... ဘာထူးလဲ"

"ဘာထူးရမှာလဲ"

"နင် သိင်္ဂါနဲ့ ဒီလောက် တတွဲတွဲလုပ်နေတာတောင် ဘာမှမထူးသေးဘူးလား၊ ဒီလောက်ဆို နင့်အချစ်ရေးက ကံကောင်းလာသင့်ပြီ မဟုတ်လား ..."

"ခုထိတော့ ဘာမှမထူးသေးပါဘူးဟယ်၊ သူနဲ့ ဆက်တွဲနေရင် လာဘ်ပိတ်နေမှာစိုးလို့ သူနဲ့မတွဲတော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်၊ နင်တို့ပဲ စဉ်းစားကြည့်လေ ... ငါက သူနဲ့ချည်းတွဲနေရင် ဘယ်သူက ငါ့ကိုလာကြိုက်ပါတော့မလဲ၊ သူ့ရည်းစားလို့ပဲ မှတ်လိုက်ကြမှာပေါ့ ... မဟုတ်ဘူးလား"

"ဒါလည်း ဟုတ်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေက တစ်ခုခုကို တွေးဆသလိုလိုနှင့် ငြိမ်သက်သွားကြသည်။ ယွန်းကလည်း တစ်ခုခုကိုတွေးဆကာ ငြိမ်သက်နေပြီးမှ ....

"နင်တို့ တစ်ခုစဉ်းစားကြည့်စမ်း ..."

"ဘာစဉ်းစားရမှာလဲ ..."

"မြားနတ်မောင်ကို နင်တို့ သိတယ်မဟုတ်လား"

"မသိပါဘူး"

"ဟင် ... ဒါတောင် မသိဘူးလား"

"အသိအကျွမ်းတော့ ဘယ်ဟုတ်ပါ့မလဲ၊ ငါတို့ကသာ သိတာ၊ သူက ငါတို့ကို ဘယ်သိမလဲ"

"အေးလေ ... သူ ငါတို့ကို မသိဖူး၊ မမြင်ဖူးသေးလို့သာ မြားနဲ့ပစ်ရကောင်းမှန်း မသိသေးတာ"

"နောက်မနေနဲ့၊ အကောင်းပြောမှာ ...၊ အဲ့ဒီ မြားနတ်မောင်က မိန်းကလေးတစ်ယောက်နဲ့ ယောကျ်ားလေးတစ်ယောက်ကို မြားနဲ့ပစ်ပေးလိုက်တဲ့အချိန်မှာ မိန်းကလေးက ဟိုယောကျ်ားလေးကို ချစ်မသွားဘဲ မြားနတ်မောင်လေးကိုပဲ ပြန်စိတ်ဝင်စားပြီး ချစ်သွားတာမျိုး မဖြစ်နိုင်ဘူးလား"

"နေဦး ... စဉ်းစားကြည့်လိုက်ဦးမယ်"





ယုံ၊ နှင်းနှင့် ချိုမီတို့က ခဏငြိမ်သက်သွားပြီးမှ ...းကိုစိုက်ကြည့်ရင်း ပြုံးစိစိရုပ်တွေ ဖြစ်လာကြသည်။ တဖြည်း...ည်း ပြုံးရာမှ တခိခိရယ်မောလိုက်ကြရင်း ယွန်းကို လက်ညှိုးတွေ ...ထိုးကြကာ ...

"မှန်မှန်ဖြေ ... နင် သိင်္ဂါကို ချစ်သွားတာ မဟုတ်လား"

"ဟယ် ... မဟုတ်ပါဘူး"

"မညာနဲ့ ... မညာနဲ့၊ နင် သိင်္ဂါရကို မချစ်မိဘဲ ဒီလို မေးခွန်းမျိုး မမေးဘူး"

"မဟုတ်ပါဘူးဆို ..."

"ဝန်မခံဘူးလား ..."

"ဟုတ်မှ မဟုတ်တာ"

"ဝန်မခံရင် ကလိဝိုင်းထိုးမှာနော် ..."

ချိုမီတို့က လက်ဆယ်ချောင်းကို ဆန့်ကားလှုပ်ရှား ယွန်းဆီ တရွေ့ရွေ့ ချဉ်းကပ်လာနေတာမို့ ယွန်းက ခန္ဓာကိုယ်တွန့်လိမ်ရှောင်ရှားရင်း ...

"ငါက ယားတတ်တယ်ဟဲ့ ...၊ ဖယ်နော် ... ဖယ်နော်"

ဝန်မခံရင် မဖယ်ဘူး၊ အမှန်အတိုင်းဖြေ ..."

"အေး ... ဖြေမယ် ... ဖြေမယ်၊ ချစ်သလား မချစ်သလား



www.burmeseclassic.com

www.burmeseclassic.com



တော့ ငါ တကယ်မသိသေးဘူး၊ ဒါပေမယ့် ငါ ဆာ

အကြောင်း စဉ်းစားနေတာတော့ အမှန်ပဲ"

"လာပြန်ပြီ ဒီဆားက ..."

"ဟင်းတစ်ခွက်မှာ ဆားမပါရင် ပေါ့ရွှတ်ရွှတ်ဖြစ်နေသလ

ငါ သူနဲ့မတွေ့တော့ကတည်းက ငါ့ရဲ့နေ့ရက်တိုင်းက ေ

ရွှတ်ရွှတ်ကြီး ဖြစ်နေတယ်လေ၊ သူက ငါ့အတွက်ေ

ဆားလိုပဲ ..."

"အဟိ ... ဟိ ... အိုင်အိုဒင်းဆားလား၊ ရိုးရိုးဆားလာ

"မသိဘူး ... မသိဘူး ..."

ယွန်းက ရှက်ရှက်နှင့် သူတို့ကြားမှ ရှောင်ထွက်ေ

လာခဲ့တော့ သူတို့ဆီက ရယ်သံတွေက လွင့်ထွက်လာလေသ

ဆားရယ် ...

ရှင်မပါတော့ ပေါ့ရွှတ်လှပါတယ်။

❦ ❦ ❦





♠ ♠ ♠

"ယွန်းလည်း အဆင်မှပြေပါ့မလား မသိဘူး၊ သူ့ခမျာ အချစ်ရေး ကံကောင်းခါနီးမှ ငါ့ကြောင့် ထပ်ကံဆိုးရင် ဘယ်လိုလုပ်မလဲ၊ သူ့ကြိုက်မဲ့လူက ငါနဲ့တွဲခဲ့ဖူးတာတွေကို ပြန်ထောက်နေရင် ဘယ်လိုလုပ်မလဲ ...၊ အင်းလေ ... အဲဒီလိုဆိုလည်း အကျိုးအကြောင်း သွားရှင်းပြရုံပဲ ..."

သိင်္ဂါရက တစ်ယောက်တည်း ရေရွှတ်ညည်းတွား င်း ပတ်ဝန်းကျင်မှာ အသံတွေ တိတ်သွားတာကို သတိထား ားတာမို့ အနားက သူငယ်ချင်းတွေကို ဆတ်ခနဲ ခေါင်းမော့ ည့်လိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီည သိင်္ဂါရတို့အိမ်မှာ သူငယ်ချင်းတွေ လာ ကြတာမို့ ဂစ်တာခေါက်သူက ခေါက်၊ ဂိမ်းဆော့သူက ဆော စားတဲ့သူက စားကြနှင့် အတူရှိနေကြတာပင် ...။ ကိုယ့်အ ကိုယ် ရှိနေကြဆဲမှာ သိင်္ဂါရ စကားကြောင့် အားလုံးက သူတို့ လက်စ အလုပ်တွေကို ရပ်ပစ်လိုက်ကြပြီး သိင်္ဂါရကို မျက် ပြူးကြီးများဖြင့် ဝိုင်းကြည့်နေကြသည်။ တုပ်တုပ်မှလည်း မ ကျောက်ရုပ်တွေလိုပင်။

"ဟော့ကောင်တွေ ဘာဖြစ်နေကြတာလဲ"

သိင်္ဂါရက မေးပေမယ့် တစ်ယောက်မှ မဖြေ၊ ကြ လို့သာနေသည်။

"ဟော့ကောင်တွေ ..."

သိင်္ဂါရက နောက်တစ်ကြိမ်ခေါ်ရင်း သူတို့ပခုံး ခေါင်းတွေကို လှမ်းတွန်းလိုက်တော့မှ တဟားဟား တဟား ဝိုင်းရယ်လိုက်ကြရင်း ...

"သွားပြီ ... သိင်္ဂါရ၊ မင်းတော့ မင်းရဲ့ အများအတွ ပေးဆပ်ရမယ့် ကံကောင်းမှုတွေကို ယွန်းရတီတစ်ယော တည်းအတွက်ပဲ ပေးဆပ်ရတော့မှာ သေချာနေပြီ"

"မြားနတ်မောင်လည်း တစ်နေ့တော့ ဖူးစာရှင်တွေ့တ ပဲ"





"တခြား မိန်းကလေးတွေကို ကူညီရတုန်းကတော့ ညည်းပဲ ညည်းနေတာလေ၊ ဒါမျိုး ပူပူပင်ပင် တစ်ခါမှမပြောဖူးပါဘူး"

တစ်ယောက်တစ်ပေါက် ဝိုင်းနှိပ်ကွပ်နေသော စကားကြောင့် သိင်္ဂါရက နည်းနည်းရှက်သွားကာ ခေါင်းကုပ်လိုက် ...

"အေးကွာ ... ဝန်ခံပါတယ်၊ ငါလည်း သူနဲ့ မတွေ့ရတော့ကတည်းက ဘာဖြစ်လို့ဖြစ်မှန်းမသိပါဘူး၊ ဘယ်လိုပြောရမလဲ ... ငရုတ်သီးမပါတဲ့ ခေါက်ဆွဲသုပ်ကို စားနေရသလိုပဲ ..."

"မင်း ဥပမာကြီးက ကဗျာမဆန်လိုက်တာကွာ"

"ငရုပ်သီးဆိုတာ သူ့ချည်းစားရင် စားမကောင်းပေမယ့် တခြား စားစရာတွေထဲ ထည့်လိုက်ရင် ခံတွင်းမြိန်ပြီး ပိုစားကောင်းသွားစေတယ် မဟုတ်လား၊ ခေါက်ဆွဲသုပ်တွေ ဘာတွေ စားရင် ငရုပ်သီးလေးပါမှ ပိုစားကောင်းတာကွ၊ သူနဲ့မှ ငါ့ရဲ့နေ့တွေက ရှုတတ စပ်တပ်တပ်ကလေးဖြစ်ပြီး နေပျော်စရာ ပိုကောင်းလာတာ"

"ဒါဆို ယွန်းရတီက မင်းအတွက်တော့ ငရုပ်သီးလေးပေါ့"

"အပုသီးလား၊ အရှည်သီးလား၊ ကုလားအော်သီးလား"



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေက ဝိုင်းနှောက်လို့ မဆုံးနိုင်အော
တာမို့ သိင်္ဂါရက ဂစ်တာကိုဆွဲကာ ခြံထဲသို့ ဆင်းလာခဲ့သည်

ဂစ်တာကြိုးတွေကို တို့ထိမိတော့ သံစဉ်တွေ
မကြားဘဲ ယွန်းရဲ့စကားသံလေးတွေကို ကြားလာရသည်။

ငရုပ်သီးလေးရယ် ...

ကိုယ့်ဘဝမှာ မင်းတစ်ယောက်တည်းကိုပဲ တမ်းတ
တတ သတိရဖူးပါတယ်။

ကိုယ်ဟာ တကယ်ပဲ ကံကောင်းမှုတွေပေးနိုင်
လူတစ်ယောက်ဆိုရင်လည်း ...

ကိုယ့်ဆီမှာ ကံကောင်းမှုဆိုလို့ ဘာတစ်ခုမှ မ
တော့တဲ့အထိ ကိုယ့်ဆီက ကံကောင်းမှုတွေအားလုံး မင်း
ပုံပေးချင်ပါတယ်။

ဒါမှမဟုတ် ကိုယ့်ဆီက ကံကောင်းမှုနဲ့ မင်းဆီ
ကံဆိုးမှုကို လဲလှယ်ပိုင်ဆိုင်ချင်တယ်။

မင်းကို သိပ်ချစ်မိနေတဲ့အကြောင်းကို မင်းနဲ့ဝေး
ဆယ့်တစ်ရက်မြောက်နေ့မှာ ကိုယ်သေချာသိလိုက်ရတယ်။

ငရုပ်သီးမလေးရယ် ...

မင်းကို လွမ်းတယ် ...။





♠ ♠ ♠

နိဝင်ဘာမိုးတွေ ရွာသော တစ်နေ့ ...။

ဟေမာန်နှင့် ဝဿန်ရောကာ အေးစိမ့်စိုစွတ်နေသော
တစ်နေ့မှာ သိင်္ဂါရသည် ထီးလေးဆောင်းရင်း အလွမ်းရဲ့
ရသာကို တစိမ့်စိမ့်စားရင်း ကန်ပေါင်ပေါ်မှာ လမ်းလျှောက်လာ
သသည်။

ထိုအချိန်တွင် ...

ပုံပြင်ထဲက နတ်သမီးလေးသဖွယ် အနားတွန့်လေး
တွ ပါသည့် အဖြူရောင်ထီးကလေးကို ဆောင်းကာ တီရှပ်အစိမ်း
င်းဘောင်းဘီ အဖြူလေးဝတ်လျက် မျက်နှာချင်းဆိုင်ဆီမှလျှောက်
ာနေသော ယွန်းကို လှမ်းမြင်လိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယွန်းနှင့် သိင်္ဂါရသည် တစ်ယောက်ကို တစ်ယော လှမ်းမြင်လိုက်ကြသည်နှင့် အကြည့်မလွှဲဖြစ်ကြတော့ဘဲ တ ယောက်ရှိရာတစ်ယောက် ခြေလှမ်းသွက်သွက်လှမ်းလာခဲ့ကြသည်။

ထိုအခိုက်မှာပင် လေက တစ်ချက်ဝေ့တိုက်လိုက် သောအခါ ယွန်းရဲ့ ထီးဖြူလေးက လက်မှလွတ်၍လေနှင့်အ ပါသွားလေသည်။

"ဟာ ..."

"ဟယ် ..."

ယွန်းသည် လေနှင့်အတူ လွင့်သွားလိုက်၊ ပြန်က လာလိုက် ဖြစ်နေသော သူ့ထီးကလေးကို လိုက်ဖမ်းရင်း မိုးရေတွေ စိုစွတ်သွားလေသည်။

သိင်္ဂါရသည် ဆောင်းလာသည့် ထီးကို ပိတ်ချပစ် လိုက်ပြီး ယွန်းရဲ့ထီးလေးကို ယွန်းနှင့်အတူ လိုက်ဖမ်းလေသည်။

နှစ်ယောက်လုံး မိုးရေတွေစိုကာ ထီးဆီပြေးသွား လိုက်၊ မိကာနီးမှ လေက သယ်သွားလိုက်ဖြင့် လုံးထွေးပြေးလွှား နေရင်း ပျော်ရွှင်လာသည်။ နွေးထွေးလာသည်။ ကြည်နူးလာသည်။

နောက်ဆုံး ... ထီးက ကန်ရေပြင်ဆီ လွင့်ထွက်သွား တော့မှ စိတ်လျှော့လိုက်ကြလေသည်။





သိင်္ဂါရက ပိတ်ပြီးပစ်ချထားသည့် သူ့ထီးကို သွား ပြေးယူလိုက်ပြီး ယွန်းကို မိုးပေးလိုက်သည်။

"ယွန်း ... ဒီထီးပဲ ယူဆောင်းသွားတော့နော်"

"ဟင့်အင်း ... မိုးရေတွေ စိုပြီးသွားပြီပဲ၊ မိုးရေထဲပဲ လမ်း လျှောက်ချင်တယ်"

"ရော့ ... ဒါဆို ကိုယ့် ရိန်းကုတ်လေး ဝတ်ထား"

သူက သူ့ရိန်းကုတ်အဖြူလေးကို ချွတ်ပေးလိုက် သည်။

ယွန်းက ရိန်းကုတ်ကို လှမ်းယူဝတ်နေဆဲမှာ သိင်္ဂါရ က ထီးပြန်ပိတ်ပစ်လိုက်သည်။

"ဟင် ... ထီးဆောင်းထားလေ"

"ကိုယ်လည်း ယွန်းနဲ့အတူ မိုးရေထဲ လမ်းလျှောက်မလို့ပဲ လေ"

ယွန်းက နွေးထွေးသော အကြည့်လေးဖြင့် တစ်ချက် ကြည့်လိုက်ပြီး မျက်လွှာချသွားသည်။ အဲ့ဒီအကြည့်လေးက သိင်္ဂါရ ကို အချမ်းသက်သာသွားစေသည်။

အဲ့ဒီနောက် သူတို့နှစ်ယောက် မိုးရေထဲမှာ ပျော်ရွှင် နွေးထွေးစွာ လမ်းလျှောက်လာခဲ့ကြလေသည်။

နှစ်ယောက်အတူ ရှိတဲ့အခါ ...



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းကိုရော မိုးကိုပါ အံတုနိုင်လောက်အောင် နွေးထွေးနေတတ်ကြောင်း သူတို့ လက်တွေ့သိခဲ့ကြ၏။ မတွေ့ဖြစ်ခဲ့ကြတဲ့ နေ့တွေမှာ တစ်ယောက်ကိုတစ်ယောက် ဘယ်လောက် လွမ်းဆွတ်ခဲ့ကြကြောင်း ကိုယ့်စီဖွင့်ပြောမပြလည်း အလိုလို နားလည်ပြီးသား ဖြစ်လေသည်။

ယွန်းသည် သိင်္ဂါရနှင့်အံတူ လျှောက်နေရင်းက သိင်္ဂါရကို ငဲ့ကြည့်ရင်း ...

"သိင်္ဂါရ... လက်မောင်း ခဏငှားမလား"

ဟု တီးတိုးမေးသောအခါ သိင်္ဂါရ ရင်ထဲက နှလုံးသားတွေ ယမ်းခါသွားသလို ခံစားလိုက်ရ၏။

"ငှားမယ်လေ"

သိင်္ဂါရက တံတောင်ဆစ်ကွေးလျက် ယွန်းဘက်သို့ တိုးရွှေ့ပေးလိုက်ရာ ယွန်းက သူ့လက်ကိုလှမ်းချိတ်လိုက်လေသည်။

ထိုအခိုက်အတန့်မှာ မိုးရေစက်တွေအားလုံး မြူးကြွခုန်ကနေကြသည်ဟု ခံစားရ၏။ အရာရာဟာ သာယာချမ်းမြေ့၍ နေ၏။ 'ချစ်တယ်' ဟူသော စကားတစ်ခွန်းက လည်ချောင်းဝမှာ ရုန်းကန်နေသော်လည်း ကြုံကြိုက်တုန်း ချစ်စကားဆိုလိုက်သည်ဟု မထင်စေချင်တာမို့ ထိုစကားကို ခဏလေး ပြန်မျိုချထားလိုက်မိသည်။





သူက ယွန်းပုံစံလေးကို ချစ်စနိုးဂိုက်ဖြင့် စ,နောက်ချင်လာတာမို့ ပြုံးစိစိဖြင့် ကောင်းကင်ဆီ လက်ညှိုးထိုးပြလိုက်ရင်း ...

"ယွန်း ... ခုနေ အထက်ပုဂ္ဂိုလ်ဆီမှာ ဆုတောင်းကြည့်ပါလား၊ ယွန်း အိမ်ထောင်ပြုမယ်ဆိုရင် ခွင့်ပြုပေးပါလို့ ..."

"သွား ...၊ ယွန်းကို မစနဲ့ ..."

"ဟိုတစ်ခါ ယွန်းပြောဖူးတယ်လေ၊ ယွန်း အိမ်ထောင်ပြုမှာကို အထက်ပုဂ္ဂိုလ်တွေက မကြိုက်ဘူးဆို ..."

"အဲ့ဒါက ယွန်းသူငယ်ချင်း ပေါက်ကရလျှောက်ပြောနေတာပါ"

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့ ...၊ အထက်ပုဂ္ဂိုလ်ဆိုတာ မိုးနတ်မင်းကို ပြောတာဖြစ်နိုင်တယ်၊ ခုနေ ဆုတောင်းကြည့်လေ ...၊ မိုးတွေရွာနေတော့ မိုးနတ်မင်းကြီး လူပြည်ကို ငုံ့ကြည့်ချင် ကြည့်နေမှာ၊ ခုနေ ဆုတောင်းရင် ပိုအဆင်ပြေမှာ ..."

"သင်္ဂါရနော်၊ ယွန်းကို လျှောက်စရင် ရှင့်ကို သင်္ဂါရပဲ ခေါ်မှာ၊ သင်္ဂါရ၊ ရှင့်နာမည်က သင်္ဂါရ..."

"ဟော ... ဟော ... ယွန်း ကြားလိုက်လား"

"ဘာလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



ယွန်းက မျက်နှာစူပုပ်၍မေးသည်။

သိင်္ဂါရက ခေါင်းကိုငုံ့ကာ နှားရွက်ပေနေပုံဖြင့် ငြိမ်သက်နေပြီးမှ ...

"မိုးနတ်မင်းကြီးက ပြန်ပြောတယ်၊ ယွန်းရတီ မကြာခင်

အချစ်ရေးကံကောင်းလာတော့မှာပါတဲ့ ..."

ဟု ယွန်းကိုစိုက်ကြည့်ရင်း ပြောလိုက်မိတော့ ယွန်းက သူ့ကို မျက်စောင်းတစ်ချက်ထိုးလေသည်။

ယွန်းရယ် ...

မင်းကို ချစ်မိလို့ မင်းနဲ့ လက်ထပ်ဖို့အထိ ရည်ရွယ်မိလို့ ကိုယ့်ဘဝမှာ အခက်အခဲ အကျပ်အတည်းတွေ ရင်ဆိုင်ရမယ်ဆိုရင်လည်း ကိုယ် ရဲရဲရင်ဆိုင်လိုက်ဖို့ ဆုံးဖြတ်ထားပါတယ်။

သိပ်ချစ်တယ် ... ငရုပ်သီးမလေးရယ် ...။

♥ ♥ ♥





♠ ♠ ♠

ယွန်းကို ချစ်စကားဆိုမည့်နေ့ ...။

ဒိဂ်္ဂါရသည် ထိုနေ့မနက် ၅ နာရီတွင် အိပ်ရာမှ လန်းလန်းဆန်းဆန်း နိုးထလာခဲ့လေသည်။

ဒီနေ့ဟာ ဟနင်္ဂနွေနေ့ ...။

ယွန်းကို ချစ်စကားဆိုဖို့ ဆုံးဖြတ်ထားသည့်နေ့မို့ sweet sunday ဟု သူ့ဘာသာ အမည်ပေးထား၏။

သူက ဂျင်းဘောင်းဘီနှင့် နန္ဒင်းမကောင်းကွက်ပုံ ထိုးထားသည့် ခေါင်းစွပ်ဆွယ်တာကလေးကိုဝတ်ကာ မာဖလာအပါးလေးကို လည်မှာပတ်လိုက်ပြီး ပိုက်ဆံအိတ်ကိုတော့ နောက်ဘက်ဘောင်းဘီအိတ်ထဲ ထိုးထည့်လိုက်ပြီး အိမ်မှထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်က မိုးလင်းစ မှုန်တိမှုန်မွှား အချိန်လေး၊ နေမထွက်ခင်အချိန်လေးမှာ နှင်းငွေ့လေးတွေက ပါးပါးမှုန်မှုန်လေး ဝေနေသည်။

သိင်္ဂါရတို့ လမ်းနှင့် မလှမ်းမကမ်း ဈေးတန်းလေးမှာ မနက်ခင်းဆို ပန်းသည်တွေ အများကြီးရှိနေတတ်သည်။ သူက ထိုပန်းဈေးတန်းလေးဆီသို့ လျှောက်လာခဲ့သည်။ နှင်းဆီပန်းတွေ ဝယ်မည်လေ။

နှင်းဆီဟာ အချစ်ရဲ့ သင်္ကေတ ...။ ယွန်းကိုချစ်ကြောင်း ပြောမည့်နေ့မှာ ချစ်စကားနှင့်အတူ နှင်းဆီပန်းတွေကိုပါ ယွန်းအတွက် ပေးအပ်ချင်သည်။

သူက အနီရဲရဲ နှင်းဆီပန်းတွေရှေ့မှာ ရပ်လိုက်ရင်း

"နှင်းဆီ အပွင့်တစ်ရာ လိုချင်လို့ဗျ၊ အပွင့်ကြီးတွေပဲ ရွေးပြီး စည်းပေးလို့ရမလား"

"မှုစည်းထားတာကွယ့်၊ အပွင့်ကြီးချည်းပဲတော့ မရဘူး"

"ဈေးပိုပေးပါ့မယ်၊ အပွင့်ကြီးတွေ သပ်သပ်စည်းပေးပါ"

"အေးကွယ် ... ခဏစောင့်ပါ"

ပန်းသည် အဒေါ်ကြီးက ပန်းစည်းတွေကို ဖြည်ကာ အပွင့်ကောင်းတွေ ရွေးထုတ်နေသည်။ သိင်္ဂါရကလည်း ခါးကိုင်း





လျက် ပန်းတွေ ကူရွေးနေဆဲမှာ သူ့နောက်ဘက် ဘောင်းဘီအိတ်ကို တစ်စုံတစ်ရာ ပွတ်တိုက်လိုက်သလို ခံစားလိုက်ရသည်။

"ဟာ ... ပိုက်ဆံအိတ် လု ... လု ..."

"ဟေ့ ..."

သူက ဖျတ်ခနဲ သတိဝင်လာကာ နောက်သို့ချာခနဲလှည့်ပြီး ခါးပိုက်နှိုက်ကို လှမ်းဆွဲလိုက်သည်။

"အား ..."

"ဟယ် ... ဓားနဲ့ ရှပ်ထိုးသွားပြီ"

ခါးပိုက်နှိုက်က သူ့လက်ကို ဓားသေးသေးလေးဖြင့် ပွတ်ဆွဲကာ ထွက်ပြေးသွားသည်။

သူ့လက်ဖျံမှာ သွေးတွေ ရဲခနဲ။

"ဒုက္ခပါပဲ ... မောင်ရင်လေး ဒဏ်ရာ တော်တော်များလား"

"ရတယ် ... ရတယ် မများဘူး၊ ရှပ်ပြီး ခြစ်မိသွားရုံပါ"

"သွေး ... သွေးတွေ ..."

"ကိစ္စမရှိဘူး၊ ခဏနေ တိတ်သွားမှာပါ အဒေါ်"

သိင်္ဂါရက မာဖလာအပါးလေးကိုဖြုတ်ကာ လက်ဖျံမှာ ခပ်ကြပ်ကြပ် စည်းလိုက်သည်။

"ပန်းတွေ ယူဦးမှာလားကွယ့် ..."



www.burmeseclassic.com

www.burmeseclassic.com



ပန်းသည်အဒေါ်ကြီး လှမ်းမေးတော့ သူကြံရာမရ ဖြစ်သွားသည်။ သူ့ပိုက်ဆံအိတ်က ပါသွားပြီ။ နှင်းဆီပန်းဖိုး ရှင်းပေးဖို့ ပိုက်ဆံတွေ ...။ သွားပြီ ...။

"ပန်းတွေကတော့ ယူမှဖြစ်မယ် အဒေါ်၊ ဒါပေမယ့် ကျွန်တော့်မှာ ပိုက်ဆံမပါတော့ဘူး၊ အကြွေးထားပေးလို့ ရမလား ..."

"အဒေါ်တို့မှာကလည်း တစ်နေ့မြတ်မှ တစ်နေ့စားရတာ ဆိုတော့ ..."

ဒါလည်းဟုတ်တာပဲ။ ဘယ်လိုလုပ်ရမလဲကွာ၊ လက်က ဒဏ်ရာကလည်း တစစ်စစ်နဲ့ နာလှပြီ။ ယွန်းဆီကိုလည်း ရောက်ချင်လှပြီ။

သူက အကျပ်ရိုက်နေရာမှ လက်က နာရီဆီအကြည့် ရောက်သွားကာ ...

"အဒေါ် ဒီနာရီ ခဏယူထားပါဗျာ၊ ကျွန်တော့်အိမ်က ဒီနားနဲ့ သိပ်မဝေးပါဘူး၊ မနက်ဖြန်ကျ နာရီ လာပြန်ယူရင်း ပန်းဖိုးပိုက်ဆံပေးပါ့မယ်၊ ကူညီပါဗျာနော်၊ ကျွန်တော့် ကောင်မလေးဆီ သွားမှာမို့လို့ပါ၊ မနက်ဖြန် ပန်းဖိုးပေးရင် နှစ်ဆပိုပေးပါ့မယ်"

သူက တောင်းတောင်းပန်ပန်ဖြင့် နာရီကို ချွတ်ပေး





တော့မှ အဒေါ်ကြီးက ခွဲထုတ်ထားသည့် ပန်းတွေကို အပွင့် ရာပြည့်အောင် စုစည်းပေးလိုက်လေသည်။

လောလောဆယ် ပြဿနာပြေလည်သွားပြီမို့ သူက ည်းကို ကိုင်ကာ တက္ကဆီတားလို့ရသည့် လမ်းဘက်သို့ က်လာခဲ့သည်။

သူက ပလက်ဖောင်းပေါ်မှာ ရပ်လျက် ကားလှမ်း နေစဉ် ... သူ့မျက်နှာချင်းဆိုင်မှ ကလေးတစ်ယောက် ပြေး တာကို လှမ်းမြင်ရသည်။ သူ့ဘက်သို့ပြေးလာတာ မဟုတ်၍ အမှတ်မဲ့နေမိစဉ် ကလေးက ရုတ်တရက် သူ့ဘက်သို့ အရှိန် ကွေ့ပြေးလာကာ ဝင်တိုက်ပစ်လိုက်လေသည်။

"အား ..."

နှင်းဆီဆူးတွေက သူ့လက်တွေနှင့် ရင်ဘတ်သို့ မိသွားကာ ပန်းတွေက မွမွကြေသွားသည်။

သူ့ရင်ဘတ်ဆီမှာ စပ်ဖျင်းဖျင်း နာကျင်လျက် လက် တွေမှာ ဆူးချက်ဖြင့် သွေးတွေစို့လာသည်။

သိင်္ဂါရက ကြေမွသွားသော ပန်းတွေကို ဖယ်ထုတ် သောအခါ အကောင်းပကတိဆိုလို့ တစ်ပွင့်တည်းသာ ကျန် သည်။

သိင်္ဂါရသည် အဆင်မပြေမှုများ၊ နာကျင်မှုများ၊



www.burmeseclassic.com

www.burmeseclassic.com



အခက်အခဲများကြားကပင် ယွန်းရဲ့စကားတွေကို သတိရ...
သည်။

ယွန်းကို ချစ်မိတဲ့ ရည်ရွယ်မိတဲ့သူတွေဟာ ...
အခဲတွေ ဒုက္ခတွေနဲ့ ကြုံရတတ်တယ်တဲ့ ...။

ဒါ ... တကယ်ပဲလား ...။

ယွန်းကို ချစ်ရေးဆိုဖို့ သွားချိန်ကျမှ ခ...
အခဲတွေ ဆင့်ကဲဆင့်ကဲ ကြုံရတာဟာ ယွန်းရဲ့ ကံကြမ္မာ...
လား ...။

ယွန်းရဲ့ ကံကြမ္မာက ယွန်းမှာ ချစ်သူ မ...
နေအောင့် ယုက်ဖျက်ဆီးနေတာလား။

ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်ကတော့ မကြော...
ယွန်း ...။

မင်းပေးတဲ့ ကံကြမ္မာကို ကိုယ်လက်ခံမှာ...
ကိုယ် မင်းဆီကို ရောက်အောင်လာပြီး ကို...
က အချစ်ကို မင်းသိအောင် ဖွင့်ပြောမှာပါ။

နောက်ဆုတ် လှည့်ပြန်လိုက်ဖို့ စိတ်ကူး ...
မရှိဘူး ယွန်း ...၊ ဒါ ကိုယ့်ရဲ့ သစ္စာပါ ...။





"ဟင် ... သိင်္ဂါရ၊ ဒါ ... ဘယ်လိုဖြစ် ..."

ယွန်းသည် သွေးစတွေ ပေစွန်းနေသော သိင်္ဂါရရဲ့ လက်တွေကို ဖမ်းဆွဲယူကြည့်လိုက်ရင်း အံ့ဩတုန်လှုပ်သွားလေသည်။

နှင်းဆီတစ်ပွင့်တည်းကိုင်ထားသည့် သူ့လက်ဖဝါးမှာ သွေးစို့နေသော ဒဏ်ရာဒဏ်ချက်များစွာကို တွေ့လိုက်ရသည်။

ပြီးတော့ ... သွေးစွန်းနေသော မာဖလာဖြင့် ပတ်စည်းထားသော လက် ...။

ယွန်းက မာဖလာကို ဖြည်ကြည့်မယ်ပြင်တော့ ... သိင်္ဂါရ လက်ကို နောက်ပစ်၍ဖွက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သိင်္ဂါရ… ဘာဖြစ်လာတာလဲ၊ ပြောပါ၊ ယွန်းကို အ
အတိုင်း ပြောစမ်းပါ"

"ဘာမှမဖြစ်ပါဘူး"

"မညာနဲ့၊ ယွန်းကိုအမှန်အတိုင်းပြော…"

"ခါးပိုက်နှိုက်သွားလို့ လှမ်းဆွဲမိတာ ဓားနဲ့ပြန်တွတ်
လို့…"

"ဟင်… ဒါဆို လက်က ဓားဒဏ်ရာနဲ့ပေါ့၊ ပြ… ယွန်း
ပြပါဦး"

"မကြည့်ပါနဲ့၊ ဘယ်လောက်မှ မများပါဘူး"

"ဟင့်အင်း… ယွန်းကြည့်မယ်၊ ယွန်းကြည့်ပါရစေ သိင်္ဂါ

သိင်္ဂါရက သက်ပြင်းချရင်း ယွန်းရှေ့သို့ လက်ထ
ပြလိုက်သည်။ ယွန်းက အေးစက်တုန်ရင်သော လက်များ
မာဖလာစလေးကို ဖြည်ကြည့်လိုက်ရာ နှစ်လက်မလောက်ရှ
သည့် ဓားရှရာတစ်ခုကို တွေ့ရလေသည်။ ယွန်းသည် က
ကရင်ဖြစ်လာကာ…

"သိင်္ဂါရရယ်… ဆေးခန်းသွားမှပေါ့"

"ညနေမှသွားမယ်၊ အခု သွေးတောင်တိတ်သွားပြီ၊ ဒဏ်
က မများပါဘူး"

"လက်ဖဝါးကရော ဘာဖြစ်တာလဲ"





"နှင်းဆီပန်းတွေ အများကြီးပဲကွာ၊ ယွန်းကို ပေးဖို့ အပွင့်
တစ်ရာတောင် ဝယ်လာတာ၊ သူများဝင်တိုက်သွားတာနဲ့
လက်ကိုလည်း စူး၊ ပန်းတွေလည်းကြွေ၊ ဒီတစ်ပွင့်ကျန်နေ
သေးလို့သာ တော်တော့တယ်"

"ဒါတွေ… ဒါတွေက ဒီနေ့တစ်မနက်တည်းမှ စုပြုံဖြစ်လာ
တာလား…"

ယွန်းက သိင်္ဂါရကို စိုက်ကြည့်၍ တီးတိုးရေရွတ်
က်ရင်း နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်သည်။

ယွန်းသည် ကိုယ့်ကံကြမ္မာကိုယ် သတိရကာ တုန်
ကြေကွဲသွားလေသည်။

"ယွန်း… ဘာဖြစ်တာလဲ"

"သိင်္ဂါရ၊ ရှင်… ရှင်… ဒီနေ့ ယွန်းကို ပြောစရာတစ်ခုခု
ရှိလို့ ယွန်းနဲ့တွေ့ဖို့ ချိန်းတာလား"

"ဟုတ်တယ် ယွန်း…"

"ဟင့်အင်း… မပြောနဲ့"

"ပြောပါရစေ ယွန်း…"

"ဟင့်အင်း… ဟင့်အင်း… မပြောနဲ့၊ ယွန်း နားမထောင်
ပါရစေနဲ့၊ ပြန်ပါတော့၊ ပြန်ပါတော့ သိင်္ဂါရယ်"



www.burmeseclassic.com

www.burmeseclassic.com



ယွန်းသည် ခါးခါးသီးသီး ငြင်းဆန်ရင်း မျက်ရည်တွေလည်း ကျလာလေသည်။

ယွန်း သိသွားပြီ သိင်္ဂါရ ...။

ရှင် ဘာပြောမယ်ဆိုတာ ယွန်းသိပါပြီ ...။

ရှင် အခက်အခဲတွေ ဒုက္ခတွေ ကြုံရတာဟာ ယွန်းကို ချစ်မိသွားလို့ဆိုတာ ယွန်း ရိပ်မိပါပြီ။

ယွန်းကို မချစ်ပါနဲ့လား သိင်္ဂါရရယ် ...။

ရှင့်ကို ဒုက္ခမတွေ့စေချင်လို့ပါ။

"ယွန်း ..."

သိင်္ဂါရက တုန်ရင်မောဟိုက်နေသော ယွန်းရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်သည်။ ယွန်းကလည်း တစ်လှမ်း ထပ်ဆုတ်လိုက်ရင်း ...

"ပြန် ... ပြန်ပါတော့ သိင်္ဂါရရယ်၊ ယွန်းဆီ မလာပါနဲ့တော့"

"ကိုယ် မပြန်နိုင်ဘူး ယွန်း၊ ကိုယ် ဒီနေ့ကို ဘယ်လောက် စိတ်ကူးယဉ်ခဲ့ရတယ်ထင်လဲ၊ ကိုယ် ... မင်းကို ..."

"ဟင့်အင်း ..."

ယွန်းက ချာခနဲ လှည့်ထွက်လိုက်သည်။ သိင်္ဂါရက ယွန်းရဲ့ ပခုံးကို ဖမ်းဆွဲလိုက်ရာ ယွန်း ခန္ဓာကိုယ်လေးက သိင်္ဂါ





သို့ ပြန်လည်လာသည်။ သိင်္ဂါရက တဆတ်ဆတ်တုန်နေ ယွန်းခန္ဓာကိုယ်လေးကို ခပ်တင်းတင်း ပွေ့ထားလိုက်ရင်း

"ယွန်း ... သတိထားစမ်းပါ၊ အဲဒီလောက် မတုန်လှုပ်ပါနဲ့ကွာ၊ အဲ့ဒီအစွဲကြီးကို ဖျောက်လိုက်ပါ၊ မင်းကို ကိုယ်နားလည်တယ်၊ မင်းကို ကိုယ်သိပ်ချစ်တယ် ယွန်း၊ မင်းကို အရမ်းချစ်တယ်၊ မင်းကြောင့် ဘာတွေပဲဖြစ်လာ ဖြစ်လာ ကိုယ်ရင်ဆိုင်နိုင်တယ်၊ ကိုယ့်ဆီက ကံကောင်းမှုတွေ အားလုံးကို မင်းယူပါ၊ မင်းဆီက ကံကြမ္မာအားလုံးကိုလည်း ကိုယ်ယူမယ် ယွန်း ..."

ယွန်းသည် တစ်ခဏတော့ မိန်းမောငြိမ်သက်သွား ၏။ သာယာကြည်နူးသွားသေး၏။ သို့သော် ချက်ချင်း ရား ပြန်ဝင်လာကာ သူ့ထံမှ ရုန်းထွက်ပြေးခဲ့လေသည်။

သိင်္ဂါရရယ် ...

လူတစ်ယောက်ကို ချစ်ရိုးမှန်ရင် ...

ကိုယ့်ဆီက အဆိုးတွေကို ဝေမျှမပေးသင့်ဘူးဆိုတာ တတ်တဲ့သူတိုင်း သိကြပါတယ်။

www.burmeseclassic.com



♠ ♠ ♠

'မပြောနဲ့' ဟု သွေးရူးသွေးတမ်း တားမြစ်ရင်း
ယွန်းသည် သူ့ဆီက ချစ်စကားကို ကြားချင်နေခဲ့၏။

'မလာနဲ့' ဟု ပြောနေရင်းကပဲ ဆီးကြိုချင်ခဲ့မိ

'မေ့မယ် ...' ဟု တွေးရင်းကပဲ အိပ်မက်ထဲတော
တွေ့ကာ ယောင်ရမ်း နိုးထ နှုတ်ဆက်မိရလေသည်။

ကံကြမ္မာကို မယုံချင်ခဲ့ပါဘူး။ အကြားအမြင်ဆ
ရဲ့ စကားကိုလည်း အစွဲမထားပါခဲ့ဘူး။ သို့သော် ... ယွ
အချစ်ရေးမှာ အခက်အခဲ အတားအဆီးတွေ လက်တွေ့ကြုံ
အခါ ယွန်းက ယွန်းရဲ့ ကံကြမ္မာကို တုန်လှုပ်ထိတ်လန့်လာ
လေသည်။





ယွန်းသည် သိင်္ဂါရနှင့် မတွေ့ဖြစ်အောင် ရှောင်နေခဲ့မိ၏။ ယွန်းသည် မမြင်နိုင်သော ကံတရားကိုလည်း ကြောက်ရွံ့နေခဲ့၏။

ယွန်းရဲ့ အာရုံထဲမှာ 'ကံကြမ္မာ' နှင့် ပတ်သက်သော အကြောင်းအရာတွေ ပေါင်းစည်းရှုပ်ထွေးနေကာ ဘာကိုမှ ရှင်းရှင်းလင်းလင်း မဆုံးဖြတ်နိုင်ချေ။

သိင်္ဂါရက သူတစ်ပါးတွေကို ကံကောင်းစေ၏။

ယွန်းကတော့ ကိုယ်တိုင်က အချစ်ကံ ဆိုး၏။

ယွန်းက ကံကောင်းချင်လို့ သိင်္ဂါရနဲ့ သွားပတ်သတ်တော့ သိင်္ဂါရက ယွန်းကိုချစ်သွား၏။ ဒါဆို သူချစ်တဲ့အတွက် ယွန်း အချစ်ရေးကံကောင်းလာရမှာပေါ့။ ဒါပေမယ့် သူကျတော့ ယွန်းကိုချစ်တဲ့အတွက် အခက်အခဲတွေ စ,ကြုံခဲ့ရတော့တာပေါ့။ အဲ့ဒီ ကံကြမ္မာက ဘာမှန်းကိုမသိ။ အားလုံးကို သပွတ်အူလို ဖွရှုပ်လုပ်ထားသည်။ 'ဘာသဘောလည်း ကံကြမ္မာရယ်' ဟုသာ စိတ်ပျက်လက်ပျက် မေးပစ်လိုက်ချင်လေသည်။

ရှင့်ကြောင့် ယွန်းကံကောင်းသွားပြီး ယွန်းကြောင့် ရှင်ကံဆိုးမှာကိုတော့ ယွန်း တကယ်ကြောက်ပါတယ် သိင်္ဂါရရယ်။ ယွန်း ဘာလုပ်ရမှာလဲ ...။ ရှင့်ကိုလည်း ချစ်မိသွားခဲ့ပါတယ်။ ယွန်းတို့ နှစ်ယောက်ရဲ့ ကံကြမ္မာဟာ ဘယ်လိုအဆုံးသတ်မှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ယွန်းက သက်ပြင်းအခါခါချမိ၏။ ဒီတစ်ညလုံး အိပ်မပျော်နိုင်ခဲ့တာ၊ ခုဆို မိုးတောင်လင်းတော့မှာ ...။ မိုးလင်းပိုင်းမှာ အေးလာတော့ ခဏခိုခဲ့ဖူးတဲ့ နွေးထွေးလှတဲ့ ရင်ခွင်တစ်ခုကို သတိရမိသေး၏။ အဲ့ဒီ ရင်ခွင်မှာ ခိုဝင်ဖို့ မသေချာနိုင်သေးပဲနဲ့လေ ...။

ယွန်းသည် ပြတင်းပေါက်ဘက်သို့ မျက်နှာလှည့်၍ ဘေးတစ်စောင်း လဲလျောင်းငြိမ်သက်ရင်း ကောင်းကင်ကြီး တဖြည်းဖြည်း လင်းလာနေသည်ကို ငေးမောနေခဲ့၏။

ထိုအခိုက်မှာပဲ ယွန်း အိပ်ရာပေါ်ရှိ ဟန်းဖုန်းကလေးဆီက ဖုန်းမြည်သံကြားရလေသည်။

ယွန်း မသိသော ဖုန်းနံပါတ်မို့ ဒီအချိန်ကြီး ဘယ်သူများ ဆက်ပါလိမ့်ဟုတွေးရင်း ယွန်းက ဖုန်းကောက်ကိုင်လိုက်၏။

"ဟဲလို ..."

"ယွန်း ..."

တစ်ဖက်က အသံဟာ တိုးတိုးလေးပေမယ့် သိင်္ဂါရရဲ့ အသံဆိုတာ ယွန်းက နှလုံးသားဖြင့် မှတ်မိနေသည်။

ယွန်းက အသံလည်းမပြုမိဘဲ ဖုန်းလည်းမချဘဲ ငြိမ်သက်နေလိုက်သည်။

"ယွန်း ..."





ယွန်းက မထူး ...။ သူ့အသံကိုသာနားစွင့်နေသည်။

"ယွန်း ... လူတွေမှာ ကိုယ်တိုင် ပြုပြင်ဖန်တီးလို့ရတဲ့ ကံကြမ္မာရယ်၊ ကိုယ်ပြုပြင်လို့ မရတဲ့ ကံကြမ္မာရယ်ဆိုပြီး နှစ်မျိုးရှိတယ်၊ ပြုပြင်လို့ မရနိုင်တဲ့ ကံတရားအတွက် ဝမ်းနည်းနေမယ့်အစား ကိုယ်ပြုပြင်လို့ရတဲ့ ကံကြမ္မာကိုပဲ အကောင်းဆုံးဖြစ်အောင် ပြုပြင်ဖန်တီးသွားလို့ရပါတယ်၊ ချစ်တယ်ဆိုတာ လှပတဲ့ ကံကြမ္မာတစ်ခုပါ ယွန်း၊ အဲ့ဒီ ကံကြမ္မာကို ယွန်းကိုယ်တိုင်ပဲ ဖန်တီးလို့ရပါတယ်၊ ကိုယ် အခု အင်းယားကန်ပေါင်မှာ ယွန်းကိုတွေ့ဖို့ စောင့်နေတယ်၊ ကိုယ့်ကိုချစ်ရင် လာခဲ့ပါ ယွန်း၊ ၇နာရီအထိ ယွန်းမလာရင်တော့ ယွန်း ကိုယ့်ကိုမချစ်ဖူးဆိုတာ လက်ခံလိုက်ပါ့မယ်"

သူ့အသံ တိတ်ဆိတ်သွားသည်။ ဖုန်းလိုင်းပြတ်တောက်သွားသည်။

ယွန်းက ဖုန်းကိုဆုပ်ကိုင်ကာ ခဏငြိမ်သက်နေမိ အိပ်ရာထက်မှ ဝုန်းခနဲ ထထိုင်လိုက်သည်။

အရုဏ်ဦးမှာ အလင်းရောင်တွေ ယှက်ဖြာလာသည်။ ယွန်းရဲ့ စိတ်အမှောင်တံခါးကလည်း ဖျတ်ခနဲ လင်းပွင့်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



♠ ♠ ♠

အမြန်ဆုံး ရောက်မှဖြစ်မယ်။ ဘာအရင်လုပ်ရရင် ကောင်းမလဲ ...။ အဝတ်လဲရမယ်။ ဟင့်အင်း ... မဟုတ်သေးဘူး၊ အဝတ်ကနောက်မှလဲ။ ခေါင်းအရင်ဖြီးရမယ်။ နေဦးလေ ... အရေးကြီးတာက မျက်နှာသစ်ဖို့ပဲ။ အား ... အရေးထဲကျမှ ဗိုက်ကရစ်နာလာပြီ။

ယွန်းသည် ညဝတ်အင်္ကျီအတိုလေးဖြင့် အိပ်ရာပေါ်မှ ခုန်ဆင်းပြီး ဗီရိုပြေးဖွင့်ကာ အဝတ်တွေ တစ်ထည်ပြီးတစ်ထည် ဆွဲချထားခဲ့ပြီးမှ မှန်တင်ခုံရှေ့ ပြေးရပ်ကာ ခေါင်းတစ်ချက် နှစ်ချက်ဖြီး၏။ ဖြီးရင်းကမှ အဆီပြန်စပြုနေသည့် ကိုယ့်မျက်နှာကို စေ့စေ့ကြည့်မိကာ မျက်နှာသစ်ဖို့ သတိရလျက် ရေချိုးခန်းဘက် ပြေး





ဝင်လာသည်။ ရေချိုးခန်းထဲရောက်တော့ ဆံပင်တွေ ပင့်တင်ဖို့ ဘဲနှုတ်သီးကလစ်ကြီးကို ယူဖို့သတိရကာ ရေချိုးခန်းထဲမှ တစ်ဖန်ပြန်ပြေးထွက်၍ မှန်တစ်ခုံပေါ်မှ ကလစ်ကိုယူပြီး ဆံပင်တွေကို ပင့်တင်ညှပ်ရင်း ရေချိုးခန်းထဲ ပြန်ပြေးဝင်လာသည်။

ရေချိုးခန်းထဲရောက်လို့ သွားတိုက်ဖို့ သွားတိုက်ဆေးသွစ်ထည့်တော့မှ သွားတိုက်ဆေး ကုန်နေတာကို သိရသည်။

အဆင်သင့်ဝယ်ထားတာ ရှိဦးမလား ကြည့်ပေမယ့် လုံးဝမရှိတော့။ ပြဿနာပဲ အရင်လိုကာမှ ...။ ယွန်းသည် ယွန်းအခန်းနဲ့ကပ်လျက်က ဘွားဘွားရဲ့အခန်းတံခါးကို ပြေးထုလိုက်ရင်း ...

"ဘွ ဘွား ... ဘွားဘွား ... နိုးပြီလား ..."

"နိုးပြီဟေ့ ... ငါက ညည်းလို အိပ်ပုပ်မဟုတ်ဘူး၊ မနက်အစောကြီးကတည်းက ထပြီး ဆွမ်းတော်ကပ်၊ ဘုရားရှိခိုးလို့တောင် ပြီးပြီ၊ စောစောစီးစီး ညည်းလေးက ဘာကိစ္စတုန်း"

"သွားတိုက်ဆေး ကုန်နေလို့ ဘွားဘွား၊ သွားတိုက်ဆေး ခဏငှားပါ"

"ဟယ် ... ငါ့သွားတိုက်ဆေးလည်း ကုန်နေတာ ဝယ်ခိုင်းဖို့မေ့နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲ"

ယွန်းက ခေါင်းကုတ်နေဆဲ ဘွားဘွားက အ
တံခါး လာဖွင့်ကာ ...

"တစ်ရက်တလေများအေ ဆားနဲ့တိုက်ပေါ့ ...၊ ဟဲ့
ညည်းခေါင်းက နံနေပါလား၊ အဲ့ဒီဆံပင်စုတ်ဖွားကို ခေါ
လေးဘာလေး လျှော်ဦး ..."

ယွန်းသည် အထိတ်တလန့် မျက်လုံးပြူးသွား

"တကယ် ... တကယ်လား ဘွားဘွား၊ တကယ်နံနေ
လား ..."

"အေး ... နံတယ်"

"ပြဿနာပဲ ..."

ယွန်းက ကလစ်ကိုဖြုတ်၍ ဆံပင်တွေကို ဖြန့်
ခေါင်းကိုကုတ်ဖွလျက် ကိုယ့်အခန်းဘက် ပြန်ကူးလာသည်။
တော့ မဖြစ်ဘူး။ ခေါင်းလျှော်ဦးမှ။ အား ... ဗိုက်ကနာတယ်

ယွန်းသည် မီးဖိုချောင်ထဲ ပြေးဝင်ကာ ဆားတစ်
နှိုက်ခဲ့ပြီး သွားနှင့် ဆားနှင့် ဖြစ်သလိုပွတ်တိုက် ပလုတ်ကျင်း
ဗိုက်က တရစ်ရစ် ထိုးနာလာတာမို့ အိမ်သာကမုတ်ပေါ် ပြေး
လိုက်ရပြန်သည်။ ဗိုက်က မပြီးနိုင်မစီးနိုင် ရစ်နာနေတာမို့ အိမ်
တက်သည့် အချိန်ကတင် တော်တော်ကြာသွားသည်။ ပြီး





ခေါင်းလျှော်ဖို့ ဆံပင်တွေကို ဖြန့်ချကာ ရေပန်းအောက်သို့ ဝင်လိုက်ရင်း ခေါင်းလျှော်ရည်ဘူးကို လှမ်းအယူ ... ဘူးက အလေးချိန်မရှိဘဲ လက်ထဲမှာ ပေါ့ရွတ်ကြီးပါလာသည်။

"ဟယ် ... ခေါင်းလျှော်ရည်လည်း ကုန်နေပြီ၊ ဆံပင်တွေလည်း ရေစိုနေပြီ၊ ပြဿနာမှ ပြဿနာပါပဲလား"

ရေစိုတန်းလန်းနှင့် အခန်းပြင် ပြန်ထွက်ပြီး ခေါင်းလျှော်ရည် မရှာချင်တော့တာမို့ ကိုယ်တိုက်ဆပ်ပြာနှင့်ပင် ခပ်မြန်မြန် ပွတ်၍လျှော်လိုက်ရသည်။ တစ်ခါတလေပဲ ဘာဖြစ်လဲ၊ သန့်သွားရင် ပြီးတာပဲ။

ယွန်းသည် ကိုယ့်ကိုယ်ကို အားပေးရင်း လျှော်ပြီးသည့် ဆံပင်ပွေ့ကို တဘက်ဖြင့် ပေါင်းကာ ရေချိုးခန်းထဲမှ ခပ်သုတ်သုတ်လှမ်းအထွက် ...

"အမေ့ ... သေပါပြီ"

ဆပ်ပြာရည်တချို့ စွတ်စိုနေသော ကြမ်းပြင်ပေါ် ယွန်းရဲ့ ရှပ်ပြာပြာ ခြေတစ်လှမ်းက လျှောခနဲ ...၊ လူက ဘိုင်းခနဲ ...။

"အမလေး ... အမလေး ... သေပါပြီ၊ တကယ်သေပါပြီ"

ယွန်းက တကျွတ်ကျွတ် ညည်းညူရင်း အားယူပြန်ထရသည်။ ရေတစ်ခါပြန်ချိုးရသည်။ ချော်လဲပေမယ့် နာပြီး

www.burmeseclassic.com



ဘာမှမဖြစ်တာ ကံကောင်းပါတယ်လေဟု အားတင်းကာ ယွန်းရဲ့ ရေချိုးခန်းဝင်ခြင်းအမှုကိစ္စ အောင်မြင်စွာ ပြီးစီးသွားလေသည်။

မျက်နှာကို လိမ်းခြယ်ခြင်းကိစ္စကတော့ အေးဆေး ပြီးသွားသည်။ သို့သော် ... ဆံပင်ရေစိုကို ဒရိုင်ယာဖြင့် မှုတ်မည့် ဆဲဆဲမှာ မီးကပြတ်သွားသည်။

ယွန်းသည် ရေစိုဆံပင်ကို ခြောက်အောက် တဘက်ဖြင့်အမြန်ပွတ်သုတ်ပြီး ကမန်းကတန်း အဝတ်လဲလိုက်သည်။ ပြီးတော့ သိပ်လှတာပတာ ရွေးမနေနိုင်တော့ဘဲ ဝတ်ရလွယ်သည့် တီရှပ် အဖြူလက်ရှည်တစ်ထည် ကောက်စွပ်၊ ဂျင်းဂျာကင်အတို လေးထပ်ဝတ်၊ ဂျင်းဘောင်းဘီရှည် တစ်ထည် ခပ်မြန်မြန် ဝတ်ပြီး အခန်းထဲမှ ဝုန်းဒိုင်းကျဲထွက်လာသည်။

"ဟဲ့ ... ဟဲ့ ... ကောင်မလေး စောစောစီးစီး ဒါ ဘယ်လဲ"

"သူငယ်ချင်းတွေနဲ့ အကြော်ပူပူလေး သွားစားမလို့ပါ ဘွားဘွား"

"ဆံပင်စုတ်ဖွားက ရေလည်းမခြောက်သေးဘဲနဲ့၊ အအေးပတ်နေဦးမယ်၊ ဟဲ့ ... ဟဲ့ ... ခဏနေဦး"

ယွန်းက ကြိုးသိုင်းဒေါက်ဖိနပ် အဖြူလေးစီးပြီး အိမ်ထဲက လှမ်းထွက်လိုက်ချိန်မှာ ဘွားဘွားက လှမ်းအော်ခေါ်





[လိုက်]တာမို့ နောက်ပြန်လှည့်ကြည့်ရပ်တန့်လိုက်ရသည်။ ဘွားဘွား ယွန်းရဲ့ အင်္ကျီကို လှက်ညှိုးထိုးရင်း ...

"ယွန်း ... ညည်း အောက်ကဝတ်ထားတဲ့ အင်္ကျီအဖြူမှာ အစွန်းကွက်တွေပါလား၊ ငါ မျက်စိမှုန်တဲ့လူတောင် မြင်ရတယ်၊ အိမ်က ကောင်မလေးတွေ ... အရောင်ကျွတ်တဲ့ အင်္ကျီနဲ့ ညည်း အင်္ကျီဖြူကို ရောလျှော်လိုက်မိပြီထင်တယ်၊ ဒီကောင်မလေးတွေဟာ ဘယ်နှခါပြောပြော မှတ်ကိုမမှတ်တတ်ဘူး"

ဘွားဘွားပြောမှ ယွန်းက ယွန်းအင်္ကျီကို ဆွဲယူကြည့်[တော့] ဝါဖန့်ဖန့်နှင့် နီကျင်ကျင် ရောနေသော အစွန်းကွက်တွေ တွေ့လိုက်ရလေသည်။

ယွန်းက အခန်းဆီ အမြန်ပြန်ပြေးဝင်လာကာ အင်္ကျီ[ကို] ချွတ်၊ အနက်လက်ရှည် အကျပ်လေးနှင့် လဲဝတ်ပြီး အမြန် [ပြန်]ပြေးထွက်ခဲ့သည်။

တက္ကဆီငှားဖို့ လမ်းထိပ်ကို တော်တော်လျှောက်ရ[တာမို့] အပြေးတစ်ပိုင်း လျှောက်လာခဲ့ရင်း နာရီကြည့်မိတော့ [န]ာရီတောင် ခွဲနေပြီ။

ကားငှားမည့် လမ်းထိပ်ကိုရောက်လုပြီမို့ ယွန်းက [လ]ှမ်းကို ပို၍ သွက်သွက်လှမ်းလိုက်မိသောအခါ ဖိနပ်တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ဒေါက်က ပလက်ဖောင်း အဖုံး ကွန်ကရစ်ပြား နှစ်ခုကြား ညပ်၍ ဖတ်ခနဲ ပြုတ်ထွက်သွားလေသည်။ ဖိနပ် ဒေါက်ပြု မက လူကပါ အရှိန်လွန်၍ ရှေ့သို့ချော်တောငေါ့ကာ ဒူးထော လဲပြိုသွားတော့သည်။

ယွန်းသည် နာကျင်နေသော ဒူးနှစ်ဖက်ကို ပွတ် ကျုံးရုန်းထလိုက်ပြီး တစ်ဖက်မြင့် တစ်ဖက်နိမ့် ဖိနပ်ဖြင့် နိမ့် နိမ့်နင်း ဆက်လျှောက်လာခဲ့ကာ တက္ကဆီတစ်စီးကို အောင် စွာ လှမ်းတားလိုက်နိုင်လေသည်။

"ဦးလေး ... အင်းယားကန်ပေါင်ကို အမြန်ဆုံးရောက်အော ပို့ပေးပါ"

ယွန်းက တက္ကဆီပေါ်ရောက်တော့မှ ရင်ဘတ် အသာဖိ၍ သက်ပြင်းချလိုက်ပြီး ထိုင်ခုံနောက်မှီပေါ် ခေါင်း လှန်တင်ထားလျက် မျက်စိမှိတ်ငြိမ်သက်အမောဖြေရ၏။ မကြာ သိဂီရဆီ ရောက်တော့မှာ အသေအချာမို့ ခုမှ အသက်ရှူ ချောင်ကာ စိတ်အေးလက်အေး ဖြစ်လို့မှမဆုံးသေးခင် ...

"ဖောင်း ... ဘတ် ... ဘတ် ... ဘတ် ... ဘတ်"

ဟူသော အသံများနှင့်အတူ ကားက ကျွီခနဲ ဘရိ အုပ်၍ တုံ့ရပ်သွားသည်။

ယွန်းရဲ့ ဖိမ်ကျမှီလျှောနေသော ခန္ဓာသည် ရှေ့





က်ခနဲဖြစ်သွားပြီးမှ ပြန်မတ်လာရသည်နှင့် တစ်ပြိုင်နက်တည်းမှာ န်းရဲ့ မေးစင်းနေသော မျက်လုံးလေးတွေလည်း အလန့်တကြား ပွင့်လာကြကာ ...

"ဦးလေး ... ဘာသံလဲ၊ ဘာဖြစ်တာလဲ ..."

"ကားဘီး လေလုံးကွဲတာလေ"

"အဲ့ ... အဲ့ဒီတော့ ..."

"အဲ့ဒီတော့ ခဏစောင့်ပေါ့ကွယ်၊ ကားဘီးလဲလိုက်ဦးမယ်"

ယွန်း မစောင့်နိုင်တော့ချေ။ ဦးလေးကြီး ကားဘီး နေတုန်းမှာ ယွန်းက ပလက်ဖောင်းပေါ်မှာ နိမ့်နင်း နိမ့်နင်း လျှောက်ရင်း ယောက်ယက်ခတ်စွာဖြင့် နောက် တက္ကဆီတစ်စီး ားဖို့ ကြိုးစားနေသည်။ သို့သော် ကားက ချက်ချင်း တားမရ၍ န်းက ယွန်းသွားမည့် လမ်းဆီ လှမ်းမျှော်ကြည့်လိုက်လေသည်။

ယွန်းရှေ့မှာ ပြည်လမ်းမကြီးက ဖြောင့်ဖြူးနေသည်။ လမ်းအတိုင်းသွားရင် အင်းယားကန်ပေါင်ကို ရောက်မှာ မလွဲ ။ ယွန်း ရောက်နေတာက ၇ မိုင်မှာ။ ဒါဆို ဘာများဝေးတော့ လဲ ... ။

ယွန်းသည် တုန်ချိ တုန်ချိ ကားဘီးလဲနေသော လေးကြီးကို တစ်ချက်လှည့်ကြည့်လိုက်၏။ ဦးလေးကြီးက လဲ က်စ ဘီးကို သံသယမကင်းစွာ ကြည့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီဘီးကလည်း လေစိမ့်နေတာပဲ"

ဟု ညည်းညူလိုက်သောအခါ ယွန်း သူ့ကိုထားခဲ့ပြီး လိုလောက်သွားလေသည်။

ယွန်းသည် အားအင်အပြည့်ဖြင့် သိင်္ဂါရ စောင့်နေမည့် ကန်ပေါင်ဆီ လမ်းလျှောက်၍လာခဲ့လေသည်။ ဧနာရီထိုးလည်း အချိန်အနည်းငယ်သာ လိုတော့၏။ နိမ့်တစ်ဖက် မြင့်တစ်ဖက် ဖိနပ်ကလည်း ခရီးမတွင်သောအခါ ယွန်းသည် ဖိနပ်နှစ်ဖက်လုံးကို ချွတ်၍ကိုင်လိုက်လေသည်။

ဟောဟိုမှာ ကန်ပေါင်ကိုလည်း လှမ်းမြင်နေရပြီ အဲ့ဒီမှာ ယွန်းကိုချစ်ပြီး ယွန်းချစ်ရသူလည်း စောင့်မျှော်နေခဲ့၏ ယွန်းတို့နှစ်ယောက်ထဲတွင် ကြုံလာသမျှ အခက်အခဲတွေကို အပြုံးမပျက် ရင်ဆိုင်နိုင်သော သတ္တိတွေရှိမှတော့ တခြား ဘာကိုမှာ သူ ပူပန်နေစရာ လိုတော့သနည်း။

ယွန်းသည် ထိုနေရာမှ စ၍ ကန်ပေါင်ဆီ အားသွန်ပြေးလေသည်။ ပြေးရင်း စိတ်ထဲကပင် အခက်အခဲ ဒုက္ခအပေါင်းကို လှမ်း၍စိန်ခေါ်လိုက်သေး၏။ ထိုမထင် အပြုံးကလေးကလည်း ယွန်းရဲ့နှုတ်ခမ်းဖျားလေးမှာ တွဲလွဲခိုနေခဲ့၏။

ယွန်း မကြောက်ပါဘူး သိင်္ဂါရရယ်...။ ရှင့်အချစ်ကို ရနေမှတော့ ယွန်း ဘာကိုများ ကြောက်နေရဦးမှာလဲ။





ယွန်းရဲ့ ပါးပါးလှပ်လှပ် ခန္ဓာကိုယ်လေးသည် လျင်မြန်သော အဟုန်ဖြင့် ကန်ပေါင်ရှေ့သို့ ရောက်လာခဲ့၏။ ဒီလမ်းတစ်ဖက်ကို ဖြတ်ကူးလိုက်လျှင် ယွန်း အဖြေပေးချင်တဲ့ ယွန်းရဲ့ ချစ်သူဆီ ရောက်ပြီ။

ယွန်းသည် ကားလမ်းမကျယ်ကြီးကို တလှစ်လှစ် ဖြတ်ကူးလာခဲ့၏။

"ကျွိ... ကျွိး..."

"တီ... တီ... တီ..."

"ဟော့... ဘာလုပ်တာလဲကွ၊ သေချင်လို့လား"

ကားတွေရဲ့ ဘရိတ်အုပ်သံ၊ ဆဲသံ ဆိုသံတွေကို နန်ထားပစ်ခဲ့ကာ ယွန်းက ကန်ပေါင်လေ့ကားထစ်တွေအတိုင်း ပြေးတက်လာခဲ့သည်။

လှေကားထစ်တွေရဲ့ ထိပ်မှာ ရပ်တုံ့နေသော သိင်္ဂါရက ယွန်းကိုတွေ့သည်နှင့် လှေကားထစ်တွေအတိုင်း ပြေးဆင်းလာသဖို့ လှေကားတစ်ဝက်မှာ ဆုံမိကြလေသည်။

ယွန်းသည် သိင်္ဂါရရှေ့မှာ ရပ်တန့်လျက် ကိုယ့်ရင်ဘတ်ကိုယ် ဖိကာ ဖုတ်လိုက်ဖုတ်လိုက် ဖြစ်နေရင်းက...

"သင်္ဂါရ... သိင်္ဂါရ... ယွန်း... ယွန်း ရှင့်ကိုချစ်တယ်၊ သိပ်ချစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောရင်း လှေကားထစ်ပေါ်သို့ အရုပ်ကြိုးပြတ်
ထိုင်ကျသွားသည်။

သိဂီရသည် ကြည်နူးအံ့ဩမင်သက်စွာဖြင့် ယွန်းကို
စိုက်ကြည့်နေလိုက်ပြီးမှ ယွန်းထိုင်နေသည့် လှေကားထစ်ထက်
တစ်ထစ်နိမ့်သော လှေကားထစ်ပေါ်မှာ ထိုင်ချလိုက်ပြီး နာကျင်
ကျိန်းစပ်နေသော ယွန်းရဲ့ ခြေဖဝါးလေးနှစ်ဖက်ကို နွေးထွေးနူးညံ့
စွာ ဆုပ်ကိုင်ထားလိုက်လေသည်။

❦ ❦ ❦





♠ ♠ ♠

ယွန်းတို့နှစ်ယောက် ချစ်သူဖြစ်ကြသောအခါ ...
"ကံတရားရေ မင်းကပဲ ဒုက္ခပေးနိုင်မလား၊ ငါတို့ကပဲ
ကြံ့ကြံ့ခံနိုင်မလား ... ဆိုတာ စောင့်ကြည့်လိုက်စမ်းပါ"
ဟူ၍ ကံတရားကို စိန်ခေါ်လိုက်ကြလေသည်။

ယွန်းတို့ နှစ်ယောက်ရဲ့ ချစ်သူဘဝက အသေးအမွှား
...စွလေးကအစ အခက်အခဲမရှိ ဖြောင့်ဖြူးတယ်ရယ်လို့ မရှိ။
...မြဲလို အတားအဆီးတွေ၊ အတိုက်အခံတွေ ကြုံရမြဲဖြစ်လေသည်။
ချစ်သူဘဝ အတူတွေ့ဖို့ ချိန်းကြပြီဆို ကားအဆင်
...ပြေ ဖြစ်ရတာနဲ့၊ လူကြီးတွေ ခိုင်းတဲ့အလုပ်တွေ ပေါ်လာရတာ
...။ ယုတ်စွအဆုံး မြက်ခင်းစိမ်းစိမ်းလေးပေါ်မှာ အတူ ...း



www.burmeseclassic.com

www.burmeseclassic.com



အေးဆေးဆေး ထိုင်ကြရင်တောင် ပရွက်ဆိတ်အုံနားမှာ ထိုင်မိ လို့ ထ,ပြေးလာရတတ်၏။ ဒါလောက်ကတော့ ယွန်းတို့အတွက် ဂရုမစိုက်လောက်စရာ အသေးအဖွဲလေးတွေမို့ ယွန်းတို့က အခက် အခဲတွေကို ရယ်ပွဲဖွဲ့နိုင်လေသည်။ ခုချိန်မှာတော့ အခက်အခဲဆိုတာ ယွန်းတို့အတွက် ရယ်စရာသာဖြစ်လေသည်။

သိင်္ဂါရက ...

"ယွန်း ... ကံကြမ္မာက ကိုယ်တို့ကို အကဲစမ်းနေတာ သိလား၊ ဒီလောက်နဲ့ ကိုယ်တို့မဖြိုရင် ဒါ့ထက်ကြီးကြီး မားမား အခက်အခဲတွေ ကိုယ်တို့ရှေ့မှာ ချပေးဦးမှာ ချာတယ်၊ ကြိုက်သလောက် အကဲစမ်း ... ကိုယ်ကတော့ မဖြိုဘူး"

ဟု ရဲရဲဝံ့ဝံ့ ရင်ကော့ပြောလေ့ရှိ၏။ တစ်နေ့တော့ သူက ယွန်းကို အကြာကြီး ငေးကြည့်နေပြီးမှ ယွန်းလက်ကလေး နှစ်ဖက်ကို ဆုပ်ကိုင်လိုက်ရင်း ...

"ယွန်း ... ကိုယ်တို့နှစ်ယောက်ကို အမျိုးမျိုး အခက်တွေ့ စေတဲ့ ကံကြမ္မာကို အနိုင်နဲ့မပိုင်းချင်ဘူးလား"

"ပိုင်းချင်တာပေါ့၊ ဘယ်လိုပိုင်းရမလဲ ..."

သိင်္ဂါရက နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်ပြီး ယွန်း နားရွက်နားသို့ သူ့နှုတ်ခမ်းလေး ကပ်ကာ ...





"ကိုယ်တို့ လက်ထပ်လိုက်ရုံပေါ့ ယွန်းရဲ့ ..."

ဟု လေသံတိုးကလေးဖြင့်ပြောရာ ယွန်း နားရွက်များလေးတွေ နွေးလာလျက် ကြက်သီးအဖြာဖြာ ထရလေသည်။

သူက ယွန်းလက်ကလေးနှစ်ဖက်ကို သူ့ရင်ဘတ်မှာ အပ်လိုက်ရင်း လေးလေးနက်နက် ပြောပြန်သည်။

"ကိုယ်တို့ လက်ထပ်ကြမယ် ယွန်း၊ ကိုယ်တို့ လက်ထပ်လိုက်ရင် ယွန်းရဲ့ အချစ်ရေး ကံမကောင်းဘူးဆိုတဲ့ စိတ်အစွဲကိုပါ ဖျက်ပစ်လိုက်သလိုပဲပေါ့၊ အခက်အခဲတွေ ဘယ်လောက်ရှိရှိ ကိုယ် ယွန်းနဲ့ မရရအောင် လက်ထပ်မယ်ကွာ ... နော်"

ယွန်းသည် သူ့မျက်ဝန်းတွေကို မက်မော နှစ်မြောစွာ စိုက်ကြည့်လိုက်ရင်း အသာအယာ ခေါင်းညိတ်ပြလိုက်လေသည်။

ထိုနေ့မှ စ၍ ...

ယွန်းတို့ နှစ်ဦးသည် နှစ်ဖက်မိဘတွေကို အသိပေးဖို့ အစီအစဉ်ကို စ,တင်ဆွဲရလေသည်။

ပထမအစီအစဉ်အဖြစ် သိင်္ဂါရရဲ့ မေမေနှင့် စ,တွေ့ဖို့ ဆုံးဖြတ်လိုက်ကြ၏။

သိင်္ဂါရက သူ့အမေမေအကြောင်း ကြိုပြောပြထားသည်မှာ ...



www.burmeseclassic.com

www.burmeseclassic.com



"မမေမကကွာ အရမ်း အသန့်အပြန့်ကြိုက်တယ်၊ နည်းနည်း ဇိဇာကြောင်တယ်၊ ဗေဒင်တို့ ဘာတို့ အတိတ်နိမိတ်တို့ ဂမ္ဘီရဆန်ဆန် ကိစ္စတွေကိုယုံတယ်၊ မမေမက ချိန်းထားပြီးမှ ပျက်ကွက်ရင်လည်း အရမ်းစိတ်ဆိုးတတ်တယ်၊ ကျန်တာကတော့ ဒီလောက်ကြီး မဆိုးပါဘူး၊ သဘောကောင်းပါတယ်၊ ကိုယ်ချစ်တဲ့သူဆို မမေမလည်း ကြည်ဖြူမှာပါ"

ယွန်းက သိင်္ဂါရ ပြောပြသည့် အကြောင်းအရာတွေကို သေချာမှတ်သား နားထောင်ထားလိုက်ပြီး သူ့မမေမနှင့် တွေ့ဖို့ သတ္တိမွေးထားလိုက်လေသည်။

သိင်္ဂါရကလည်း သူ့မမေမကို ယွန်းအကြောင်း ကြိုပြောပြထားပြီး နောက် သုံးရက်အကြာမှာတွေ့ကြဖို့ ရက်သတ်မှတ်လိုက်ကြ၏။

ယွန်းသည် ထိုတစ်နေ့ကို ဘုရားသိကြား နတ်ပြဟ္မာ အစုံ တ,၍ စောင့်မျှော်နေဆဲ ... ကံတရားက ‌စ,၍ အကဲစမ်းလိုက်သည်မှာ တွေ့ရမည့် တစ်ရက်အလိုကျမှ ယွန်း တုပ်ကွေးကွေးရခြင်းတည်း။

တွေ့မည့်နေ့အထိ ယွန်းက အဖျားမပျောက်သေး။ ဟပ်ချိုး ဟပ်ချိုးသံတွေလည်း ညံ၍နေ၏။





သိင်္ဂါရကလည်း ယွန်းဆီ ဖုန်းဝင်ရင်း ဖျားနေကြောင်းသိကာ အကြပ်ရိုက်သွားလေသည်။

"မမေမကလည်း ချိန်းထားပြီးမှ ပျက်ကွက်ရင် မကြိုက်တာနဲ့တော့ ပြဿနာပဲ၊ မမေမက နည်းနည်း တယူသန်တယ် ယွန်းရဲ့၊ အကြောင်းပြချက်ပေးလည်း သိပ်လက်ခံချင်တာ မဟုတ်ဘူး၊ ဒါပေမယ့်လည်း ယွန်းက ဖျားနေတာဆိုတော့ ဘယ်တတ်နိုင်မလဲ၊ နောက်ရက်ပဲ ပြောင်းချိန်းလိုက်ကြတာပေါ့"

"မဟုတ်တာ ...၊ လူကြီးကို အဲလိုပြောင်းချိန်းလို့ ဘယ်ဖြစ်ပါ့မလဲ၊ ယွန်းလည်း အဖျားသက်သာနေပါတယ်၊ တုပ်ကွေးဆိုတာ ကွေးနေရင် ပိုကွေးသွားတတ်လို့ ယွန်းလည်း အပြင်ထွက်ချင်နေတာပါ၊ ယွန်းတွေ့နိုင်ပါတယ် သိင်္ဂါရရဲ့၊ လူငယ်ပဲ ... ဖျားပေမယ့် လူမမာကြီးလုံးလုံးတော့ မဖြစ်သေးပါဘူး"

"ဖြစ်ပါ့မလားကွာ"

"ဖြစ်ပါတယ်"

"ဒါဆိုလည်း အနွေးထည်ထူထူလေး ဝတ်ခဲ့၊ လည်ပင်းမအေးအောင် မာဖလာလေးလည်းပတ်၊ ညနေပိုင်းဆို နည်းနည်းအေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ... စိတ်မပူပါနဲ့၊ ယွန်းက ထူထူထောင်ထောင် ပါပဲ"

ယွန်းက ဖျားနေသည့်ကြားကပင် အပြင်ထွက်လို့ ရအောင် ယွန်းအိမ်က လူတွေရှေ့မှာ နေကောင်းချင်ယောင် ဟန်ဆောင်၍ ရှင်လန်းပြရလေသည်။

ချိန်းသည့်နေ့မှာတော့ ယွန်းက ဆေးကြိုသောက်ထားပြီး အိမ်ကလူတွေအလစ်မှာ အပြင်ထွက်လာခဲ့သည်။ အိမ်နဲ့ မလှမ်းမကမ်းမှာ သိင်္ဂါရက လာကြိုစောင့်နေခဲ့သည်။ ဒီနေ့တော့ သိင်္ဂါရက သူ့အိမ်က ကားကို ကိုယ်တိုင်မောင်းယူလာတာမို့ ယွန်းတို့မှာ ကားတားရသည့် အခက်အခဲမရှိဘဲ သွားရေးလာရေး အဆင်ပြေသည်။

သိင်္ဂါရက ကားမောင်းနေရင်း ယွန်းလက်ကလေးကို လာလာဆုပ်ကိုင်လျက် ...

"သနားပါတယ်ကွာ ... နေမကောင်းသေးဘဲနဲ့ ယောက်ျားမကို လာတွေ့ရရှာတာ၊ ဘာမှမကြောက်နဲ့နော် ယွန်း၊ ယွန်းရဲ့ နဂိုပုံစံလေးအတိုင်းပဲ ဆက်ဆံ"

ဟု တဖွဖွ အားပေးလာလေသည်။

❦ ❦ ❦





♠ ♠ ♠

"နာမည်က ယွန်းရတီနော် ..."

"ဟုတ်ကဲ့ ... ဟပ် ... ဟပ် ... ဟပ်ချီး ... ဟပ်ချီး ..."

ယွန်းတို့အဖြစ်က အဖွင့် စာမျက်နှာမှ စ၍ ကွဲလေသည်။ နှာချေချင်စိတ်ကို ဘယ်လိုမှထိန်းမရတာမို့ အမှတ်တမဲ့ အားရပါးရ နှာချေပစ်လိုက်ရာ သိင်္ဂါရ မေမေ ဒေါ်ဘုရားကြီးက မျက်နှာရှုံ့မဲ့လျက် တွန့်ခနဲ နောက်ဆုတ်သွားရင်း ...

"သား ... ယွန်းရတီက ဖျား..နေတာလား"

"ဟုတ်တယ် မေမေ ..."

"ဖျားနေမှန်းသိရက်နဲ့ ဘာလို့ခေါ်လာရတာလဲ ..."

"မေမေနဲ့ ချိန်းထားပြီးသားမို့ မဖျက်ချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဖျားနေတော့လည်း နောက်နေ့မှ တွေ့ကြတာပေါ့၊ ယွန်းရတီကို ပြန်လိုက်ပို့လိုက်တော့လေ၊ ယွန်းရတီရေ... နေကောင်းမှ တွေ့ကြတာပေါ့ကွယ်"

"ဟုတ် ... ဟုတ်ကဲ့ အန်တီ"

မေမေ့ ဆက်ဆံပုံကြောင့် သိင်္ဂါရက ယွန်းကို သနားအားနာသွားမိလေသည်။ မေမေက အနားယူချင်ပုံဖြင့် အပေါ်ထပ်သို့ တက်သွားပြီမို့ သိင်္ဂါရက ယွန်းနားကပ်လာရင်း ...

"ယွန်း စိတ်မကောင်းမဖြစ်နဲ့နော်၊ မေမေက သူ့ကိုအဖျားတွေ ဘာတွေ ကူးမှာ သိပ်ကြောက်တာ၊ အသည်းရောင် ဘီပိုး ကူးမှာစိုးလို့ဆိုပြီး စားသောက်ဆိုင်က ဖန်ခွက်တွေ ဘာတွေဆို လုံးဝမသောက်ဘူး၊ မေမေ့အကြောင်း အဲ့ဒီတစ်ခု ပြောဖို့ ကျန်သွားတယ်"

"ယွန်း နားလည်ပါတယ်၊ ယွန်းကလည်း ယွန်းပဲ၊ အန်တီ့မျက်နှာရှေ့တည့်တည့်မှာမှ အားရပါးရကြီး သွားချေလိုက်မိတာကိုး၊ တံတွေးတွေ ဘာတွေတောင် စင်သွားသလားမသိဘူး၊ အားနာလိုက်တာ"

"ကိစ္စမရှိပါဘူး ယွန်းရယ်၊ ကိုယ်ပြန်လိုက်ပို့ပေးမယ်နော်၊ ယွန်း အေးအေးဆေးဆေး နားလိုက်ဦး"





သိင်္ဂါရက ယွန်းကို နှစ်သိမ့်စကားဆိုရင်း အိမ်ပြန်လိုက်ပို့ပေးလိုက်သည်။ အပြန်လမ်းတစ်လျှောက်လုံး ရင်ထဲမှာလေးနေသည်။ အခက်အခဲကြီးတစ်ခု အစပြုတော့မှာကို ကြိုသိခံစားမိနေသည်။

ဖြစ်ချင်တော့ နောက်တစ်နေ့မှာ မေမေ စ,ဖျားလေသည်။ မေမေက သူ့ကိုယ်သူ ဖျားမှန်းသိသိချင်း သိင်္ဂါရကိုခေါ်ကာ ...

"မေမေ ဖျားပြီ... တွေ့လား သား၊ အဲ့ဒါ ယွန်းရတီဆီက ကူးတယ်ဆိုတာ သေချာတယ်၊ တုပ်ကွေးပိုးဆိုတာ ဒီလိုပဲ နှာချေလိုက်ရင် ရောဂါပိုးတွေက အနီးပတ်ဝန်းကျင်ကို ပျံ့ကုန်ရော၊ သားက လူငယ်မို့ ကိုယ်ခံအားကောင်းလို့သာ ဘာမှမဖြစ်တာ၊ မေမေက လူကြီးဆိုတော့ ပိုးကူးစက်ခံရလွယ်ကူတယ်"

ဟု မကျေမနပ်ပြောနေတော့တာမို့ သိင်္ဂါရက ပြေရာပြေကြောင်း ပြောရဆိုရပါသည်။

"သူလည်း တမင်လုပ်တာမှ မဟုတ်ဘဲ မေမေရာ၊ ဟို... စကားပုံတောင် ရှိသေးတယ်၊ အချစ်နဲ့ နှာချေခြင်းကို တားဆီးလို့ မရတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ဘယ်လိုပဲ စဉ်းစားစဉ်းစား နိမိတ်မကောင်းတာတော့ အမှန်ပဲ သား ..."

"ဗျာ ..."

"မင်းပဲ စဉ်းစားကြည့်လေ၊ မိန်းကလေး တစ်ယောက်အတွက် ယောက္ခမလောင်းနဲ့ စတွေ့တဲ့ အချိန်ဆိုတာ ဒီတစ်ကြိမ်ပဲ ရှိတဲ့ဥစ္စာ၊ ဒီအချိန်ကျမှ တိုက်တိုက်ဆိုင်ဆိုင်ကြီး လာဖျားနေတယ်၊ ပြီးတော့ သူ့အဖျားက မေမေ့ဆီကူးလာသေးတယ်၊ ဒါ ကောင်းတဲ့ နိမိတ်မှမဟုတ်တာ၊ နာဖျားခြင်းနဲ့ စ,တင် မိတ်ဆက်ရတယ်ဆိုမှတော့ ရှေ့လျှောက် ဘယ်လိုလုပ် ကောင်းနိုင်တော့မှာလဲ"

"မဟုတ်သေးပါဘူး မေမေရယ်၊ သားတော့ အတိတ်တွေ နိမိတ်တွေ အယုံအကြည်မရှိပါဘူး"

"မင်းမယုံပေမယ့် မေမေယုံတယ်လေ၊ ယွန်းရတီရဲ့ မွေးနေ့ သက္ကရာဇ်ကို စာရွက်လေးနဲ့ ရေးပေးထားစမ်း သား ..."

"ဘာလုပ်မလို့လဲ မေမေ"

"ဗေဒင်လေး ဘာလေး သွားမေးကြည့်ရမယ်လေ၊ ဗေဒင်ကြည့်ပြီးမှပဲ နောက်တစ်ခေါက် တွေ့သင့် မတွေ့သင့် စဉ်းစားရမယ်"





မေမေ့စကားတွေက သိင်္ဂါရကို တကယ်ပဲ ရင်လေး...ါသည်။ အတိတ်နိမိတ်ကိစ္စတွေကို သူလည်း ဥဇာ်မမီ။ ...ယ်လို တုံ့ပြန်ပြောရမှန်းလည်း မသိတာမို့ နှုတ်ဆိတ်လို့သာ ...လိုက်ရလေသည်။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



♠ ♠ ♠

သိင်္ဂါရ မေမေက ဗေဒင်တွက်ဆဲ၊ အတိတ်နိမိ
ကောက်ယူနေဆဲအချိန်တွေမှာ ယွန်းက သိင်္ဂါရကို သူမ၏အိမ်သာ
များနှင့် တွေ့ဆုံပေးဖို့ စီစဉ်လေသည်။

ယွန်းသည် တစ်နေ့ တစ်နေ့ ယွန်းမှာ သိပ်ချစ်
ချစ်သူရှိပြီဖြစ်ကြောင်း အာပေါက်မတတ် ပြောရဆိုရ ရှင်းပြရ
အားလုံးက ဝိုင်းမေးသမျှ မေးခွန်းတွေကိုလည်း တစ်ခွန်းမကျ
ပြန်ဖြေပေးရ၏။

ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘာလုပ်လဲ၊ ပညာအ
အချင်းကရော၊ မျိုးရိုးက ဘယ်လိုလဲ၊ မွေးနေ့သက္ကရာဇ်က ဘ
လောက်လဲ၊ ရုပ်ရည်ကရော ကြည့်ပျော်ရှုပျော် ရှိရဲ့လား ... စသ
မေးခွန်းတွေက စုံနဖာစီနေသည်။





အားလုံးက ယွန်းကို မျက်စောင်းဝိုင်းထိုးတာမို့ သူတို့
နဂါးဆို ယွန်းလည်း ပြာကျနေလောက်ပြီ။ မေမေတို့က
ကို လုံးဝမကျေနပ်ကြတာမို့ ယွန်းချစ်သူအကြောင်း ဖွင့်ပြော
နေ့မှစကာ ယွန်းကိုကြည့်လျှင် ရိုးရိုးမကြည့်ဘဲ မျက်စောင်း
ကြည့်ကြည့်သွားလေသည်။

"သဘောကျတာတွေ့လည်း ချက်ချင်းပြန်မကြိုက်သေးဘဲ ငါတို့ကိုအရင်ပြောပါလို့ တဖွဖွပြောတာတောင် ပြောစကားနားမထောင်ဘူး၊ အေး ... ညည်းသဘောနဲ့ညည်း ကြိုက်ထားတဲ့ဟာက ဘယ်လိုအသွေးအမွေးလည်းဆိုတာ ကြည့်ကြသေးတာပေါ့"

"ဟိုတစ်ခါလိုတော့ တွေ့မယ့်နေ့မှာ မိန်းမခိုးမသွားစေနဲ့"

"တို့ရွေးပေးထားတဲ့ လူထက် ညည်းလူက ဘာများသာနေလို့လဲ ..."

တစ်ယောက်တစ်ပေါက် ဝိုင်းပြောသမျှကို ယွန်းက
င်းငုံ့ခံနေရသော်လည်း စိတ်တော့မညစ်လှပါ။ ပြေလည်သွား
ါဟုသာ တွေးထားလိုက်သည်။

ဒီလိုနှင့် ...

သိင်္ဂါရနှင့် တွေ့ရမည့်နေ့သို့ ရောက်ရှိလာသည်။



www.burmeseclassic.com

www.burmeseclassic.com



♠ ♠ ♠

"မောင်သိင်္ဂါရအကြောင်းကတော့ အန်တီတို့လည်း သိ
သားပါကွယ်"

ကြီးကြီးက စကားဝိုင်းကို ထိုစကားဖြင့် စ,တ
ဖွင့်လှစ်လိုက်သောအခါ သိင်္ဂါရက အားတက်လာရလျက် ...

"ကျွန်တော့်အကြောင်းတွေ ယွန်း ဘယ်လောက်တော
ပြောထားသလဲ မသိဘူး"

ဟု ရယ်ရယ်မောမော ပြန်ပြောလိုက်၏။

"အဟမ်း ... ဟမ်း၊ ယွန်း ပြောတာ မဟုတ်ဘူးကွ
အန်တီတို့ဘာသာ စုံစမ်းသိရှိထားတာ၊ မင်းက တော်တေ
ပွေဆို ... "





"ခင်ဗျာ ... "

"ကြီးကြီး ... "

"ယွန်း ... ညည်း အသာနေ ... "

မထင်မှတ်သော စကားမို့ ယွန်းက ကြီးကြီးကို
အံ့တသြကြည့်မိသည်။ ဒေါ်လေးငယ်၊ မေမေနှင့် ဘွားဘွားတို့
တော့ သိပြီးသားမို့ မထူးဆန်းသော မျက်နှာထားမျိုးဖြင့် ခပ်
အေးအေးထိုင်နေသည်။

"ယွန်းက မင်းအကြောင်း အကောင်းချည်းပြောနေတာကို
ထိုင်ယုံနေရလောက်အောင် အန်တီတို့က မညံ့ကြဘူးလေ၊
မင်းအကြောင်း စုံစမ်းရတာ တော်တော်လွယ်ပါတယ်၊
မင်းက စွံတဲ့နေရာမှာ နာမည်ကြီးကိုး၊ ကြီးငယ်ရွယ်လတ်
လှတာရော၊ မလှတာရော ဘယ်လိုပုံ ဘယ်လိုဆိုဒ်မျိုးနဲ့ပဲ
ဖြစ်ဖြစ် မင်းကတွဲတယ်၊ သူတို့ကျွေးသမျှ စားတယ်"

"ကြီးကြီး မှားနေပြီ၊ အဲ့ဒါက ... အဲ့ဒါက ... "

"ညည်း အသာနေစမ်းပါဆိုအေ ... "

ယွန်းက ရှင်းပြဖို့ ကြိုးစားသော်လည်း ကြီးကြီးက
အားမစခင်ကတည်းက ပယ်ပယ်ချနေသည်။ ယွန်းရဲ့ စကားလုံး
တွေကို ပုတ်ထုတ်ပစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလူမျိုးနဲ့ တို့သမီးကိုပေးစားရအောင် တို့က အရူးလား မောင်သိင်္ဂါရ…"

မေမေကပါ ဝင်ပြောလာပြီမို့ သိင်္ဂါရက ယွန်း စိတ်ကူခေါ်သလို လှမ်းကြည့်ရင်း…

"ယွန်း… ရှင်းပြပေးပါဦးကွာ"

"မေမေ… တကယ်တော့လေ…"

"ရှင်းပြဖို့ မစဉ်းစားနဲ့ ယွန်း၊ ကြီးကြီးမေးတာပဲ သိင်္ဂါရက မိန်းကလေးတွေနဲ့ တွဲသလား၊ မတွဲဘူးလား ညည်းကိုယ်တိုင် မသိတာလား"

"သိ… သိပါတယ် ကြီးကြီး၊ ဒါပေမယ့် သူတွဲတယ်ဆိုတာ က…"

"တော်ပြီ… ရှင်းပြမနေနဲ့တော့၊ ဒီလောက် ပွေရှုပ်တဲ့ ယောကျ်ားကို ညည်းစဉ်းစားတာကိုလည်း အံ့သြပါရဲ့ ဒီမှာ ရှင်းရှင်းပဲပြောလိုက်မယ်၊ သိင်္ဂါရက 'ဘုံဆိုင်'

"ရှင်… ဘုံ… ဘုံဆိုင် ဆိုတာ…"

"'ဘုံ' ဆိုတာ အများကိုပြောတာ၊ သူက မိန်းကလေး အများကြီးနဲ့ တွဲနေတော့ အများနဲ့ဆိုင်တဲ့ 'ဘုံဆိုင်' ယောကျ်ားမျိုး ဖြစ်နေတယ်လေ၊ ညည်းတစ်ယောက်တည်း ပိုင်ဖို့မလွယ်ဘူးပေါ့…"





"မဟုတ်ရပါဘူး မေမေရယ်၊ ယွန်းချစ်သူက ဘုံဆိုင်မဟုတ်ပါဘူး၊ ယွန်းနဲ့ပဲ ဆိုင်ပါတယ်"

"ယွန်း… လူကြီးတွေကြားမှာ လှည့်ပတ်ခုခံချေပမနေနဲ့တော့၊ မောင်သိင်္ဂါရ… အားတော့နာပါတယ်ကွယ်၊ ပြန်လို့ရပါပြီ"

လူကြီးတွေအားလုံး ဧည့်ခန်းမှထွက်ခွာသွားကြပြီ ယွန်းတို့နှစ်ယောက်သာ ကျန်ရစ်ခဲ့ရလေသည်။

ယွန်းတို့သည် ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိကြတော့တာမို့ အူလည်လည်ဖြင့် ဧည့်ခန်းထဲမှာ ငြိမ်သက်စွာ ဆက်ထိုင်နေမိကြသည်။ ခဏကြာတော့မှ သိင်္ဂါရက သူ့ရင်ဘတ်သူ လက်ညှိုးထိုးပြကာ…

"ဘုံဆိုင်… ကိုယ်က ဘုံဆိုင်"

ဟု ရေရွတ်လိုက်ပြီး ပြုံးစိစိဖြစ်လာသည်။ ယွန်းသည်း သူ့ပုံစံနှင့် သူ့စကားကို ရယ်ချင်လာကာ ပြုံးတုံ့လာပြီး တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်လိုက်ကြသည်။ ထို့နောက် နှစ်ယောက်သား အားရပါးရ ရယ်ချလိုက်မိတော့သည်။

ယွန်းတို့ ရယ်သံကြောင့် အိမ်အတွင်းဘက်ဆီမှ လူကြီးတွေအားလုံး ခေါင်းထောင်သွားကြပြီး ဧည့်ခန်းဆီ ဖြေး



www.burmeseclassic.com

www.burmeseclassic.com



ချောင်းလိုက်ကြရာ အူလှိုက် သည်းလှိုက် ရယ်မောနေကြသော ယွန်းတို့နှစ်ယောက်ကို တွေ့ရတာမို့ ...

"ရှူးများသွားကြပြီလား"

ဟု ဇဝေဇဝါ ရေရွတ်လိုက်ကြလေသည်။

❦ ❦ ❦





♠ ♠ ♠

"သားရယ် ... တစ်နေကုန် ဘယ်လျှောက်သွားနေတာလဲ၊ အရေးကြီးတာ ပြောစရာရှိလို့ မေမေ မင်းကို စောင့်နေတာ"

ယွန်းတို့အိမ်မှ မအောင်မြင်စွာ ဆုတ်ခွာလာခဲ့ရသော သိင်္ဂါရသည် အိမ်ထဲဝင်ဝင်ချင်း ကြားလိုက်ရသော မေမေ့စကားကြောင့် ရင်ထိတ်သွားရလေသည်။ ဘယ်လို စကားတွေများ ကြားဦးမှာပါလိမ့် ...။

"လာစမ်း ... သား၊ မေမေ မင်းကို ပြောစရာရှိတယ်၊ ဒီကိစ္စက သိပ်အရေးကြီးတယ်၊ ပေါ့ပေါ့ဆဆလုပ်လို့ မဖြစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



“ဘာကိစ္စများလဲ မေမေ ...”

သိင်္ဂါရက မေမေ့ရှေ့မှာ ဝင်ထိုင်ရင်း မရွံ့မရဲလေး မေးမိသည်။

“ကိစ္စကတော့ ဘီးလူးနက္ခတ်ကိစ္စပဲ ...”

“ခင်ဗျာ ...”

“မေမေ ဒီနေ့ ဗေဒင်သွားတွက်ကြည့်တော့ ယွန်းရတီက ဘီလူးနက္ခတ်နဲ့ ယှဉ်ပြီး မွေးထားတာတဲ့၊ သားက လူနက္ခတ်ဆိုတော့ သားနဲ့ ဘယ်လိုမှ ယူလို့မဖြစ်ဘူးတဲ့”

“ဘာ ... ဘာဖြစ်လို့များလဲ မေမေ”

“ဘီလူးက လူကိုနိုင်သလိုပဲ၊ ဘီလူးနက္ခတ်နဲ့ မွေးတဲ့သူကြောင့် လူနက္ခတ်နဲ့ မွေးတဲ့သူကို ထိခိုက်တတ်တယ်၊ သားက သူ့ထက် နက္ခတ်နိမ့်တော့ သူ့ကြောင့် သားဘဝ ဆုတ်ယုတ်ပျက်ပြားနိုင်တယ်”

“မဟုတ်သေးပါဘူး မေမေရယ်၊ ဒါမျိုးတွေ အစွဲမထားပါနဲ့”

“ဒါတွေကု မယုံကြည်လို့မရဘူး သား၊ တချို့ယောကျ်ားတွေဆို သူတို့ယူထားတဲ့ မိန်းမက ခိုက်တတ်တဲ့ မိန်းမဖြစ်နေလို့ စီးပွားတွေပျက်ရတာမျိုးတောင် ရှိတယ်၊ ယွန်းရတီက အိမ်ထောင်ဘက်ကို ခိုက်တတ်တဲ့ မိန်းကလေးမျိုး





လို့ ဗေဒင်က အပ်ချမတ်ချ ဟောလိုက်တာ၊ သူ့ ဘယ်ယောကျ်ားယူယူ သူ့ယောကျ်ားမှာ သူ့ကြောင့် ဒုက္ခရောက်ရမှာပဲ”

“အဲဒီလိုတော့ မပြောပါနဲ့ မေမေရာ၊ ခိုက်မယ် မခိုက်ဘူးဆိုတာ ဘယ်သူမှ ကြိုမသိနိုင်ပါဘူး၊ ‘ခိုက်’ တယ်ဆိုတဲ့ ကိစ္စကိုက အဓိပ္ပာယ်မရှိတာပါ”

“မင်းယုံချင်ယုံ၊ မယုံချင်နေ၊ မေမေကတော့ ယွန်းရတီနဲ့ သားကို လုံးဝမပေးစားနိုင်ဘူး”

“သားတို့က သိပ်ချစ်နေတာ မေမေ မပေးစားလည်း ကိုယ့်ဘာသာ ယူကြမှာပဲ၊ ယူပြီးလို့ မြေးတွေ ဘာတွေရရင် မေမေလည်း မြေးမချီဘဲနေနိုင်တာ မဟုတ်ဘဲနဲ့”

“ဘာ ... ဘာ ... အမလေး ... အမေ့ရှေ့မှာ ပြောရဲလိုက်တာ၊ မျက်နှာပြောင်လိုက်တာ”

မေမေက ရင်ဘတ်စည်တီးဖြစ်တော့မတတ် ဒေါသတွေထွက်လာတာမို့ သိင်္ဂါရလည်း အသာလေး ထ,လစ်လာခဲ့သည်။

အဲ့ဒီနောက်မှာတော့ မေမေသည် တစ်နေ့ တစ်နေ့ ‘သဘောမတူဘူး’ ဆိုသော စကားကိုသာ ကြွေးကြော်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေသည် သိင်္ဂါရကိုတွေ့လိုက်တာနှင့် ...

"စ,တွေ့ကတည်းက နိမိတ်မကောင်းတာလေ သိင်္ဂါရရဲ့၊ သူ့ဆီက ကူးထားတဲ့ တုပ်ကွေးက ခုထိကောင်းကောင်း ပျောက်ချင်သေးတာ မဟုတ်ဘူး၊ ခိုက်တတ်တဲ့ မိန်းကလေးကို ယူရင် မင်းပဲ ဒုက္ခရောက်မှာ ..."

ဟူသော စကားကိုသာ ကရားရေလွှတ် တတွတ်တွတ် ပြောတာမို့ သိင်္ဂါရမှာ မေမေ မမြင်အောင် ပတ်ပြေးနေရလေသည်။

ဟိုအမေကလည်း တစ်မျိုး၊ ဒီအမေကလည်း တစ်မျိုးမို့ သိင်္ဂါရရော ယွန်းပါ ဒုက္ခရောက်နေကြတာတော့ အမှန်ပင်။

ညည ဖုန်းခိုးဆက်ကြလျှင် ...

"ယွန်းရေ အခြေအနေကောင်းလား၊ ဒီမှာတော့ လုံးဝ မကောင်းဘူး"

"ဒီမှာလည်း လုံးဝပဲ၊ သိတယ်မဟုတ်လား၊ အမျိုးသမီးလေးယောက်ပြောအားက ဘယ်လောက်ကောင်းသလဲဆိုတာ ...၊ တစ်နေ့တစ်နေ့ အိမ်ထဲမှာ စကားလုံး ဗုံးတွေ ကြဲနေတာနဲ့ ယွန်းလည်း ဘယ်နားသွားပုန်းနေရမယ် မသိဘူး၊ ယွန်းကိုတွေ့တာနဲ့ တစ်ယောက်မဟုတ် တစ်ယောက်ကတော့ ဩဝါဒ ခြွေမြိန့်တော့တာပဲ၊ မောင့်ကို ပွေတယ်လို့





ယူဆထားတဲ့ သူတို့အစွဲကို ဘာနဲ့မှ တိုက်ထုတ်လို့ မရသေးဘူး"

"ဒီမှာလည်းပဲ ယွန်းဆီကအဖျားကူးပြီးကတည်းက မကြည်လင်တော့တာ၊ ဒီကြားထဲ ဗေဒင်ကိစ္စက ဝင်ရှုပ်တော့ ပိုဆိုး ..."

သိင်္ဂါနှင့် ယွန်းသည် မိဘတွေနှင့်ပြေလည်မှုရအောင် ဘယ်လိုလုပ်ရမှန်းမသိဘဲ အခက်တွေ့နေကြလေသည်။ တစ်နေ့တော့ သိင်္ဂါရက အကြံရကာ ...

"ယွန်းရေ ... လူကြီးတွေကတော့ သူတို့ ဒီလို အထပ်ထပ် ပြောနေတော့ ကြာရင် ကိုယ်တို့ နားဝင်လာပြီး စိတ်ပျက်လက်လျှော့သွားမယ်လို့ ထင်နေကြမှာ၊ အဲဒီတော့ သူတို့ ဘယ်လိုပြောပြော ကိုယ်တို့ကတော့ ပျော်ပျော်ပဲဆိုတဲ့ ပုံစံမျိုးဖြစ်အောင် နေပြလိုက်ရင် သူတို့ အပြောရပ်သွားလိမ့်မယ် ထင်တယ်"

"ဟုတ်တယ်နော် ... သိင်္ဂါရနဲ့ တွေ့တဲ့နေ့တုန်းကတောင် ယွန်းတို့ ရယ်နေကြတာကို မြင်ပြီး သူတို့ အံ့ဩသွားကြသေးတာ ..."

သိင်္ဂါရတို့သည် ကိုယ့်အကြံနှင့်ကိုယ်မို့ လူကြီးတွေ ဘာပြောပြော ရှောင်မပြေးတော့ချေ။ သိင်္ဂါရ မေမေက နက္ခတ်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း လာပြောလျှင် သိင်္ဂါရက ပြုံးစိစိမျက်နှာထားဖြင့် မေမေ့ကိုကြည့်ကာ ...

"မေမေ ... ဘီလူးနက္ခတ်ဆိုတာ ဘယ်လိုမျိုးလဲ ... ကောင်းကင်ပေါ်မှာ ဘီလူးပုံကြီး ထင်နေတာမျိုးလား"

"အဲဒီလိုတော့ ဘယ်ဟုတ်မလဲ"

"ဒါဆို ဘယ်လိုမျိုးလဲ"

"အဲ့ဒါတော့ ငါလည်း သေသေချာချာ ဘယ်သိပါ့မလဲ"

"သေသေချာချာမသိဘဲနဲ့များ မေမေက ဘီလူးနက္ခတ် ဆိုတာကို ယုံရတယ်လို့ ..."

"ဒါကတော့ ဒီလိုပဲ ဗေဒင်အလိုအရ ယုံရတာပေါ့ဟဲ့"

"ဗေဒင်အလိုအရဆိုရင် ယွန်းက ဘီလူးနက္ခတ်နဲ့ယှဉ်မွေး တယ်ဆိုတော့ ယွန်း မေမေက ဘီလူးနက္ခတ်ကြီးနဲ့ အတူ ယှဉ်ထိုင်နေရင်း ယွန်းကိုမွေးလိုက်လို့လား"

"ဟဲ့ ... ငါ့ကို ပေါက်ကရတွေ လာမမေးနဲ့"

ပြုံးစိစိနှင့် မေးတတ်သော သိင်္ဂါရရဲ့ မေးခွန်းတွေကို မေမေက လန့်လေသည်။ မေမေက 'နိမိတ်' တို့ 'နက္ခတ်' တို့ အကြောင်းလာပြောလိုက်၊ သိင်္ဂါရက ရယ်ရယ်မောမောနှင့် ကတ်သီး ကတ်သတ် မေးခွန်းတွေ ထုတ်လိုက်နှင့်မို့ တစ်စတစ်စနှင့် မေမေ့ စကားလုံးတွေ လျော့ကျသွားသည်။ သို့သော် ... သဘော





ထားက တော့ တင်းမာနေဆဲ ...။ လုံးဝ သဘောမတူဘူးဆိုသော စကားကိုတော့ ပြန်မရုပ်သိမ်းသေးတာမို့ သိင်္ဂါရက မေမေ့ကွယ်ရာ မှာ ကျိတ်၍ သက်ပြင်းချရလေသည်။

ယွန်းအဖြစ်ကလည်း သိင်္ဂါရနှင့် ဘာမှမထူးချေ။ ကြီးကြီးတို့ ဒေါ်လေးငယ်တို့ လူကြီးတွေအားလုံးက သိင်္ဂါရ ပွဲရှုပ်ကြောင်းပြောလာတိုင်း ရယ်ရယ်မောမော ပေါ့ပေါ့ပါးပါး ပုံစံလေးဖြင့် ကြီးကြီးတို့ကို စ,လိုက် နောက်လိုက်၊ စကားလွှဲလိုက် ကတ်သီးကတ်သတ် မေးခွန်းတွေထုတ်လိုက်နှင့် ယွန်းရဲ့ တစ်ပတ် ချိုးသော ပုံစံကို လူကြီးတွေပင် ညြချလာကြရ၏။ သို့သော် 'သဘောမတူ' ဆိုသည့် သူတို့ရဲ့သဘောထားတွေကိုတော့ မပြောင်း ကြသေးချေ။

ယွန်းတို့ချစ်သူနှစ်ဦးသည် ရင်ဆိုင်နေရသည့် အခက် အခဲတွေကို အပြုံးမပျက် ဖြေသာကြသော်လည်း တစ်ခါတစ်ခါတော့ စိတ်ဓာတ်ကျမိကြလေသည်။

"ယွန်းတို့လည်း ဘယ်တော့မှ လက်ထပ်ဖြစ်ပါ့မလဲ မသိ ဘူးနော်"

ဟု ယွန်းက ညည်းညည်းညူညူလေးပြောလျှင် သိင်္ဂါရ က ယွန်းမျက်နှာညှိုးတာကို မကြည့်ရက်ဘဲ ...

"လူကြီးတွေ သဘောမတူလည်း ကိုယ့်ဘာသာ တစ်အိုး



www.burmeseclassic.com

www.burmeseclassic.com



တစ်အိမ် ထူထောင်နိုင်ဖို့ ကြိုးစားတာပေါ့ ယွန်းရယ်... စာမေးပွဲ ဖြေပြီးတာနဲ့ ကိုယ် အလုပ်တစ်ခုခုလုပ်ပြီး ငွေရှာမယ်၊ အဆင်ပြေတာနဲ့ ကိုယ်တို့ လက်ထပ်ကြမယ်၊ လူကြီးတွေလည်း ကြာကြာစိတ်ဆိုးနိုင်ကြမှာ မဟုတ်ပါဘူး၊ အချိန်လေး နည်းနည်းစောင့်ပြီးရင် အားလုံးအဆင်ပြေသွားမှာပါ"

သိင်္ဂါရက အားပေးနှစ်သိမ့်တော့မှ ယွန်းရဲ့ အရောင်မှိန်ဖျော့နေသော မျက်ဝန်းလေးတွေ ပြန်လည် တောက်ပလာရလေသည်။

❦ ❦ ❦





♠ ♠ ♠

နောက်ဆုံးနှစ် စာမေးပွဲဖြေပြီးသည်နှင့် သိင်္ဂါရက ...ပွားရေးအလုပ်တစ်ခု ဖောက်ချလုပ်ဖို့ကိုသာ အာရုံဝင်စားလေ့လာ...းမြန်း၍နေလေသည်။

သိင်္ဂါရမှာ ဖေဖေ မဆုံးခင်ကတည်းက သိင်္ဂါရ...တွက် သီးသန့်ဖွင့်ပေးထားသော ဘဏ်စာရင်းရှိတာမို့ စာရင်းထဲ...သမျှ ငွေသိန်းနှစ်ဆယ်ကို ထုတ်ယူကာ သူငယ်ချင်းတစ်ယောက်...် စပ်တူ လက်ဖက်ရည်ဆိုင်တစ်ဆိုင် ဖွင့်ဖို့ ဆုံးဖြတ်လိုက်လေ...သည်။

ထိုအချိန်မှ စ,ကာ သိင်္ဂါရနှင့် ယွန်းမှာ စိတ်ကူး...ိပ်မက်တွေ အပြိုင်အဆိုင် မက်ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တို့ လက်ဖက်ရည်ဆိုင်ဖွင့်မယ့် နေရာက အရ မိုက်တယ် ယွန်း ...၊ တကယ့်ကို လူစည်ကားတဲ့ နေ အရမ်းအကွက်အကွင်းကျတယ်၊ ကိုယ့်သူငယ်ချင်းကလည် အရင်တုန်းက လက်ဖက်ရည်ဆိုင် ဖွင့်ဖူးတယ်ဆိုတော အတွေ့အကြုံရှိပြီးသား၊ ကိုယ်တို့ဆိုင် အောင်မြင်မှာ သေ ချာတယ်"

"အဲဒီလိုဆို ပျော်စရာကြီးနော်၊ ပုံမှန်ဝင်ငွေ ရှိနေပြီဆ် သိပ်ပူစရာမလိုတော့ဘူး"

"ဒါပေါ့ ... ယွန်းရဲ့၊ ကိုယ်တို့ အိမ်ထောင်အတွက် လိုအ တဲ့ ပစ္စည်းလေးတွေကိုလည်း တတိတတိနဲ့ ဝယ်စုထား မယ်၊ နောက် ရောက်လာမယ့် ဘေဘီလေးအတွက် ပစ္စည်းတွေ ကြိုစုထားမယ်လေ"

"ဒါတော့ ပိုလွန်းပြီ"

ယွန်းသည် သိင်္ဂါရရဲ့ အလုပ်ကိစ္စက ပြေကိုပြေလည် မှာဟု ယုံကြည်စိတ်ချကာ ပျော်ရွှင်နေခဲ့လေသည်။

သို့သော် ... တစ်နေ့တော့ သိင်္ဂါရက မျက်နှာလေ ညှိုးဖျော့လျက် ယွန်းဆီရောက်လာကာ ...

"သွားပြီ ... ယွန်းရယ်၊ အားလုံးသွားပြီ"

"ဘာဖြစ်လို့လဲဟင် ... သိင်္ဂါရ"





"ကိုယ့်ပိုက်ဆံတွေ အလိမ်ခံလိုက်ရပြီ ...၊ ကိုယ်နဲ့စပ်တူ လုပ်မယ့် သူငယ်ချင်းက ကိုယ့်ပိုက်ဆံတွေကို ဆိုင်ခန်း ငှားခချေဖို့ဆိုပြီး ယူထားရင်းနဲ့ နှစ်လုံးသွားလုပ်လိုက်တာ ခုတော့ အားလုံးကုန်ပြီ၊ သူ့မှာလည်း မရှိတော့ ဘယ်လိုမှ ပြန်ပေးနိုင်မှာမဟုတ်ဘူး၊ ပေးနိုင်လည်း တစ်လချင်း အလီ လီခွဲပေးမှာ၊ ဘာမှအဖတ်တင်တော့မှာ မဟုတ်ဘူး"

ယွန်းသည် သိင်္ဂါရကို စိုက်ကြည့်နေရင်း ငိုချင်လာ သည်။ အခက်အခဲတွေဟာ ကုန်ပဲမကုန်နိုင်တော့ဘူးလား။ ဒါဟာ ်းရဲ့ကံကြောင့် ဖြစ်လာရတဲ့ အခက်အခဲဟုသာ ဖွတ်မိုက်ယုံပစ် က်ချင်လာသည်။ အားလျှော့စိတ်ပျက်ချင်လာလေသည်။

"ဒီလိုဖြစ်တာ ယွန်းကြောင့်ပဲနေမှာ ..."

ယွန်းက အေးစက်စက်ပြောတော့ သိင်္ဂါရက ယွန်း းချက်ကို ရိပ်မိကာ ...

"အဲဒီလို မတွေးပါနဲ့ ယွန်းရယ်၊ ကိုယ်ပေါ့ဆလို့ ဖြစ်ရတာ ပါ၊ ယွန်းနဲ့မဆိုင်ပါဘူး"

"ယွန်းနဲ့ လက်ထပ်ဖို့ ရည်ရွယ်ပြီး လုပ်တဲ့အလုပ်မို့ ဒီလို ဖြစ်ရတာပါ သိင်္ဂါရရယ်"

စိတ်ဓာတ်ကျလာရတာမို့ ယွန်းရဲ့အသံလေးက ဖျော့ တိမ်ဝင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သိင်္ဂါရက ယွန်းရဲ့ပခုံးလေးကို အသာအယာ
ပွေ့ကာ သူ့ပခုံးမှာ မှီစေပြီး ယွန်းရဲ့ ဆံပင်လေးတွေကို အ
ဖွဖွ ပွတ်သပ်ပေးရင်း ချော့မော့နှစ်သိမ့်နေသည်။

ယွန်းသည် သိင်္ဂါရရဲ့ ပခုံးစွန်းမှာ မေးမှီငြိမ်သက်
ရင်း ယွန်းအိတ်ထဲက မြားနတ်မောင်ရုပ်ကလေးကို သတိရလာ
မို့ ထုတ်ယူလိုက်ပြီး ကိုင်တွယ်ပွတ်သပ်ကြည့်နေမိသည်။ ဒီအ
ကလေး ဆောင်ထားပေမယ့်လည်း ယွန်းမှာ ကံကောင်းမှု
မရခဲ့။ ဒီတစ်ခါတော့ အရုပ်ကလေးက ယွန်းကို ပြုံးမိလာအော
မစွမ်းဆောင်နိုင်ချေ။

ယွန်းက အရုပ်ကလေးကိုမြှောက်ယူကာ တန်းလ
ဆွဲ၍ ကြည့်နေဆဲ သိင်္ဂါရက အရုပ်ကလေးကိုမြင်သွားကာ

"ဟင် ... ယွန်း ဒါလေး ဘယ်ကရလဲ ..."

"ယွန်း ကောက်ရထားတာ"

"ကိုယ် ပျောက်သွားတဲ့ သော့ချိတ်လေးနဲ့ တူလိုက်တ
ကိုယ့်ကိုပြပါဦး"

သိင်္ဂါရက အရုပ်ကလေးကို အသေအချာကြည့်
အံ့ဩသွားရကာ ...

"ယွန်း ... ဒါ ဘယ်ကကောက်ရတာလဲ၊ ဘယ်လော
ကြာပြီလဲ ..."





"လွန်ခဲ့တဲ့ ငါးနှစ်လောက်ကတည်းက အကြားအမြင်ခန်း
တစ်ခုက အပြင်မှာ ကောက်ရထားတာ၊ ကောက်ရတုန်း
က ဒိုင်ယာရီ သော့သေးသေးလေး တစ်ချောင်းတောင်
ပါသေးတယ်"

"အံ့ဩစရာပဲ ယွန်းရယ်၊ အဲ့ဒါ ကိုယ့်သော့ချိတ်လေးပဲ၊
ကိုယ်လည်း လွန်ခဲ့တဲ့ ငါးနှစ်လောက်က အကြားအမြင်
ခန်းက အပြင်မှာ ပျောက်ခဲ့တာ ..."

"သော့ချိတ်လေးက ယွန်းရဲ့ သိုးမွေးအိတ်မှာ ငြိပါလာတာ"

"ဒါဆို ... ကိုယ်တို့နှစ်ယောက်က လွန်ခဲ့တဲ့ ငါးနှစ်လောက်
ကတည်းက ဆုံဖူးခဲ့ကြတာပေါ့၊ ကိုယ့်အထင်တော့ ကိုယ်
က အထွက်၊ ယွန်းက အဝင်မှာ ငြိပါသွားတာဖြစ်နိုင်တယ်၊
ဒါနဲ့ ယွန်းက အဲ့ဒီမှာ အကြားအမြင်သွားမေးတာလား"

"မဟုတ်ပါဘူး၊ ယွန်းအစ်မ မေးတာကို အဖော်လိုက်ပေး
တာ၊ အဲဒါတောင်မှ ပြန်ခါနီးတော့ အကြားအမြင်ဆရာမ
က ယွန်းကို ဖမ်းဟောလိုက်သေးတယ်"

"ဟုတ်လား ... ဘာတွေဟောလဲ ..."

"ယွန်း အိမ်ထောင်ပြုမယ်ဆိုရင် အခက်အခဲတွေ ကြုံရလိမ့်
မယ်တဲ့၊ အဲဒီတုန်းကတော့ မယုံပါဘူး၊ ခုတော့ ... ယုံရ
တော့ မလိုလိုပဲ၊ ဒါပေမယ့် သူဟောတာမှန်သမျှ အဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ချည်းပဲတော့ ဟုတ်ပုံမရပါဘူး၊ မမ နီလာကို သူ့ရည်း
ညားမယ်လို့ ဟောလိုက်ပေမယ့် ညားမှမညားတာ၊
မမနီလာက တခြားတစ်ယောက်နဲ့ အိမ်ထောင်က
နိုင်ငံခြားတောင် ပါသွားပြီ၊ သိင်္ဂါရကရော အဲဒီတုန်း
အဲဒီကို ဘာလာလုပ်တာလဲ၊ အကြားအမြင် လာမေးတာ
လား ...”

“ကိုယ့်သူငယ်ချင်းတွေက စာမေးပွဲ အောင်မအောင်
မယ်ဆိုလို့ ကိုယ်ပါ လိုက်သွားမိတာ၊ ဒါပေမယ့်
အခန်းထဲရောက်တော့ အာရုံတွေနောက်လာလို့ ပြန်အထွ
မှာ ဆရာမက နောက်ကနေ လှမ်းခေါ်ပြီး ဟောလိုက်တာ”

“ဘာဟောလဲဟင် ...”

“ကိုယ်က သူတစ်ပါးကို ကံကောင်းစေတဲ့သူတဲ့၊ ဒါပေမ
ကိုယ်ကိုယ်တိုင်ကျတော့ ကံမကောင်းဘူးတဲ့”

ယွန်းက ငိုင်သွားကာ ...

“ဟုတ်တယ်နော် ...၊ သူဟောသလိုပဲ၊ မောင်လည်း
မကောင်းရှာဘူး”

“ဘာလို့ ကံမကောင်းရမှာလဲ”

“မောင် ကံမကောင်းလို့သာ ယွန်းနဲ့တွေ့တာပေါ့”

“ပေါက်ကရတွေ လျှောက်မတွေးနဲ့ကွာ၊ မောင်လည်း





တွေမှတ်မထားဘူး၊ စကားစပ်မိလို့သာ ပြောပြတာ၊ ယွန်း
က မောင့်ကိုချစ်နေသမျှ မောင်လည်း ကံကောင်းနေတာပဲ၊
ယွန်းမချစ်တော့ရင်သာ ကံဆိုးသွားမှာ”

“ယွန်း စိတ်သက်သာရာရအောင် မောင် အရမ်းပြောတတ်
တာပဲ”

“မောင်တို့နှစ်ယောက်မှာ ရေစက်တော့ ရှိမှာသေချာတယ်၊
ဒီသော့ချိတ်လေး ငြိလာပုံက အရမ်းထူးဆန်းတယ်၊ မောင်
တို့ နှစ်ယောက်က ညားကိုညားမှာ ယွန်းရဲ့”

“ယွန်းလည်းလေ ... အဲ့ဒီအချိန်ကတည်းက ဘာဖြစ်လို့မှန်း
မသိဘူး၊ ဒီသော့ချိတ်လေးကို တွေ့တွေ့ချင်း အရမ်းသဘော
ကျသွားတာ၊ ဒီအရုပ်ကလေးက ယွန်းကို ကံကောင်းမှုနဲ့
ပျော်ရွှင်မှုတွေ ပေးလိမ့်မယ်လို့ ယုံကြည်နေခဲ့တာ၊ တစ်နေ့
မှာ ယွန်းချစ်ရမယ့်သူရဲ့ ပစ္စည်းလေးမို့လို့ ယွန်း အဲ့ဒီလို
ခံစားမိတာ ထင်တယ်နော်”

“ဒါပေါ့ ယွန်းရယ် ...”

ယွန်းက အားတက်သရောပြောပြီး မောင်က တက်
က်ကြွကြွ ထောက်ခံ၏။

ယွန်းတို့သည် ထိုသော့ချိတ်ကလေးကို မြှောက်ကိုင်
ကာ ချာချာလည်လှည့်၍ ပြုံးကြည့်နေရင်း ‘ရေစက်’ ဆိုတာကို



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်နေခဲ့ကြသည်။ ထိုယုံကြည်မှုကြောင့်ပင် အခက်အခဲ
ကို မေ့ပစ်လိုက်နိုင်လေသည်။

❦ ❦ ❦





♠ ♠ ♠

ယွန်းနှင့် သိင်္ဂါရတို့သည် နှစ်ယောက်သား နီးရဖို့အတွက် ကြံရာမရသောအခါ ...

"အကြံကုန် ဂဠုန်ဆားချက်နည်း ..."

ကို အသုံးပြုဖို့ ဆုံးဖြတ်လိုက်ကြလေသည်။

ထိုနည်းမှာ လူကြီးတွေရဲ့ အားနည်းချက်ကို 'အပိုင်ချည်' သည့် နည်းပင်ဖြစ်သည်။

ယွန်းအိမ်က လူကြီးမိဘတွေ၊ အစိုးရိမ်ဆုံးအချက်မှာ သူတို့သမီးပျိုလေး 'ခိုးရာလိုက်ပြေးခြင်း'ဖြစ်သည်။

သိင်္ဂါရ မေမေ အစိုးရိမ်ဆုံးအချက်မှာ အိမ်နှင့်ခွဲခွာ၍ 'နိုင်ငံခြားတွင် အလုပ်သွားလုပ်ခြင်း' ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယွန်းတို့သည် ထိုအားနည်းချက်များကို သိထားကြသူများပီပီ ယွန်းကအရင် အိမ်ကလူကြီးတွေ အသည်းယားလာအောင် စကားဦးသမ်းလိုက်လေသည်။

"မေမေ ... ဟိုတလောလေးက ယွန်း သူငယ်ချင်း တစ်ယောက် ခိုးရာလိုက်သွားတယ် သိလား"

ယွန်းစကားကို ကြားလိုက်ရသော အိမ်ရှိလူကြီးအပေါင်းက စိုးရိမ်မကင်းသော မျက်ဝန်းကြီးများဖြင့် ယွန်းဆီဖြိုင်တူလှမ်းကြည့်လိုက်ကြသည်။

"အဲ ... အဲ ... ဒီတော့ ဘာဖြစ်လဲ"

"ဘာမှမဖြစ်ပါဘူး၊ စပ်မိစပ်ရာ ပြောလိုက်တာပါ"

ယွန်းက တောင်လိုလို မြောက်လိုလို ဟိုစာအုပ်ဖတ်သလို ဒီစာအုပ်ဖတ်သလိုလုပ်ပြီးမှ လူကြီးတွေရဲ့ မြင်ကွင်းအောက်က အမြန်ထွက်ခွာလာပါသည်။

ယွန်း စကားကြောင့် အိမ်က လူကြီးတွေလည်း အန္တရာယ်အငွေ့အသက် ရသွားပုံဖြင့် မကြာခဏ ခေါင်းချင်းဆိုင်၍ တွတ်ထိုးတိုင်ပင်ကြလေသည်။

နောက် တစ်ရက် နှစ်ရက်ကြာလျှင် ယွန်းက မီးဖိုချောင်ဝင်နေသည့် မေမေ့အနားသွားကာ ကြက်သွန်လှီးပေးနေရင်း

"မေမေ အိမ်မှုကိစ္စတွေအမြဲလုပ်ရတော့ ပင်ပန်းလားဟင်"





"မပင်ပန်းပါဘူး၊ လက်တိုလက်တောင်းခိုင်းဖို့ ကောင်မလေးလည်း ရှိတယ်၊ သမီး ကြီးကြီးတို့ ဒေါ်လေးငယ်တို့လည်း တစ်လှည့်စီ လုပ်နေကြတာပဲ"

"အိမ်ဖော်မထားဘဲ အိမ်ရှင်မကိုယ်တိုင်လုပ်တော့ စီးတဲ့ရေဆည်တဲ့ကန်သင်း ဖြစ်တာပေါ့နော်"

"အေးပေါ့ ..."

"သမီးကို ဟင်းချက်သင်ပေးပါလား မေမေ ..."

"အေး ... သင်ပေးမယ်လေ၊ ဟင် ... ယွန်း ... ညည်း"

မေမေက အလွယ်တကူ ခေါင်းညိတ်ပြီးမှ ယွန်းရဲ့ဆိုလိုရင်းကို သဘောပေါက်သွားကာ ယွန်းကို မယုံသင်္ကာမျက်လုံးပြူးကြီးဖြင့် လှမ်းကြည့်လိုက်လေသည်။ ယွန်းကလည်း မသိနားမလည်သည့် မျက်နှာထားလေးဖြင့် မေမေ့ကို ပြန်ကြည့်ရင်း ...

"ဘာလဲဟင် မေမေ၊ ဘာပြောမလို့လဲ ..."

"ဘာမှမပြောဘူးအေ၊ သွား ... သွား ..."

ဟု စိတ်ရှုပ်သလို နှင်ထုတ်လိုက်တော့မှ ယွန်းက မေမေ မမြင်အောင် ကျိတ်ရယ်ရင်း မီးဖိုချောင်ထဲမှ ပြန်ထွက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယွန်း ပြန်ထွက်လာပြီး မကြာခင် မေမေလည်း ပျာယီးပျာယာပုံစံဖြင့် ဘွားဘွားအခန်းထဲ ဝင်သွားတာကို လှမ်းမြင်လိုက်ရသည်။ ယွန်းအကြောင်း သွားပြောပြမှာပေါ့။ ခဏနေတော့ ကြီးကြီးနှင့် ဒေါ်လေးငယ်လည်း ဘွားဘွားအခန်းထဲ လိုက်ဝင်သွားကြသည်။ ယွန်းက အရိပ်အယောင် စကားလေးတစ်ခွန်း ပြောလိုက်တာနှင့် လူကြီးတွေ ခေါင်းချင်းရိုက်ကြတော့တာပင်။

နောက် သုံးလေးရက်နေတော့ ယွန်းက ကလေး ကင်ပွန်းတပ် ဖိတ်စာလေး ယူလာကာ ...

"မေမေရေ ယွန်းရဲ့ ဆယ်တန်းတုန်းက သူငယ်ချင်း သီဂီလေ၊ မေမေမှတ်မိတယ် မဟုတ်လား"

"အေး ... မှတ်မိပါတယ်၊ ဆယ်တန်းတုန်းက သမီးနဲ့အတူ စာလာလာကျက်နေတဲ့ ကလေးမလေး မဟုတ်လား"

"အခု သူက ကလေးမလေး မဟုတ်တော့ဘူး မေမေရေ၊ လူကြီးမကြီးဖြစ်နေပြီ၊ ဒီဖိတ်စာက သူ့ကလေး ကင်ပွန်းတပ် ဖိတ်စာ၊ သူလည်း အိမ်ထောင်ပြုခါစက အရမ်းဒုက္ခရောက်ခဲ့ရတာ၊ ကျောင်းမပြီးသေးဘဲ ခိုးရာလိုက်ပြေးတာလေ၊ သူလည်း ခိုးရာတော့ ဘယ်လိုက်ချင်ပါ့မလဲ၊ သူ့အိမ်က လူကြီးတွေကို ဖွင့်ပြောပြရှာပါသေးတယ်၊ လူကြီးတွေက လက်ခံရင်တော့ တစ်မျိုးပေါ့လေ၊ လက်မခံတော့လည်း





ခိုးရာလိုက်ရရှာတာပေါ့၊ ခုတော့လည်း အားလုံး အဆင်ပြေသွားပါပြီ၊ သူ့သားလေးကလည်း တစ်တစ်ရစ်ရစ်နဲ့ အရမ်းချစ်စရာကောင်းတော့ နှစ်ဖက်မိဘတွေက ဝိုင်းပြီး ဖူးဖူးမှုတ်နေကြတာ ..."

ယွန်းပြောသမျှကို နားထောင်နေသော မေမေ့ မျက်လုံးက ပြူးသထက် ပြူးလာသည်။ ယွန်းသည် စကားဆုံးသည်နှင့် ပြူးကြောင်ငြိမ်သက် အတွေးနက်နေသော မေမေ့ရှေ့သို့ ကင်ပွန်းတပ် ဖိတ်စာလေးကို တရိုတသေချပေးပြီး အသာလစ်ထွက်လာခဲ့တော့သည်။

နောက်တစ်နေ့မှာတော့ လူကြီးတွေအားလုံး ဧည့်ခန်းမှာ ဝိုင်းထိုင်နေကြရင်းက ...

"ဟဲ့ ... ယွန်း၊ လာဦး ... ဒီနားကို ..."

ဟု လှမ်းခေါ်လိုက်ကြသည်။ ယွန်း သူတို့ရှေ့ရောက်တာနှင့် အားလုံးဝိုင်း၍ လိမ်ဆွဲတွန်းထိုး ထိပ်ခေါက်ကြရင်း ...

"ခိုးရာလိုက်ဖို့တော့ နည်းနည်းလေးမှ မစဉ်းစားနဲ့၊ ညည်းလူကို လာတောင်းခိုင်းလိုက်"

ဟု လေသံမာမာဖြင့် ပြောလေသည်။

ယွန်းသည် စိတ်ထဲကနေ 'အောင်ပြီကွ' ဟု ကြွေးကြော်ရင်းက အသာတကြည် လိမ်ဆွဲခံလျက် ဘွားဘွားရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံးဝဝကြီးကို ပြေးဖက် ခေါင်းအပ်ကာ တစိမ့်စိမ့်ပြုံးမိနေတော့သည်။

သိင်္ဂါရရေ ...

ယွန်းတို့မှာ ရေးရေစက် ပါတယ်ဆိုတာ သေချာပါတယ်။ ယွန်းတို့ လက်ထပ်ဖြစ်ကြမယ်လို့ ယွန်းယုံပါတယ် ယွန်းရဲ့ သတို့သားရယ် ...။





"မေမေ ... သား နိုင်ငံခြားသွားပြီး အလုပ်လုပ်ချင်တယ်"

"ဟဲ့ ... ဘာစိတ်ကူးပေါက်ပြီး ဒီစကားပြောတာလဲ ..."

သိင်္ဂါရက တိုးတိုးသက်သာလေးပြောပေမယ့် မေမေ
အထိတ်တလန့်ကြီး ဖြစ်သွားသည်။

"မေမေ သဘောမတူတဲ့ ယွန်းကိုလည်း မယူပါဘူး မေမေ၊ ဒီမှာဆက်နေရင်တော့ သူ့ဆီ စိတ်ပြန်မလည်ဘူးလို့ သား အာမ မခံနိုင်ဘူး၊ အဲဒါကြောင့် နိုင်ငံခြားမှာပဲ အလုပ်သွားလုပ်ချင်တာပါ"

"ဟိုမှာ ဘာအလုပ်လုပ်လို့ ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



“ဘာဖြစ်ဖြစ်ပေါ့ မေမေရယ်၊ လောလောဆယ်တော့ ပန်းကန်ဆေး၊ ကားမောင်း၊ သီချင်းကွေး ... ဘာပဲ ဖြစ်ဖြ သား လုပ်နိုင်ပါတယ်”

“ဟဲ့ ... လုပ်စရာလား ဒါမျိုးကို ...”

“နောက်တော့လည်း တခြားအလုပ်ပြောင်းမှာပေါ့၊ အလုပ် လုပ်ရင်း ကျောင်းတစ်ခုခုတက်မယ်၊ သား ဟိုမှာအဆင် ပြေပြီး ပိုက်ဆံတွေအများကြီးရရင် မေမေ့အတွက် လတိုင်း ငွေပို့ပေးမယ်၊ မေမေ လှူချင်သလောက် လှူ၊ စားချင် သလောက် စား၊ မေမေ ဗိုလ်ချုပ်ဈေးက အထည်ဆိုင်လည်း ထွက်စရာမလိုတော့ဘူး၊ သားပို့တဲ့ပိုက်ဆံနဲ့ တစ်သက်လုံ သာ ထိုင်စားပေတော့ပဲ၊ သားကတော့ ဟိုမှာပဲ ဟိုက မိန်းမတစ်ယောက်နဲ့ အိမ်ထောင်ကျချင် ကျသွားနိုင်တယ် ဆိုတော့ တစ်နှစ် နှစ်နှစ်ကြာရင် တစ်ခါလောက်တော့ အလည်ပြန်လာမှာပေါ့ ...”

“ဟဲ့ ... အမလေး ... မင်းစကားတွေ ကြားရတာ ငါ ကျော ချမ်းလိုက်တာ၊ မင်းက ငါ့ကို အထီးကျန်ပြီး သေအောင် လုပ်မလို့လား၊ ငါလည်း မသေခင် သားနဲ့ ချွေးမနဲ့ မြေ တွေနဲ့ သိုက်သိုက်ဝန်းဝန်း နေချင်သေးတာပေါ့ဟဲ့၊ ဟို





လူမျိုးမတူ ဘာသာမတူတဲ့ တိုင်းတစ်ပါး မိန်းမကိုများ မင်းက ယူချင်သေးတာလား”

“ဖူးစာပါရာပေါ့ မေမေရာ၊ အဆင်ပြေရင်တော့ ယူရမှာ ပေါ့၊ ကိုယ်ချစ်တဲ့ သူနဲ့မှ ယူဖို့အဆင်မပြေတာ ...”

“သား ... မင်း မေမေ့ကို အကြပ်ကိုင်နေတာလား”

“ခင်ဗျာ ... မဟုတ်ပါဘူး မေမေရ၊ သားက သားဘဝ တိုးတက်မယ့်လမ်းကို လျှောက်ချင်တာပါ၊ မေမေ အထီး ကျန်မှာကြောက်ရင် သား ဟိုမှာ အခြေကျရင် မေမေ့ကို လှမ်းခေါ်လိုက်မှာပေါ့”

“မင်းက ဘယ်လောက်ကြာမှ အခြေကျမှာလဲ၊ နောက် ဆယ်နှစ်လား၊ ဆယ့်ငါးနှစ်လား၊ ဒီကြားထဲမှာ ငါတစ် ယောက်တည်း ဘယ်လိုနေရမလဲ၊ မင်း အခြေကျတဲ့ အချိန် အထိ ငါ့အသက်ရှည်နေဖို့ကရော သေချာလို့လား၊ အသက် ရှည်နေခဲ့ရင်တောင်မှ သူများ တိုင်းပြည်မှာ လိုက်မနေချင် ပါဘူး၊ လူမျိုးစပ် မြေးတွေလည်း မထိန်းချင်ပါဘူး”

မေမေက ခါးခါးသည်းသည်း တားမြစ်လေ သိင်္ဂါရ ရောက်အောင်ဖို့ နီးကပ်လာလေပင်။

သိင်္ဂါရသည် မေမေ ကြားသာမြင်သာအောင် နိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com



ခြားသွားဖို့ကိစ္စတွေကို ဖုန်းဆက်မေးမြန်းလိုက်၊ နိုင်ငံခြားသွား
စီစဉ်နေသည့် သူငယ်ချင်းတွေကို အိမ်အလည်ခေါ်ပြီး ဟောင်
ဟောင်ဖွာ တိုင်ပင်လိုက်ဖြင့် အလုပ်တွေ ရှုပ်ပြနေသည်။

နောက်ဆုံးတော့ မေမေသည် ယွန်းရဲ့ ဘီလူးနက္ခ
က မခိုက်ရသေးခင် လောလောဆယ်မှာ ဘူကို့သားအမိအ
အခြေပျက် ထိခိုက်ရတော့မည့် အဖြစ်ကို ချောက်ချားလာ
ယွန်းနဲ့ လက်ထပ်ဖို့ သဘောတူလိုက်ရတော့သည်။





နှစ်ဖက်မိဘတွေ ခပ်အင်အင် သဘောတူကြပြီးသော
ါ လောလောဆယ်မှာ စေ့စပ်ပွဲလေး ကြိုလုပ်ထားပြီး နောက်
လအကြာမှ လက်ထပ်ကြဖို့ စီစဉ်လိုက်ကြလေသည်။

လောလောဆယ်မှာတော့ စေ့စပ်ပွဲအတွက် စ
ဉ်ရလေသည်။

စေ့စပ်ပွဲကို ယွန်းတို့ခြံထဲမှာပင် လုပ်ဖို့ဆုံးဖြတ်လိုက်
၏။ နှစ်ဖက်အရင်းအချာ မိတ်ဆွေတော်တော်များများကို ဖိတ်
ားမည့်ပွဲ မို့ ကျွေးမွေးဧည့်ခံဖို့ကိစ္စတွေအတွက် ယွန်း မေမေ
 အလုပ်ရှုပ်နေပြီး ယွန်းတို့ကတော့ စေ့စပ်ပွဲမှာ ဝတ်မည့်
တ်အစားကိစ္စ၊ မင်္ဂလာပွဲမှာဝတ်ဖို့ ဝတ်စုံကြိုအပ်ရမည့် ကိစ္စ
ကို စဉ်းစားရွေးချယ်ကြရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာရောင်လေးဝတ်ရင် ကောင်းမလဲဟင် သိဂ်္ဂါရ"
"ပန်းဖျော့ဖျော့အရောင်လေးဝတ်ပါလား၊ ပန်းရောင်
ယွန်းနဲ့လိုက်တယ်၊ ပေါ့ပေါ့ပါးပါးဖြစ်အောင် ဂါဝန်
ရှည်လေးပဲ ချုပ်အပ်လိုက်ပေါ့၊ မောင်လည်း ပန်းေ
ရှပ်လက်ရှည်နဲ့ စတိုင်လ်ဘောင်းဘီ အနက်လေးပဲ ပေါ့
ပါးပါး ဝတ်လိုက်မယ်၊ နှစ်ဖက်မိဘ ညှိနှိုင်းကြတုန်းက
ရိုးရိုးယဉ်ယဉ်ဝတ်ဖို့လိုတာမဟုတ်လား၊ ဒါက ဧ
ကြောင်း အသိပေး ဧည့်ခံပွဲပဲ၊ ပေါ့ပေါ့ပါးပါးဝတ်လို့
တယ်၊ ယွန်းက ဘယ်ဒီဇိုင်နာဆီမှာ အပ်မှာလဲ"
"ယွန်းက နာမည်ကြီး ဒီဇိုင်နာတွေဆီမှာ မအပ်တော့
လို့ စဉ်းစားထားတယ်၊ ယွန်းသူငယ်ချင်းရဲ့ အစ်မ
ယောက်ရှိတယ်၊ နာမည်မကြီးသေးပေမယ့် လက်ရာအ
ကောင်းတယ်၊ သူ နိုင်ငံခြားကနေ ဖက်ရှင်နဲ့ ပတ်သက်
ဒီပလိုမာ သွားယူထားတာ မကြာသေးဘူး၊ လုပ်ငန်းခ
တွေလည်း စီစဉ်နေတယ်လေ၊ သူ့လက်ရာ ယွန်းဝ
တယ်၊ ယွန်း သူ့လက်ရာပဲ ကြိုက်တယ်၊ စေ့စပ်ပွဲအတ
ရော၊ မင်္ဂလာပွဲအတွက်ပါ သူ့ဆီမှာပဲ အပ်လိုက်တော့
သူက စေ့စပ်ပွဲအတွက်လည်း အမြန်ချုပ်ပေးနိုင်တယ်
"ယွန်း သဘောပဲလေ ..."





ခုချိန်ထိ ယွန်းတို့ မင်္ဂလာကိစ္စတွေ စီစဉ်ရာမှာ
ခက်အခဲမရှိသေးတာမို့ ယွန်းတို့က 'အစွဲတွေအားလုံး ပြောင်းထဲ
ာက်သွားပြီ' ဟု ယူဆ၍ ပျော်ရွှင်နေကြလေသည်။
စေ့စပ်ပွဲမတိုင်ခင် နှစ်ရက်အလိုမှာ ယွန်းအတွက်
းရောင်ဂါဝန်လေး ချုပ်ပြီးသွားခဲ့ပြီမို့ ယွန်းက ဝတ်ကြည့်ရင်း
ရှိလူကုန်ကို လှည့်ပတ်ကြွားနေသည်။
"ကြီးကြီးရေ ... ကြည့်ပါဦး၊ ယွန်းလှလား"
"လှပါတယ် ... လှပါတယ်"
"မေမေ ... ယွန်းလှတယ်မဟုတ်လား"
"လှပါတယ်၊ လှပေမယ့် သိပ်တော့ ကြည့်မရဘူး၊ လူကြီး
တွေကို ခိုးရာလိုက်မယ်လို့ ခြိမ်းခြောက်ပြီး သဘောမတူ
တူအောင်လုပ်တာ မသိဘူးများ အောက်မေ့နေလား"
"အဟင်းဟင်း ... မခြိမ်းခြောက်ပါဘူး မေမေရယ်"
"မသိရင် ခက်မယ်"
ယွန်းက မေမေ့ကို ပါးတစ်ချက်နမ်း၍ ချော့လိုက်
ါဝန်စလေး မ,၍ ဘွားဘွားဆီပြေးသွားဖက်လိုက်ပြန်ရင်း ...
"ဘွားဘွားကြီး ... ဘွားရဲ့မြေးမလေးကို ကြည့်ပါဦး၊ အရမ်း
အရမ်း လှတယ်ဟုတ် ..."



www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွားက သဘောကျသလို ကြည့်လိုက်ပြီး ဂရုမစိုက်သလိုပုံစံဖြင့် မျက်နှာလွှဲသွားရင်း ...

"ဂါဝန်ကြီး တဖားဖားနဲ့ ကြည့်မရပါဘူး၊ ညည်းအမေ ခေတ်စပ်တုန်းက ညည်းထက်တောင်လှသေး ..."

ဘွားဘွား ကျီစယ်မှန်းသိ၍ ယွန်းက ပြုံးစိစိလေး လုပ်ရင်း ဘွားဘွားကို လှမ်းနမ်းလိုက်သည်။

"ဟဲ့ ... ဟဲ့ ... ဒီကောင်မလေးဟာ ခုတလော တော်တော် အနမ်းသန်နေပါလား ..."

"လေ့ကျင့်နေတာလားမှ မသိတာ ..."

မေမေက မျက်စောင်းတစ်ချက်ဖြင့် လှမ်းပြောတာ မို့ ယွန်းက နှာခေါင်းလေး ရှုံ့လိုက်ရင်း ...

"မေမေ့တုန်းကရော လေ့ကျင့်ခဲ့ရသေးလားဟင်"

"ဟဲ့ ... ဘာတွေလျှောက်ပြောနေတာလဲ"

"ဟီဟိ ... တို့မေမေကြီး ရှက်သွားပြီ"

ယွန်းသည် လူကြီးတွေကြားထဲ လှည့်ပတ်၍ ရွှင်မြူး နောက်ပြောင်နေပြီးမှ ...

"သိင်္ဂါရကို ခေါ်ပြလိုက်ဦးမယ်"

ဟုပြောရင်း တယ်လီဖုန်းဆီ လျှောက်သွားလိုက်တာ





ရ တယ်လီဖုန်းနားမှာ ထိုင်နေသော ဒေါ်လေးငယ်က လှမ်းကြည့်ရင်း ...

"သူ တွေ့ပြီးပြီ မဟုတ်လား"

"မတွေ့ရသေးဘူး ကြီးငယ်"

"အတူတူ သွားယူလာတာ မဟုတ်ဘူးလား"

"မဟုတ်ဘူး ကြီးငယ်၊ ဝတ်စုံက အိမ်လာပို့ပေးသွားတာ၊ ဘာမှတောင် ပြင်စရာမလိုဘူး၊ အားလုံးကွက်တိပဲ၊ အဲ့ဒါကြောင့် အဲ့ဒီ အစ်မလက်ရာကို ယွန်းသဘောကျတာ၊ ကြီးငယ်တို့လည်း သဘောကျတယ် မဟုတ်လား"

"ကျပါတယ် ... ကျပါတယ်၊ ညည်းသဘောကျဖို့က ပို အရေးကြီးပါတယ်"

"သိင်္ဂါရ သဘောကျဖို့က ပိုအရေးကြီးတာ ကြီးငယ်ရဲ့ ..."

"ပိုလာပြီ၊ ကြည့်လို့မရတော့ဘူး"

ဒေါ်လေးငယ်က မျက်စောင်းတစ်ချက်နှင့် ထ,ထွက်သွားတာမို့ ယွန်းက ပခုံးလေးတွန့်ရင်း သိင်္ဂါရထံ ဖုန်းခေါ်လိုက်သည်။

"သိင်္ဂါရ ... ယွန်း ဝတ်စုံလေးရပြီသိလား၊ အရမ်းလှတယ်၊ အခု ယွန်း ဝတ်ထားတယ်၊ လာကြည့်ပါဦး"

"ပိုနေပြန်ပြီအေ၊ မနက်ဖြန်လည်း တွေ့ရမယ့် ဥစ္စာ ..."

www.burmeseclassic.com



ကြီးကြီးက အနားမှဖြတ်လျှောက်ရင်း ပွစိပွစိ ပြော သွားတာမို့ ယွန်းက ပခုံးလေးတွန့်မိပြီး အသံကို နည်းနည်းနှိမ့်ကာ ...

"လာကြည့်မယ် မဟုတ်လားဟင် သိင်္ဂါရ"

"လာမှာပေါ့ကွ ... ခုလာခဲ့မယ်၊ ယွန်းအိမ်က လူကြီးတွေတော့ ကိုယ်တို့နှစ်ယောက်ကို အမြင်ကတ်နေပြီထင်တယ်၊ ခုန လှမ်းပြောသွားတာ ကြားလိုက်တယ်"

"ဟိ ဟိ ... အဲ့လိုပဲ၊ ကြီးကြီးလေ ... အပျိုကြီးဆိုတော့ အမြဲ ဗျစ်တောက်ဗျစ်တောက် ရာကြဲပြောနေတာပဲ၊ လာခဲ့နော် သိင်္ဂါရ၊ ယွန်း စောင့်နေမယ်"

"အိုကေ ... ဆယ်မိနစ်အတွင်း ရောက်စေရမယ်"

သိင်္ဂါရက ဖုန်းချသွားပြီး နောက်ဆယ်မိနစ်အကြာမှာ ရောက်လာတာမို့ လူကြီးတွေက မျက်စောင်းအသီးသီးဖြင့် ညှော်ခံနေမှ ရှောင်ဖယ်သွားလေသည်။

ဂါဝန် အနားစလေးတွေ ပါကောကြမ်းပြင်ပေါ် ပုံအိကျလျက် ဆိုဖာပေါ်မှာ ပုံ့ပုံ့လေး ထိုင်နေသော ယွန်းကို သိင်္ဂါရက ရင်သပ်ရှုမော ငေးရင်း ယွန်းထံ လျှောက်လာသည်။ ယွန်းအနားရောက်တော့ သိင်္ဂါရက လက်ကမ်းပေးလိုက်တာမို့ ယွန်းက





တ်တတ်ရပ်ပြီး သူ့လက်ကိုတွဲလျက်ပင် ခန္ဓာကိုယ်လေးကို ာစ်ပတ်လှည့်ပြလိုက်သည်။

"လှတယ် ... ဟုတ် ..."

"အရမ်းလှတယ် ယွန်း"

"ဒါတောင် မိတ်ကပ်တွေ ... ဆံပင်တွေ ပြင်ရသေးတာ မဟုတ်ဘူးနော်"

"အဲ့ဒါတွေပါ ပြင်ပြီးရင် ကိုယ်တော့ ရပ်တည်နိုင်မှာမဟုတ်တော့ဘူး"

"ဘာဖြစ်လို့လဲ ..."

"ယွန်းအလှက ဖမ်းစားလိုက်လို့ နှလုံးလေဟပ်ပြီး မတ်တတ်ကနေ မေ့လဲသွားနိုင်တယ်လေ ..."

"ဒါတော့ ပိုပြီ ဆရာ"

ယွန်းက ဆိုဖာပေါ် ပြန်ထိုင်လိုက်သည်။ သိင်္ဂါရကလည်း ယွန်းအနားမှာထိုင်ကာ တွတ်တီးတွတ်တာ ပြောလို့မဆုံးနိုင်သေးခင်ပဲ နောက်ဖေးဆီက ကြီးကြီးရဲ့အသံကျယ်ကြီးကို ကြားလိုက်ရသည်။

"ဟဲ့ ... ငါ့နှာခေါင်းထဲ ညှော်နံ့လိုလိုရတယ်၊ တစ်ခုခုကို မီးလောင်နေသလိုပဲ၊ ပူစူးရေ ... မီးဖိုချောင်ထဲကို သေချာစစ်စမ်း၊ မီးဖိုတွေ ဘာတွေ ဖွင့်ထားမိလား"



www.burmeseclassic.com

www.burmeseclassic.com



"သေချာပိတ်ထားပါတယ် ကြီးကြီး"

"စစ်စမ်း … စစ်စမ်း … မီးဖိုချောင်ထဲ သေချာစစ် …"

"ဟုတ်ကဲ့ ကြီးကြီး …"

"မမ … ဘာဖြစ်လို့လဲ"

"ညှော်နံ့ရနေလို့ …"

"အင်း … ဟုတ်တယ်နော်၊ အဝတ်စ မီးလောင်သလို အနံ့မျိုးကြီး …"

ကြီးကြီးက ဆော်သြတာမို့ မေမေရော ဒေါ်လေးငယ်ရာ ဘွားဘွားပါ အခန်းထဲက ထွက်လာပြီး မီးဖိုချောင်ထဲ ဝင်သွားကြသည်။

ယွန်းတို့ကတော့ ညှော်နံ့လည်းမရ၊ သူများ တကာတွေ ရုတ်ရုတ်သဲသဲ ရှာဖွေစစ်ဆေးနေတာတွေကိုလည်း စိတ်မဝင်စားဘဲ ချစ်သူနှင့်အတူထိုင်ကာ စကားတွတ်ထိုးရင်း အားလုံးကို မေ့နေသည်။

ခဏနေတော့ နောက်ဘက်မှာ ရုတ်ရုတ်သဲသဲဖြစ်နေသော အသံတွေက ညှော်ခန်းဘက်ရွေ့လာကာ …

"အနံ့က ညှော်ခန်းဘက်ကလာနေတာ၊ ယွန်း ညည်းတို့ ညှော်နံ့တွေ ဘာတွေ မရဘူးလား"

"ဟင့်အင်း … မရပါဘူး မေမေ"





နည်းနည်း ပါးစပ်ဆိုးသော ကြီးကြီးက …

"ဘယ်ရမလဲ … ကိုယ့်နှာခေါင်းထဲမှာတင်ကိုယ် မွှန်ထွန်နေတာကိုး"

ဟု တီးတိုးပြောပြီး ညှော်ခန်းတစ်ဝိုက် ဆိုဖာကြိုဆိုဖာကြားတွေကို လိုက်ကြည့်နေသည်။

"ဟင် … မီးခိုးတွေ … မီးခိုးတွေ ဒီနားက ထွက်နေတာပါလား"

ဒေါ်လေးငယ်က အလန့်တကြားအော်ရင်း ယွန်းနား ပြေးကပ်လာကာ ကြမ်းပြင်ပေါ် ပုံကျနေသော ယွန်းရဲ့ဂါဝန်စကို ငုံ့အကြည့်မှာ ယွန်းရဲ့ ဂါဝန်ဆီမှ မီးခိုးလေးတွေ အူနေတာကို တွေ့လိုက်ရလေသည်။

ယွန်း ကြောင်နေဆဲမှာ မေမေက ယွန်းရဲ့ ဂါဝန်စကို ဆွဲမလိုက်ရာ ဂါဝန်အောက် ဆိုဖာကြားမှာ တငွေ့ငွေ့လောင်ကျွမ်းနေသော ခြင်ဆေးခွေတစ်ခွေကို တွေ့လိုက်ရတော့သည်။

"အမလေး … ဂါဝန်စကို မီးစွဲနေတာ၊ ရေ … ရေ ယူလာခဲ့ကြစမ်း"

"ယွန်း … ငြိမ်ငြိမ်နေ၊ ငြိမ်ငြိမ်နေ …"

"ဟော … ဒီခြင်ဆေးခွေကို ဒီနေရာမှာ ဘယ်သူထွန်းသွားတာလဲ၊ ပူရူးမ … လာစမ်း … ဒါ ညည်းလက်ချက်လား"

www.burmeseclassic.com



"ဟုတ် ... ဟုတ်ကဲ့၊ ခြင် ... ခြင်တွေ့တာနဲ့ ထွန်းထားမိတာ"

"ဟဲ့ ... ခြင် ဘယ်လောက်တွေ့တွေ့ ခြင်ဆေးပဲဖြန်းပါ၊ ခြင်ဆေးမထွန်းပါနဲ့လို့ ငါ ဘယ်နခါပြောရမလဲ၊ လူမမြင်အောင် ဒီကြားထဲ ဖွက်ထွန်းထားတော့ ဒီလိုပဲဖြစ်မှာပေါ့၊ ယွန်းတို့ကလည်း ကိုယ့်ဂါဝန် မီးစွဲလို့စွဲမှန်းမသိဘူးလား၊ ညှော်နံ့ကို အဝေးကလူတောင် ရတယ်၊ ညည်းက မရဘူးလား"

"ရေ ... ရေရပြီ"

"လောင်းစမ်း ... လောင်းစမ်း၊ မီးထမတောက်သေးလို့ တော်သေးတာပေါ့၊ တငွေ့ငွေ့ စွဲရုံစွဲနေတာ"

"ဂါဝန်တော့ သွားပါပြီ၊ အဖျားတွေ မီးကျွမ်းနေပြီ"

ယွန်းရဲ့ ဂါဝန်အောက်ပိုင်းတစ်ခုလုံးကို ရေလောင်းချလိုက်ကြသည်။ အပြစ်တင်သံ၊ ဆူပွက်သံ၊ ဝေဖန်သံတွေ ပွက်ညံနေသည်။ ယွန်းသည် အားလုံးရဲ့အလယ်မှာ ကြောင်စီစီလေး ရပ်တန့်ရင်း အဖျားတွေ မီးကျွမ်းနေသည့် ဂါဝန်ကို ကြက်သေသေ၍ ငုံ့ကြည့်နေသည်။ ထို့နောက် ယွန်းတစ်ကိုယ်လုံး တုန်ရင်လာလေသည်။

"ယွန်း ... ယွန်း ..."





သိင်္ဂါရက နုံးဖျော့တုန်ရီနေသော ယွန်းခန္ဓာကိုယ်လေးကို ဖေးမထားလိုက်ရသည်။

"ခဏလေးဗျာ ... ခဏလေး၊ ယွန်း အရမ်းစိတ်ထိခိုက်သွားလို့ပါ၊ ဝတ်စုံက အရေးမကြီးပါဘူး၊ အဆင်ပြေသလို ကြည့်စီစဉ်လိုက်လို့ ရပါတယ်၊ ယွန်း ... အဲဒီလောက်ကြီး စိတ်ကို ဖျော့ချမထားနဲ့လေ ...၊ စိတ်ကို ထိန်းမှပေါ့၊ ဒီဂါဝန်ကို အရင်လဲပစ်လိုက်ဦးနော်"

သိင်္ဂါရက ယွန်းကို သူမအခန်းဘက်သို့ တွဲခေါ်လာခဲ့သည်။ ဒေါ်လေးငယ်က ယွန်းကို ကူညီဖို့ အခန်းထဲလိုက်ဝင်သွားသည်။

သိင်္ဂါရက အခန်းဝမှာ ရပ်စောင့်နေလိုက်ပါသည်။

ထိုအဖြစ်က တစ်အိမ်လုံးကို ရုတ်ရုတ်သဲသဲဖြစ်သွားစေသလို ယွန်းကိုလည်း ဖြူဖျော့သွားစေသည်။

ယွန်း အဝတ်လဲပြီး ပြန်ထွက်လာတော့ သိင်္ဂါရက ယွန်းကို ခြံထဲက ခုံလေးဆီ ဖေးမတွဲခေါ်လာပြီး အေးအေးဆေးဆေးထိုင်စေသည်။ ယွန်းက ပျာယွင်းညိုမှောင်နေသော မျက်နှာလေးဖြင့် အဝေးသို့ တိတ်ဆိတ်စွာ ငေးကြည့်နေပြီးမှ သိင်္ဂါရကို မော့ကြည့်လိုက်တော့ ယွန်းရဲ့မျက်လုံးအိမ်ထဲက မျက်ရည်စတချို့ လိမ့်ဆင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"သိင်္ဂါရ ... ဘာဖြစ်လို့ ဒီလိုဖြစ်ရတယ် ထင်လဲဟင်"

"မဟုတ်တာတွေ လျှောက်မတွေးပါနဲ့ ယွန်းရာ၊ ဒီကိစ္စက ကောင်မလေး နမော်နမဲ့နိုင်လို့ ဖြစ်ရတာပါ"

"အခက်အခဲက ပိုပိုကြီးလာနေသလိုပဲ၊ ယွန်းတို့ လက်ထပ်ဖြစ်ကြမှာပါနော်"

ယွန်းက တိမ်ဝင်ဖျော့တော့နေသော အသံလေးဖြင့် မေးလိုက်တာမို့ သိင်္ဂါရက ယွန်း ပါးပြင်ပေါ်က မျက်ရည်စီးကြောင်းလေးတွေကို သုတ်ပေးလိုက်ရင်း ...

"သေချာတာပေါ့ ... အားလုံးသေချာပြီးသားပဲ၊ အဲ့ဒီလောက် မစိုးရိမ်ပါနဲ့ မောင့် သတို့သမီးရယ်၊ ဒါ ... မတော်တဆဖြစ်တဲ့ကိစ္စပါ"

"ယွန်း ကြောက်နေတယ်၊ မမြင်ရတဲ့ ကံကြမ္မာကို ယွန်း ကြောက်တတ်လာပြီ၊ ယွန်းတို့ တွေ့တွေ့နေတဲ့ အနှောင့်အယှက် အခက်အခဲတွေက ယွန်းတို့ ပြုပြင်မရတဲ့ ကံတရားတွေလားဟင်၊ ယွန်းတို့ ဖန်တီးလို့ ရတဲ့ ကံကြမ္မာဆိုတာ 'အချစ်'တစ်ခုကလွဲရင် တခြားဘာမှမရှိတော့ဘူးလား၊ ကံတရားက ယွန်းတို့ နှစ်ယောက်ကို အဆင်ပြေပြေလေး ဆုံစည်းခွင့်မပေးနိုင်ဘူးလား"

"ယွန်း ... ဒါတွေ လျှောက်တွေးနေရင် စိတ်ဆင်းရဲရရုံပဲ





ရှိမယ်၊ စိတ်အေးအေးထားပြီး လုပ်စရာရှိတာ ဆက်လုပ်သွားရုံပဲ၊ အချိန်တစ်ရက်ကျန်သေးတာပဲ၊ ယွန်းဝတ်ဖို့ ဝတ်စုံအသစ်ကို အမြန်ချုပ်ပေးဖို့ အကူအညီတောင်းရင် လုပ်ပေးမှာပါ၊ ဒီဝတ်စုံကိစ္စကို ခေါင်းထဲက ခဏထုတ်ထားကွာ၊ နောက်ဆုံး ဝတ်စုံသစ်ချုပ်ဖို့ အချိန်မရတော့ရင်တောင် ရှိတာပဲ ဝတ်လိုက်တော့ရော ဘာဖြစ်သေးလဲ"

သိင်္ဂါရက ချော့မော့ဖျောင်းဖျတော့မှ ယွန်းက သက်ပြင်းလေးချရင်း သိင်္ဂါရ ပခုံးကို မှေးမှိန်ငြိမ်သက်နေသည်။

သိင်္ဂါရက ယွန်းရဲ့ ဆံဦးစွန်းလေးကို ဖွဖွလေးနမ်းရှိုက်လိုက်မိပါသည်။

မောင့် သတို့သမီးရယ် မောင်တို့ လက်ထပ်ဖြစ်ကြမယ်လို့ မောင် အကြွင်းမဲ့ယုံပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



♠ ♠ ♠

နောက်တစ်နေ့မှာတော့ ယွန်းသည် ပျော်ရွှင်လန်း
ဆန်းလာလေသည်။

မနက်ဖြန်ဆို စေ့စပ်ပွဲ ကျင်းပတော့မည်။ စေ့စပ်ပွဲ
မှာ ဝတ်မည့်ဝတ်စုံကိုလည်း ယွန်း သူငယ်ချင်း ယုရဲ့ အစ်မ
မသဇင်က အမြန်ဆုံး ပြန်ချုပ်ပေးထားပြီ။ ညှော်ပရိသတ် ဖိတ်ကြာ
ခြင်းနှင့် ကျွေးမွေးဧည့်ခံခြင်းကိစ္စတွေကိုလည်း မေမေတို့ စီစဉ်
ပြီးကြပြီ။ ယွန်း ချစ်သူကလည်း အိပ်ချိန်ကလေးပဲ အိမ်နားက
ခွာသွားကာ မိုးလင်းသည်နှင့် ယွန်းထံရောက်လာပြီး တစ်နေ့လုံး
ယွန်းအားမငယ်အောင် အားပေးနှစ်သိမ့်နေခဲ့သည်။

ခုချိန်မှာတော့ ယွန်းသည် အခက်အခဲမှန်သမျှက





ထားနိုင်ခဲ့ပြီး ပျော်ရွှင်စရာ အနာဂတ်ကိုသာ မျှော်တွေး၍
လေသည်။

ညနေခင်း ဆည်းဆာရောင်သည် ယွန်းတို့ ခြံထဲက
က်ခင်းစိမ်းပေါ်သို့ ဝါဖန့်ဖန့်အဆင်းဖြင့် ဖြန့်ကျက်ထားသည်။
င်ဘက်မို့ ရာသီဥတုကလည်း အေးမြသာယာသည်။ အလုပ်
သား တချို့က ခြံထဲရှိ သစ်ပင်တွေပေါ်နှင့် ထင်းရှူးပင်ကလေး
တွေပေါ်မှာ ရောင်စုံမီးတွေ ချိပ်တွဲဆင်ယင်နေဆဲမို့ ခြံထဲတစ်ဝိုက်
ဝါယာကြိုးတွေတော့ ရှုပ်ယှက်ခတ်နေသည်။

ယွန်းက ခြံထောင့် ရေတံခွန်အတုလေးဘေးက ဒန်း
လေးပေါ်မှာ ထိုင်ရင်း ဒန်းကလေးကို တငြိမ့်ငြိမ့်စီးနေဆဲ သိင်္ဂါရ
ခနက်ဖြန်မှာ ချိတ်ဆွဲမည့် မိုးပျံပူဖောင်းတွေထဲက အနီရောင်
သည်းပုံ ပူဖောင်းလေးနှစ်လုံးကို ကိုင်၍ မြက်ခင်းကိုဖြတ်ကာ
း:ထံသို့ လျှောက်လာနေသည်။

"မောင် ... မြန်မြန်လာ၊ ယွန်းကို ဒန်းလွှဲပေးဦး ..."

ယွန်းက လှမ်းအော်ခေါ်တာမို့ သိင်္ဂါရက ယွန်းဆီ
သွားလိုက်သည်။ ယွန်းက သူ့ကို တစ်ခါတစ်ရံ 'မောင်'လို့
ခေါ်တတ်ပြီး တစ်ခါတစ်ခါတော့ သိင်္ဂါရဟု ခေါ်တတ်သည်။
ဘယ်လိုခေါ်ခေါ် သူကတော့ သဘောကျပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ယွန်းကတော့ ကိုယ့်ဆီပြေးလာနေသည့် ကို
သတို့သားလောင်းလေးကို ပြုံး၍ငေးကြည့်နေမိပါသည်။ ဒီနေ့
မောင့်ပုံစံလေးက ခါတိုင်းနေ့တွေထက်ပိုပြီး ပျော်ရွှင်တက်ကြွ
သည်။ ဒူးခေါင်းလောက် ကာကီရောင် ဘောင်းဘီတိုနှင့် တီ
အဖြူလေး ဝတ်ထားသော မောင့်ပုံစံက လူငယ်ဆန်ဆန် လ
ဆတ်နေသည်။ မောင်က တစ်ခါတစ်ခါ လူကြီးတစ်ယောက်
တည်တည်ငြိမ်ငြိမ်နှင့် ပြဿနာတွေကို ဖြေရှင်းကာ ယွန်း
ငြိမ်းအေးစေပြီး တစ်ခါတစ်ခါတော့ ပေါ့ပါးလွတ်လပ်သေ
စတိုင်လ်ဖြင့် ဗလွတ်ရွတ်တ စကားတွေပြောလျက် ယွန်းကို
မောစေသည်။ မောင့်အနားမှာရှိလျှင် ယွန်း တစ်သက်လုံး
ရွှင်လိမ့်မည်ဟု ယုံကြည်မိသည်။

"ဟိတ် ... ကောင်မလေး လူကို ဘာလို့စိုက်ကြည့်နေ
လဲ ..."

ယွန်းက သိင်္ဂါရကို ပြုံးကြည့်နေတာမို့ သိင်္ဂါ
ယွန်းခေါင်းလေးကို လက်သီးဆုပ်ဖြင့် ဖွဖွတွန်းရင်း မေး
သည်။ ယွန်းက ချစ်စဖွယ် နှာခေါင်းလေးရှုံ့ပြလိုက်ရင်း ..

"ချစ်လို့ ..."

"ရွဲ့ပြီ ..."

သိင်္ဂါရက ယွန်းနှာခေါင်းလေးကို ဖွဖွညှစ်၍





ဆွဲလိုက်ပြီး ယွန်းထိုင်နေသည့် သစ်သားဒန်းလေးကို လွှဲပေးလိုက်
သည်။ ခေါင်းမော့ရယ်မောလိုက်သော ယွန်းပုံစံလေးက အတိုင်း
သိ ချစ်စရာကောင်းလှပါသည်။

ယွန်းရယ် ... မင်း အမြဲ ဒီလိုပဲ ပျော်ပျော်ရွှင်ရွှင်နဲ့
ကိုယ့်ဘေးနားမှာ ရှိနေပေးပါ။

"မောင် ... လာ ... ထိုင်၊ တူတူစီးမယ်"

ယွန်းက မြေပြင်ပေါ် ခြေထောက်၍ ဒန်းကိုရပ်ပစ်
လိုက်ပြီး သိင်္ဂါရကို လှမ်းခေါ်တာမို့သိင်္ဂါရက ယွန်းဘေးမှာ ဝင်
ထိုင်လိုက်ရသည်။ ယွန်းက ဒန်းကို အရှိန်ဖြင့် လွှဲစီးနေပြီးမှ
ငြိမ့်ငြိမ့် အရှိန်သတ်လိုက်ရင်း ...

"မောင် ... ယွန်းကိုကြည့်ပါဦး၊ ယွန်း မျက်နှာချောင်နေ
လားဟင်"

"နည်းနည်းတော့ ချောင်နေတယ်၊ ညက အိပ်မပျော်ဘူး
လား ယွန်း"

"အင်း ... သိပ်အိပ်မပျော်ဘူး"

"ယွန်းက ဟိုဟိုဒီဒီ အတွေးများနေတော့ ဘယ်သိပ်အိပ်
ပျော်မလဲ၊ ဒီညတော့ ဘာမှမတွေးဘဲ နှစ်နှစ်ခြိုက်ခြိုက်
အိပ်ပစ်လိုက်တော့နော်၊ အိပ်ရေးမဝရင် မနက်ဖြန်ကျ မလှ
ဘဲနေဦးမယ်၊ စိတ်နှလုံး ဒုန်းဒုန်းချလိုက်တော့နော် ယွန်း၊



www.burmeseclassic.com

www.burmeseclassic.com



မောင်တို့ သေချာပေါက် လက်ထပ်ကြမယ်၊ ရှေ့လျှော

ဘာအခက်အခဲမှ မရှိတော့ဘူး"

"အင်းပါ ... မောင်ရဲ့၊ ယွန်းလည်း အခု စိတ်ချမ်းသာ

ပါတယ်၊ ဟောဟော ... ဒုန်းခနဲ့ဆိုတဲ့ အသံ ကြားလိုက်

လား"

ယွန်း နှုတ်ခမ်းဖူးလေးပေါ် လက်ညှိုးလေး က

လန့်ဖြတ်တင်၍ ရှူး တိုးတိုးပုံစံဖြင့် မျက်လုံးလေးပြူးကာ တီး

ပြောလိုက်သည်။

သိင်္ဂါရက နားစွင့်သလို ငြိမ်သွားပြီးမှ ...

"ဟင့်အင်း ... မောင်တော့ မကြားလိုက်ပါဘူး၊ ဘာသံလဲ"

"ယွန်း စိတ်နှလုံး ဒုန်းဒုန်းကျသွားတဲ့ အသံလေ ..."

"အာ ... တကယ်မှတ်လို့ ယွန်းတကယ်နောက်တယ်ကွ"

"တကယ်ပဲ ဒုန်းဒုန်းကျသွားတာပဲဟာ"

ယွန်းက သူ့ဘာသာပြောပြီး ကလေးသဖွယ် တ

ခစ်ရယ်နေသည်။ ရယ်ရင်းက သူ့မျက်နှာလေးသူ လက်ဖ

နှစ်ဖက်ဖြင့် အုပ်ကိုင်လိုက်ပြီး အရယ်ရပ်သွားကာ ...

"မောင် ... ယွန်းကို သေချာကြည့်ပါဦး၊ ယွန်းမျက်

ချောင်နေတော့ မလှတော့ဘူးလားဟင်"

"လှပါတယ် ယွန်းရဲ့၊ မျက်နှာလေးချောင်နေတော့ 





လီးဝုဒ်က မင်းသမီးတွေလို လှပြီး မျက်နှာလေး ပြည့်တော့

လည်း ကိုရီးယားမင်းသမီးလေးလို လှတာပေါ့၊ မောင့်

ယွန်းက ဘယ်လိုနေနေ လှတာပဲလေ"

"အဟင်း ... ဟင်း ... အချင်းချင်း ကပ်မြှောက်နေပြန်ပါပြီ

မောင်ရယ်"

ယွန်း ရယ်မောနေတာကို သိင်္ဂါရက ငေးကြည့်နေ

င်း ယွန်းလက်ကလေးကို လှမ်းကိုင်ထားလိုက်မိကာ ...

"ယွန်း ..."

"အင်ဟင် ..."

"ဒီလိုပဲ အမြဲပျော်ပျော်ရွှင်ရွှင် နေရမယ်နော်"

"ဟုတ်ကဲ့ပါ ... မောင်"

"မောင့်ကို အမြဲ မောင်လို့ ဘာလို့မခေါ်တာလဲ"

"သိင်္ဂါရဆိုတဲ့ နာမည်လေးကလည်း ချစ်စရာကောင်းပြီး

ခေါ်လို့ကောင်းတယ်လေ၊ နှစ်မျိုးစလုံး ခေါ်လို့ကောင်းလို့

ခေါ်တာပေါ့"

"ဒါဆို တစ်ခါတည်း နှစ်မျိုးဖြစ်အောင် မောင်သိင်္ဂါရလို့

ခေါ်ပေါ့၊ မောင်သင်္ချိုင်းရလို့ မှားမခေါ်မိစေနဲ့"

"မှားမခေါ်ပါဘူး မောင်သင်္ချိုင်းရရယ်၊ မောင်သင်္ချိုင်းရကို မောင်

သင်္ချိုင်းရပဲ ခေါ်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အား ... ယွန်း နောက်တယ်ကွာ"

ယွန်းက ရယ်မောပြန်သည်။ ပြီးတော့ သိင်္ဂါ ကိုင်ထားသည့် မိုးပျံပူဖောင်းလေး နှစ်လုံးကို လှမ်းကိုင်ကြည့်ရင်

"မောင် ဒီပူဖောင်း နှစ်လုံးပေါ်မှာ 'မောင် + ယွန်း' လို ရေးပေးပါလား"

"ရေးပြီးတော့ ..."

"ရေးပြီးတော့ ကောင်းကင်ကြီးပေါ် လွှတ်တင်လိုက်မယ် လေ၊ ကိုရီးယားကားထဲကလို ပြောရရင် ယွန်းတို့အချ ကို မိုးနတ်မင်းကြီး သိအောင်ပေါ့"

ယွန်းက ရွှတ်နောက်နောက်လေး ပြောလိုက်တာ သိင်္ဂါရက ကားထဲက ဘောလ်ပဲန် တစ်ချောင်း သွားယူလာပြ ကလေးတစ်ယောက်ကို အလိုလိုက်သလို ပူစီဖောင်းတွေပေါ်မှ (မောင် + ယွန်း) ဟု ရေးပေးလိုက်ရသည်။

ယွန်းက ပူဖောင်းလေးတွေရဲ့ ကြိုးလေးနှစ်ချော ကို ပူးချည်ကိုင်လိုက်ပြီး ဒန်းရှေ့က မြက်ခင်းစိမ်းဆီ ပြေးထွ သွားသည်။ အိမ်နေရင်း ဝတ်သည့် ဒူးဖုံးရုံ အဖြူရောင် ဂါဝန်က ကား ဖားဖားလေး ဝတ်ထားသော ယွန်းပုံစံလေးက ကလေ တစ်ယောက်နှင့်တူနေသည်။ ဆံပင် တွန့်တွန့်လေးတွေက ကျေ ပြင်ပေါ်မှာ ဝေ့ဝဲနေသည်။ ဆည်းဆာနေရောင်အောက် မြက်ခ စိမ်းစိမ်းနှင့် ယွန်း ပုံစံလေးက လိုက်ဖက်ညီနေသည်။





ယွန်းက ပူဖောင်းလေးနှစ်လုံးကို ကောင်းကင်ပေါ် ာ်တင်လိုက်ပြီး သိင်္ဂါရဆီ ပြန်ပြေးလာသည်။

သိင်္ဂါရသည် ဘောလ်ပဲန်လေးကို လက်ထဲမှာ လှည့် ားနေရင်း ယွန်းကို လှမ်းပြုံးကြည့်နေသည်။

ယွန်း သိင်္ဂါရအနားရောက်တော့ သိင်္ဂါရ ကစားနေ ာ ဘောလ်ပဲန်လေးက လွတ်ထွက်ကာ ရေတံခွန်အတုလေး ဆင်းကျနေသည့် ရေကန်လေးထဲ ပြုတ်ကျသွားသည်။

"ယွန်း ကောက်လိုက်မယ် မောင်"

ရေကန်လေးက ယွန်း နံဘေးမှာ။ ရေက ခပ်တိမ် မို့ ကန်ထဲမှာကျနေသည့် ဘောလ်ပဲန်ကို လှမ်းမြင်နေရသည်။

ယွန်းက ရေထဲ လက်နှိုက်ကာ ဘောလ်ပဲန်ကို လှမ်း ာက်လိုက်စဉ် ...

"အား ..."

"ဟာ ... ယွန်း ... ယွန်း ..."

အော်သံနှင့်အတူ ယွန်းကနောက်သို့လန်၍ လဲကျ သည်။ ဘာဖြစ်မှန်းမသိတာမို့ သိင်္ဂါရက ယွန်းကို ပြေးပွေ့ တဖွဖွ ခေါ်နေမိသည်။

"လာ ... လာကြပါဦးဗျာ၊ ယွန်း ဘာဖြစ်သွားမှန်း မသိ လို့ ..."



www.burmeseclassic.com

www.burmeseclassic.com



သိင်္ဂါရက ဆောက်တည်ရာမရ အော်ဟစ်လိုက်တာ
မို့ ခြံထဲက မီးဆင်နေသည့် အလုပ်သမားတွေရော အိမ်ထဲက
လူတွေပါ ပြေးထွက်လာကြသည်။

"ဟာ ... ခုတ်လိုက်သွားတာ ထင်တယ်"

"ဝါယာကြိုးတစ်ချောင်း ဒီရေကန်ထဲ ပြုတ်ကျနေတာကို"

"ရေကန်ထဲ လက်နှိုက်လိုက်မိတာဖြစ်မယ်"

"သတိလစ်နေတာ၊ ဆေးရုံပို့မှဖြစ်မယ်"

တစ်ယောက်တစ်ပေါက် သံတွေ ဆူညံနေဆဲမှာ
သိင်္ဂါရက ယွန်းကိုပွေ့ကာ ကားဆီပြေးလေသည်။

❦ ❦ ❦





♠ ♠ ♠

"မင်းတစ်ယောက်လုံး အနားမှာရှိရက်နဲ့ ယွန်း ဒီလိုဖြစ်
ရတယ်ဆိုတာ အဓိပ္ပာယ်ကိုမရှိဘူး သိင်္ဂါရ၊ ဘောလ်ပဲန်
ကျသွားတယ်ဆိုလည်း မင်းက ယောကျာ်းပဲ မင်းဘာသာ
ကောက်ပေါ့၊ ယွန်းကိုကောက်ခိုင်းစရာလား၊ ဒီလိုအချိန်
မျိုးမှာတောင် ယွန်းကို မင်းမစောင့်ရှောက်နိုင်ရင် မင်းကို
ဘယ်လိုစိတ်ချပြီး ယွန်းကို တစ်သက်လုံး စောင့်ရှောက်
ဖို့ အပ်ရမှာလဲ ..."

"ရှင်တို့ ဒီလိုတော့ တစ်ဖက်စောင်းနင်း မပြောပါနဲ့၊ ဒါ
သူ့ကံကြောင့်ဖြစ်တာ၊ ဒီလိုဖြစ်ချိန်တန်လို့ ဖြစ်တာ၊ သူ့ကံ
တရားကိုက မကောင်းတာ၊ ကျွန်မသားကိုချည်း အပြစ်
တင်မနေကြပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဘာ ... ကျွန်မ သမီးကံက မကောင်းဘူး ဟုတ်လား၊ ရှင် ဒီလိုလက်လွှတ်စပယ် မပြောပါနဲ့ ဒေါ်ဘရဏီ"

"မှန်တာကို ပြောတာပဲလေ၊ ကျွန်မသားက ဘုန်းနဲ့ကံနဲ့ နေတာ၊ သူ့ကံတရားကကောင်းပြီးသား၊ ရှင်တို့သမီးသာ မင်္ဂလာဆောင်ခါနီး အတိတ်နိမိတ် မကောင်းတာတွေ တစ်မျိုးပြီးတစ်မျိုး ဖြစ်နေတာ၊ ကြာရင် ကျွန်မသားကို ခိုက်မှာတောင် စိုးရတယ်"

"ရှင် ... ရှင် ဘယ်လိုပြောလိုက်တာလဲဟင်"

"မေမေ ... တော်ပါတော့ မေမေရယ်၊ ယွန်းလည်း နေကောင်းသေးတာ မဟုတ်ဘူး၊ သူ့ခမျာ ဓာတ်လိုက်ခံရပြီး ကတည်းက လန့်ဖျားဖျားနေရှာတာပါ၊ လူကြီးတွေအားလုံး စိတ်ကိုလျှော့ကြဖို့ ကျွန်တော် ရှိခိုးပြီး တောင်းပန်ပါတယ်"

သိင်္ဂါရက လက်အုပ်ကလေး တချီချီဖြင့် လှည့်ပတ်တောင်းပန်နေသော်လည်း ဘယ်သူကမှ မလျှော့ကြပါ။ ယွန်းမေမေက ဒေါသဖြင့် တဆတ်ဆတ်တုန်ရီလာကာ ...

"ကိုယ့်ချွေးမတော်ရမယ့်သူကို ဒီလောက် ရက်ရက်စက်စက် ပြောရဲတာ ကျွန်မဖြင့် အံ့ဩလို့ကိုမဆုံးဘူး ဒေါ်ဘရဏီ၊ ရှင် ကျွန်မတို့သမီးကို သတင်းလည်း မေးမနေပါနဲ့တော့၊





ရှင်ပြန်ပါတော့၊ စေ့စပ်ပွဲကိုလည်း ပျက်ပါက်စနဲ့ ဖျက်လိုက်ပါတော့မယ်၊ သိင်္ဂါရ ... မင်းအမေကို ပြန်ခေါ်သွားလိုက်ပါ"

မှိတ်ထားသော ယွန်းရဲ့မျက်လုံးထဲမှ မျက်ရည်စတွေသည် ဘေးနှစ်ဖက်သို့ လျှံထွက်စီးဆင်းလာကြလေသည်။

ယွန်းသည် အိပ်ရာထက်တွင် ပက်လက်ကလေး ဖြူဖျော့လျက် မှိန်းနေရင်း မကြားချင်သော မကြားရဲသော လူကြီးတွေရဲ့ ပဋိပက္ခသံကို ကြားကာ အရာရာကို ကြောက်ရွံ့လာသည်။

သိင်္ဂါရသည် လူကြီးတွေကို တောင်းပန်လို့မရတော့သည့်အဆုံး ယွန်းအနားသို့ ခေါင်းငိုက်စိုက်ဖြင့် ရောက်လာပြီး ယွန်းရဲ့လက်ကလေးကို ဆုပ်ကိုင်လိုက်စဉ် ယွန်း မျက်လုံးထောင့်စွန်းက မျက်ရည်စီးကြောင်းလေးကို တွေ့လိုက်ရလေသည်။

"ယွန်းရယ် ..."

"မောင် ..."

ညှော်ခန်းဆီမှာတော့ အသံတွေ ဆူညံနေဆဲ ...။ ယွန်း အခန်းထဲမှာတော့ တိတ်ဆိတ်နေသည်။ သိင်္ဂါရသည် ယွန်းခုတင်ဘေးမှာ ထိုင်ကာ ယွန်းလက်ကလေးတွေပေါ် မျက်နှာအပ်ချငြိမ်သက်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင် ... ယွန်းကြောက်တယ်၊ မောင့် မေမေကိုလည်း ကြောက်တယ်၊ ယွန်းအိမ်က လူကြီးတွေကိုလည်း ကြောက်တယ်၊ ကံတရားကိုလည်း ကြောက်တယ်၊ ယွန်း အရမ်း ကြောက်နေပြီ မောင်ရယ်၊ အခု ... အခု ယွန်းတို့ မင်္ဂလာကိစ္စကို ဖျက်လိုက်ကြပြီ မဟုတ်လားဟင်"

"လူကြီးတွေ စိတ်ဆိုးတုန်းခဏ ပြောတာဖြစ်မှာပါကွာ၊ ပြီးရင် အဆင်ပြေသွားမှာပါ"

"မဟုတ်ဘူး၊ မေမေ့ မာနနဲ့ မေမေ့ဒေါသကို ယွန်းသိတယ်၊ မေမေ အတည်ပြောနေတာ၊ ယွန်းတို့ကို ဘယ်တော့မှ သဘောတူမှာ မဟုတ်တော့ဘူး"

"သား ... မင်းက မင်းကို မကြည်ဖြူ မလိုလားတဲ့အိမ်မှာ ဘာကိစ္စ နေချင်သေးတာလဲ၊ မင်းမှာ ယောကျ်ားမာနမရှိဘူးလား၊ လာ ... ပြန်မယ်၊ အခုထွက်ခဲ့ ..."

သိင်္ဂါရ မေမေက ဒေါသသံဖြင့် လှမ်းခေါ်နေသည်။ ယွန်းက မောင့်လက်ကို ဖြုတ်ထုတ်ပစ်လိုက်ရင်း ...

"လိုက်သွားလိုက်ပါ မောင်၊ မောင့်အမေ အရမ်းစိတ်ဆိုးနေတယ်"

"မောင် မေမေ့ကို ပို့ပြီးပြန်လာခဲ့မယ်"

"ဒီနေ့တော့ မလာပါနဲ့တော့ ..."





သိင်္ဂါရက ယွန်းလက်ကလေးကို မလွှတ်ချင်လွှတ်ချင် လွှတ်လိုက်ပြီး အခန်းပြင် ပြန်ထွက်သွားတော့မှ ယွန်းက စောင်ခေါင်းမြီးခြုံကာ အားရပါးရ ငိုချလိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



♠ ♠ ♠

"ကြီးကြီး ... ကြီးကြီးတို့ အပြင်သွားနေတုန်း မသဇင်အိမ် က ဖုန်းဆက်တယ်၊ မမယွန်းလည်း အိပ်နေတာနဲ့ ကျွန်မ ပဲ နားထောင်ထားလိုက်တယ်၊ နိုင်ငံခြားက မသဇင် အမေ အသည်းအသန်ဖြစ်လို့ မသဇင် နိုင်ငံခြားကို ထွက်သွားရ တယ်တဲ့၊ ဘယ်လောက်ကြာမယ်၊ ဘယ်လို အခြေအနေ ရှိမယ်ဆိုတာ မသိသေးလို့ ယွန်းရဲ့ ဝတ်စုံကိုလည်း ချုပ် မပေးနိုင်တော့ပါဘူးတဲ့"

"အေး ... ပြီးတာပဲ၊ နောက်မို့ဆို ချုပ်ပြီးသား ဝတ်စုံကြီး ကို ဘာလုပ်ပစ်ရမှန်း မသိ ဖြစ်နေဦးမယ်"





အရာရာ ချွတ်ချော်တိမ်းစောင်းမှုတွေက ယွန်းကို ဝိုင်းဝန်းနှိပ်စက်နေကြသည်။

ယွန်းက ရူးလုမတတ် ခံစားနေရသည်။

"အိမ်ထောင်ပြုဖို့ ကြံစည်လိုက်တာနဲ့ အခက်အခဲ ဒုက္ခ တွေ ကြုံတွေ့ရမှာပဲ၊ အပူမရှာဘဲ အေးအေးချမ်းချမ်း နေထိုင်သွားပါ"

ဟူသော အကြားအမြင်ဆရာမရဲ့ စကားသံတွေက ယွန်းရဲ့အာရုံထဲမှာ ပဲ့တင်ထပ်မျှ နေရာယူကြီးစိုးနေတာမို့ ယွန်း တဖြည်းဖြည်း ချောက်ချားလာသည်။

တကယ်ပဲလား ...

တကယ်ပဲလား ... ကံတရားရယ်။

ဒါဟာ ယွန်း မပြုပြင်နိုင်တဲ့ ကံတရားဆိုတာ တကယ်ပဲ သေချာသွားပြီလား။

ယွန်းချစ်တဲ့သူနဲ့ ဘယ်တော့မှ ပေါင်းခွင့်မရနိုင်တော့ ဘူးလား။

ယွန်းသည် အတွေးဖြင့် သွေးပျက်ချင်လာရတာမို့ နုံးဖျော့နေသော ခန္ဓာကိုယ်ကို ကြိုးစားထူမတ်၍ ထလိုက်သည်။

ထို့နောက် ... အိမ်နေရင်းဝတ်သည့် ဂါဝန်ပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဂျာကင်အရှည်တစ်ထည် ထပ်ဝတ်လိုက်ပြီး လူကြီးတွေ မသိအောင် အိမ်မှထွက်လာခဲ့သည်။

ယွန်း ဦးတည်ရာကား လွန်ခဲ့သော ငါးနှစ်ကျော်က ယွန်းရောက်ခဲ့သော ကံကြမ္မာပြောပြသူရဲ့ အခန်းလေးဆီသို့ ဖြစ်လေသည်။





♠ ♠ ♠

အခန်းသည် လွန်ခဲ့သာ ငါးနှစ်ကျော်တုန်းကအတိုင်း ...ွဲ့တိုင်နံ့များဖြင့် မှုံးအိနေဆဲဖြစ်လေသည်။ အလင်းရောင်က ...ာ ခါတိုင်းထက်တောင် ဖျော့တော့နေသေးသည်။ ဝလာပုံရ ...ာ ဆရာမကြီးရဲ့ ပုံရိပ်က ဟိုယခင် မြင်ခဲ့ဖူးတာထက် ပို၍ ...ားနေသည်။

ယွန်းသည် ဘယ်တုန်းကမှ အယုံအကြည်မရှိခဲ့ဖူး... ရှေ့တွင် ရပ်တန့်လိုက်ရင်း ...

"ကျွန်မ ... ကျွန်မက ဘာဖြစ်လို့အိမ်ထောင်ပြုခါနီး အခက်အခဲတွေ ကြုံရတာလဲ၊ ကျွန်မ သိပ်သိချင်နေပါတယ်၊ ကျေးဇူးပြုပြီး ပြောပြပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ကံကြမ္မာ ပြောပြသူက ခဏငြိမ်သက်နေပြီးမှ

"သမီးမှာ အိမ်ထောင်ပြုဖို့ ကံပါမလာဘူးကွယ့်"

"အဲဒီတော့ အိမ်ထောင်ပြုရင် ဘာဖြစ်မှာပါလဲ"

"သမီး သေသွားနိုင်တယ်"

"ကျွန်မချစ်သူကရော ဘာဖြစ်မှာပါလဲ"

"သူကတော့ ဘာမှမဖြစ်ပါဘူး၊ ဒါပေမယ့် သူနဲ့ သ

ဘယ်တော့မှ ပေါင်းရမှာမဟုတ်ဘူး ကွယ့်၊ အခက်အခဲအ

မျိုး ကြုံပြီး ကွဲကိုကွဲမှာ"

ယွန်းက ကံကြမ္မာပြောပြသူရှေ့မှ ချာခနဲလှ

ထွက်ခွာလာသည်။

ယွန်းတို့ နှစ်ယောက် အမှန်တကယ် ချစ်မြ

ရက်နဲ့ ဘာ့ကြောင့် မပေါင်းနိုင်ရမှာလဲ။

ယွန်းချစ်သူနဲ့အတူ တစ်ရက် တစ်မနက်ပဲဖြ

အတူနေထိုင်ခွင့်ရလျှင် ယွန်းသေပျော်ပြီ။ မောင် ခံစားကျန်

သာ စိုးလေသည်။

ယွန်းသည် တစ်ယောက်တည်း အထီးကျန်နေ

သွားရမည့်အစား တစ်ခဏလေး ပျော်ရွှင်ပြီး သေရမယ်ဆို

သေလိုက်ဖို့ အဆင်သင့်ဖြစ်နေသည်။ ယွန်းကို လက်ထ

မောင့်မှာ မထိခိုက်ဘူးဆိုလျှင် ယွန်း လက်ထပ်ချင်သား





ကံကြမ္မာပြောပြသူထံမှ ထွက်ခွာလာသော ယွန်းသည် မောင့်ထံ ဖုန်းဆက်၍ ယွန်းဆီလာဖို့ ခေါ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



♠ ♠ ♠

"ယွန်းတို့ လက်ထပ်ကြရအောင် မောင်"

"မောင်တို့ လက်ထပ်ကြရအောင် ယွန်း"

ယွန်းတို့နှစ်ယောက် တွေ့တွေ့ချင်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ သံပြိုင်ပြောလိုက်မိသော စကားက တစ်ထပ်တည်းကျလေသည်။

မောင်က စိတ်လှုပ်ရှားစွာ ပြောသည်မှာ ...

"မောင်တို့ ဘာကိုစောင့်နေရဦးမှာလဲ၊ သဘောတူညီမှုတွေ မင်္ဂလာအခမ်းအနားတွေကို မစောင့်ဘဲ လက်ထပ်လိုက်ကြရင်ရော ဘာလို့မဖြစ်နိုင်ရမှာလဲ၊ ခုပဲ မောင်နဲ့ယွန်း လက်မှတ်သွားထိုးပြီး လက်ထပ်လိုက်ရင် ပြီးတာပဲမဟုတ်လား"





"မောင့်ကို တစ်ခုမေးမယ်"

"မေးလေ ..."

"အကယ်၍ ယွန်းနဲ့မောင် လက်ထပ်ပြီးလို့ ယွန်း တစ်ခုခု ဖြစ်သွားပြီး သေသွားခဲ့ရင် လက်ထပ်ခဲ့မိတာကို နောင်တရမှာလား"

"သေစကား မပြောပါနဲ့ကွာ"

"ယွန်း မေးတာဖြေပေးပါ မောင်"

"အဲဒီလို လုံးဝမဖြစ်နိုင်ဘူး၊ ဖြစ်ခဲ့ရင်လည်း မောင် နောင်တမရဘူး၊ ယွန်းနဲ့ တစ်ရက်ကလေးပဲ အတူနေခွင့်ရလိုက်လည်း မောင်ကျေနပ်တယ်"

မောင့်ဆန္ဒနှင့် ယွန်းဆန္ဒက တစ်ထပ်တည်း ကျနေ့ဘာမို့ ယွန်းကျေနပ်သွားသည်။

မောင်က ယွန်းထံ လက်ကမ်းပေးလိုက်သည်။

ယွန်းက မောင့်လက်ကို အားကိုးတကြီး ဆုပ်ကိုင်လိုက်သည်။

ထို့နောက် ယွန်းတို့နှစ်ယောက် လက်ချင်းမြဲမြဲတွဲလျက် အနီးဆုံး တရားရုံးဆီသို့ ဦးတည်လိုက်သည်။

တက္ကစီဖြင့် တရားရုံးသို့လာရင်း ဓာတ်ပုံစတူဒီယိုရှေ့ကဖြတ်တော့ သိဂ်ါရက စိတ်ကူးရကာ ,..



www.burmeseclassic.com

www.burmeseclassic.com



"ဟိုး ... ဆရာ၊ ဒီမှာပဲ ဆင်းလိုက်မယ်"

ဟုပြောပြီး ယွန်းလက်ကိုဆွဲကာ ကားပေါ်မှ ဆင်းလိုက်သည်။ ယွန်းက မောင် ဘာလုပ်မယ်ဆိုတာ နားမလည်ဘဲ ...

"မောင် ... ဘာလုပ်ဦးမလို့လဲ ..."

"ခဏလေး ယွန်း၊ ယွန်း သတို့သမီးဝတ်စုံ ဝတ်ချင်တယ် မဟုတ်လား၊ ဒီစတူဒီယိုမှာ သတို့သမီးဝတ်စုံတွေ အများကြီးရှိတယ်၊ သတို့သမီး သတို့သားဝတ်စုံပြည့် ဝတ်ပြီး ဓာတ်ပုံဝင်ရိုက်လိုက်ကြရအောင်"

မောင်နှင့်အတူ စတူဒီယိုထဲ ဝင်လာမိတော့ ယွန်း အရမ်းပျော်သွားသည်။ လှပသော သတို့သမီးဝတ်စုံတွေက ယွန်းကို ညှို့ခေါ်နေသည်။

"မောင် ... ဘယ်အရောင်ဝတ်ပြီး ရိုက်ရင်ကောင်းမလဲဟင်"

"အဖြူလေး ဝတ်ပါလား၊ ယွန်းက အဖြူနဲ့လည်း လိုက်တယ်"

ယွန်းက မောင်ရွေးချယ်ပေးသည့် ပန်းသားလေးတွေ ဖော်ထားသော အဖြူရောင် ဂါဝန်ကြီးကို ဝတ်ဆင်လိုက်ပြီး မောင်ကလည်း ကုတ်အင်္ကျီဖြူ၊ ဘောင်းဘီဖြူနှင့် ဝတ်စုံပြည့် ဝတ်ဆင်လိုက်သည်။





ယွန်းတို့နှစ်ယောက် ပုံစံလေးတွေက လိုက်ဖက်ညီ…န်းတာမို့ စတူဒီယိုက လူတွေပင် ငေးသွားကာ ...

"လှလိုက်တာ၊ မိတ်ကပ် ဆံပင် မပြင်ဘဲနဲ့တောင် အရမ်းလှနေပြီ"

ဟု ပြောကြရသည်။

ထို့နောက် ...

ယွန်းနဲ့ မောင် တစ်ယောက်မျက်နှာ တစ်ယောက် …ည့်၍ ရယ်မောနေဆဲမှာ ကင်မရာမီးက ဖျတ်ခနဲ လင်းပွင့်သွား…သသည်။



www.burmeseclassic.com

www.burmeseclassic.com



♠ ♠ ♠

ယွန်းနဲ့ မောင်သည် တက္ကဆီပေါ်မှ ဆင်းပြီးသည်နှင့် တရားရုံးဆီသို့ လှမ်းမျှော်ကြည့်၍ ပြုံးလိုက်လေသည်။

မောင်က ...

"ကဲ ... အခု တို့နှစ်ယောက် မပေါင်းရဘူးလို့ ဘယ်သူ ပြောချင်သေးလဲ"

ဟု ဝံ့ကြွားစွာ ပြောလိုက်ပါသည်။

ထို့နောက် တစ်ယောက်လက်ကို တစ်ယောက် မြဲမြဲဆုပ်ကာ တရားရုံးဆီ လျှောက်သွားဖို့ ခြေလှမ်းပြင်ပြီးမှ မောင်က လမ်းတစ်ဖက်ခြမ်းဆီ မျှော်ကြည့်ကာ ...

"မောင်တို့ လက်ထပ်စာချုပ် ဝယ်ရဦးမယ် ယွန်း၊ ဟိုဆိုင်





ကလေးမှာ ဝယ်လို့ရမယ်ထင်တယ်၊ မောင် သွားဝယ်လိုက်ဦးမယ်၊ ယွန်း ဒီမှာပဲ စောင့်နေနော်"

"ဟုတ်ကဲ့ မောင်"

ယွန်းက ခေါင်းညိတ်လိုက်သည်။

မောင်က လက်တွဲဖြုတ်သွားသည်။

မောင် လမ်းဖြတ်ကူးသွားတာကို ယွန်း လှမ်းမျှော်ကြည့်ကျန်ခဲ့သည်။

ခဏကြာတော့ မောင်က ဆိုင်လေးထဲမှ ပြန်ထွက်လာကာ သူ့လက်ထဲက စာချုပ်နှစ်စောင်ကို မြှောက်ပြလျက် ယွန်းကိုပြုံးပြရင်း လမ်းဖြတ်ကူးဖို့ ကားအရှင်းကို ရပ်စောင့်နေသည်။

ယွန်းက လမ်းဒီဘက်ခြမ်းကနေ မိနစ်ပိုင်းအတွင်း ယွန်းရဲ့ ခင်ပွန်းဖြစ်လာတော့မည့် ယွန်းရဲ့ သတို့သားလေးကို ပြုံးလျက် လှမ်းမျှော်ကြည့်နေမိသည်။

သိဂ်္ဂါရကလည်း လမ်းတစ်ဖက်ခြမ်းဆီက မိနစ်အနည်းငယ်အတွင်း ကိုယ့်ဇနီးဖြစ်လာတော့မည့် ကိုယ့်သတို့သမီးလေးကို လှမ်းမျှော်ကြည့်ရင်း ပီတိပြုံးလေး ပြုံးမိနေသည်။

ကားရှင်းစ ပြုပြီ။

မောင်က လမ်းအလယ် မျဉ်းဖြူဆီသို့ကူးလာနေ

www.burmeseclassic.com



သည်။ မောင် မျဉ်းဖြူနားရောက်လုချိန်မှာ ကားတွေ ဖြတ်သွားနေသေးတာမို့ မောင့်ကို မမြင်ရတော့ ...

ထိုအခိုက်မှာပဲ ...

"ကျွီ ..."

"ဒုန်း ..."

"ဟာ ..."

ဟူသော အသံတွေကို ဆက်တိုက်ကြားလိုက်ရသည်။

ဖြတ်သွားနေသည့် ကားတချို့ ရှင်းသွားချိန်တွင် ယွန်းမြင်ကွင်းထဲမှာ ရှင်းခနဲမြင်လိုက်ရတာက သွေးအိုင်ထဲမှာ လဲနေသော မောင့်ကိုပင် ဖြစ်လေသည်။

"မောင် ..."

♥ ♥ ♥





♠ ♠ ♠

"မောင် ... မောင် မဟုတ်ဘူး၊ ဒီလိုမဟုတ်ဘူး၊ မောင် မဟုတ်ဘူးလေ၊ မောင် ဒီလိုမဖြစ်ရဘူး၊ မောင်ဖြစ်ရမှာ မဟုတ်ဘူးလေ ..."

ယွန်းက မောင့်ကို ပွေ့ထားရင်း သွေးရူးသွေးတမ်း ...လုံးပထွေး အော်ဟစ်ငိုရှိုက်နေသည်။

မောင်က ယွန်းလက်တွေကို ခပ်တင်းတင်း ဆုပ်...ိုက်ရင်း ...

"ယွန်း ... မောင် ... မောင် လက်ထပ်ချင်တယ်"

"ဟင် ... မောင် ... မောင် လက်ထပ်ချင်လား၊ ဟုတ်တယ်၊ လက်ထပ်ရမှာပေါ့၊ ယွန်းတို့ လက်ထပ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ယွန်း … တရားသူကြီး သွားခေါ် …"

"အင် … ဟင် … ခေါ် … ခေါ်မှရမှာလား၊ ခေါ်ပေးမယ် ယွန်း သွားခေါ်ပေးမယ်၊ ခဏလေးနော် … မောင် ခဏ စောင့်နော်"

ယွန်းသည် မောင့်လက်တွေကို ဖြုတ်ချထားခဲ့ပြီး တရားရုံးပေါ် သွေးရူးသွေးတမ်း ပြေးတက်လာသည်။

ယွန်းက တရားသူကြီး၏ ဆင်နားရွက်တံခါးကို ဝုန်းခနဲ တွန်းဖွင့်ဝင်လာပြီး တရားသူကြီးရှေ့မှာ ဒူးတွေညွှတ်ခွေ ကျသွားရင်း …

"တရားသူကြီးမင်းရယ်၊ ခဏလေး … ခဏလေး လိုက်ခဲ့ ပေးပါ၊ ယွန်းတို့ လက်ထပ်မလို့ပါ၊ သေချာ တရားဝင် လက်ထပ်ချင်လို့ပါ"

ဟု ကယောင်ကတမ်း တောင်းပန်ရင်း လက်အုပ် ကလေးပင် ချီလေသည်။

ထို့နောက် ယွန်းသည် တရားသူကြီးနှင့်အတူ မောင့် နံဘေးသို့ အမြန်ဆုံး ပြန်ရောက်လာသည်။

ယွန်းတို့အဖြစ်ကိုမြင်တော့ တရားသူကြီးက မသက် မသာ သက်ပြင်းချလိုက်ရင်း ယွန်းတို့ နှစ်ယောက်ရှေ့မှာ ထိုင် လိုက်လေသည်။





"ယွန်း … မောင် အရင်လက်မှတ်ထိုးမယ်"

မောင်က သွေးတွေပေစွန်းနေသော လက်ဖြင့် လက် ထပ်စာချုပ်ပေါ်မှာ လက်မှတ်ရေးထိုးလိုက်သည်။ ယွန်းကလည်း တုန်ရင်နေသော လက်ကိုထိန်း၍ လက်မှတ်ထိုးရသည်။ ယွန်းရဲ့ မျက်ရည်တွေက လက်ထပ်စာချုပ်တွေပေါ်သို့ စီးကျနေသည်။ ယွန်း မရှိုက်ဘဲ ငိုနေခဲ့ပါသည်။

"ယွန်း … တစ်စောင် မောင့်ကိုပေးနော်၊ ယွန်းကို မောင် သိပ်ချစ်တယ်"

မောင့်မျက်ဝန်းတွေ ညင်သာစွာ မှေးမှိတ်သွားခဲ့ သည်။ မောင့် အသက်ရှူသံတွေ ဆိတ်သုဉ်းသွားခဲ့သည်။ မောင့် လက်ထဲမှာတော့ လက်ထပ်စာချုပ်လေးတစ်စောင် ရှိနေဆဲပင်။ ကျန်တစ်စောင်ကတော့ ယွန်းရဲ့ ပေါင်ပေါ်သို့ လျှောကျလာခဲ့ လေသည်။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

ယွန်းက နှင်းဆီပန်းတွေရဲ့ အောက်က မောင့်ရင်ဘတ်ပေါ်မှာ လက်ထပ်စာချုပ်လေး တစ်စောင် ထည့်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

မောင်ရေ...

ကံကြမ္မာကိုသာ ကြိုသိခဲ့ရင် "ငယ်ငယ်လေးနဲ့ သေမှာကြောက်တယ်" ဆိုတဲ့ မောင့်ကို 'သခါရ' လို့တောင် နောက်ပြောင်ခေါ်ခဲ့မိမှာ မဟုတ်ပါဘူး...

မောင် ခုလိုဖြစ်ရတာဟာ...

ယွန်းတို့ ပြုပြင်ဖန်တီးလို့ မရတဲ့ ကံကြမ္မာကြောင့်လား၊

ယွန်းက 'ခိုက်' တတ်လို့လား...

အကြားအမြင် ဆရာမ ပြောခဲ့သလို မောင်က သူ တစ်ပါးကို ကံကောင်းစေပေမယ့် မောင်ကိုယ်တိုင်က ကံမကောင်းနိုင်ခဲ့တာလား...။

ယွန်း ခုချိန်ထိ ရေရေရာရာ မသိနိုင်သေးပါဘူး။

နိုး နိုး ဇာ ဝေ

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သေသေချာချာ ပြောနိုင်တာတစ်ခုကတော့

သတို့သမီး ယွန်းရတီအတွက် ...

သိဂ်ါ ရှသည်သာ ထာဝရ သတို့သားဆိုတာပါပဲ။

❦ ❦ ❦



BURMESE CLASSIC .com



# သတို့သမီးရဲ့ ဒဏ္ဍာရီ

www.burmeseclassic.com

www.burmeseclassic.com



♠ ♠ ♠

"မမ ယွန်းရတီ ဧည့်သည် ရောက်ပါပြီ"

"ဩော် … အေး … အေး … လာပြီ"

သေတ္တာထဲက ပစ္စည်းလေးတွေ ထုတ်ကြည့်နေသော ဒေါ်ယွန်းရတီက ပစ္စည်းကို ခဏချထားခဲ့ပြီး ဧည့်ခန်းထဲသို့ ထွက်လာခဲ့ပါသည်။

ဧည့်ခန်းထဲမှာတော့ စိန်အကြွေထုပ် လာပြသော ဧည့်သည်အမျိုးသမီးတစ်ဦး ကြိုစောင့်နေခဲ့သည်။

ဒေါ်ယွန်းရတီက မိဘလက်ငုပ် ရတနာဆိုင်ကိုပဲ ဆက်လုပ်နေဖြစ်တာမို့ အထည်ခတ်ဖို့ စိန်တွေ မကြာခဏ ဝယ်တာတတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ယွန်းရတီ စိန်ရွေးနေဆဲ ဧည့်သည် အမျိုးသမီးက သူမကို အားကျသလိုကြည့်ရင်း...

"ဒေါ်ယွန်းရတီတို့လို အပျိုကြီးတွေပဲ အေးတယ်၊ စီးပွားရေးကို စိတ်ဖြောင့် လက်ဖြောင့် လုပ်နိုင်တယ်၊ ကျွန်မမှာတော့ အလုပ်က တစ်ဖက်၊ အိမ်ထောင့်တာဝန်က တစ်ဖက်နဲ့ အမြဲ ကသီလင်တ ဖြစ်နေရတာ"

အမျိုးသမီးရဲ့ စကားဆုံးတော့ ယွန်းက ပြုံးလိုက်ရင်း...

"ကျွန်မ အပျိုကြီးမဟုတ်ပါဘူးရှင်၊ ဟိုမှာ ကျွန်မ အမျိုးသားလေ၊ ဆုံးပါးသွားတာတော့ ကြာပါပြီ"

ယွန်းက နံရံမှာ ချိတ်ထားသည့် ဓာတ်ပုံကြီးဆီ လက်ညှိုးညွှန်ပြလိုက်သည်။

အမျိုးသမီးက တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ရယ်မောနေကြသည့် အသက်ဝင်လှသော မင်္ဂလာစုံတွဲပုံကြီးကို လှမ်းကြည့်ရင်း...

"ဟုတ်ပါရဲ့၊ ခုမှတွေ့တယ်၊ နှစ်ယောက်စလုံး ချောလိုက်တာနော်၊ အရမ်းကိုလိုက်ဖက်ညီတာပဲ"

ယွန်းက ပြုံးပြီး စိန်တွေ ဆက်ရွေးနေလိုက်သည်။





ထိုအမျိုးသမီး ပြန်သွားတော့မှ ယွန်းက အခန်းထဲသို့ ပြန်ဝင်လာခဲ့ရပါသည်။

ထို့နောက်...

စောစောက ထုတ်ကြည့်နေခဲ့သည့် ပန်းနုရောင် ဂါဝန်လေး၊ နှင်းဆီပွင့်ဖတ်ခြောက်ဘူး အသေးလေး၊ မြားနတ်မောင်ပုံ သော့ချိတ်ကလေးနှင့် သွေးစွန်းနေသော လက်ထပ်စာချုပ်လေး တစ်စောင်ကို သေတ္တာလေးထဲသို့ ညင်သာစွာ ပြန်ထည့်သိမ်းဆည်းလိုက်သည်။

ပုညခင်

21.7.2008

4:25 am



www.burmeseclassic.com